www.burmeseclassic.com

# မမသဒ္ဒါမောင်

ရင်တိုဝိုက် သေဂရူး

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ရွှေပဒေသာစာပေ
အမှတ် (၃၃) (မြေညီထပ်)၊ ကျိုက်တော်လမ်း၊
ပုဇွန်တောင်စာတိုက်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၃၈၄၉၂၇

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၃၊ ဇန်နဝါရီ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | - | ၁၆၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

မမသဒ္ဒါမောင် ၈၉၅.၈၃

ရင်ကိုစိုက်သောဆူး / မမသဒ္ဒါမောင်။ – ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၂ ။

၂၈၂ – စာ ၊ ၁၂.၃ × ၁၈ စင်တီ ။

(၁) ရင်ကိုစိုက်သောဆူး

25 DEC 2012

# မမသဒ္ဒါမောင်

# ရင်ကိုစိုက်သော ဆူး

www.burmeseclassic.com

www.burmeseclassic.com



## ကောင်လေး

'ကောင်လေး'....

- တည်ငြိမ်တဲ့ရင်ခွင်ကို
  ပျော်ရွှင်မှုတွေ ပေါင်းစပ်ပြီး
  အချစ်တစ်ခုကို ဖန်ဆင်းခဲ့တာလည်း မင်း....

- အရိပ်တကြည့်ကြည့်နဲ့
  လိုအပ်သမျှတွေ ဖြည့်ဆည်းပေးရင်း
  မျက်နှာတစ်ချက် မညှိုးသွားရအောင်
  အကြင်နာတွေနဲ့ ချစ်ပြခဲ့တာလည်း မင်း....

- ပြုံးပြုံးလေး နေလိုက်တိုင်း
  သဝန်တိုမှုတွေနဲ့
  စိုးရိမ်စိတ်တွေ လွှမ်းကဲပြီး
  ချုပ်ချယ်မှုတွေနဲ့ ချစ်ခဲ့တာလည်း မင်း....





- အရာရာကို ဂရုစိုက်ပြီး
  တစ်ခါတလေ စိတ်ဆိုးလိုက်မိတိုင်း
  ပြာယာခတ်အောင် ချော့ခဲ့တာလည်း မင်း....

- တစ်ခါတစ်ရံ မင်းစိတ်ဆိုးအောင်
  ဂရုမစိုက်ဘဲ နေခဲ့မိတဲ့ငါ့ကို
  အလျှော့ပေးမှုတွေနဲ့ ချစ်ခဲ့တာလည်း မင်း....

- အရာအားလုံးထက် ပိုပြီး
  ချစ်ပြတတ်ခဲ့တဲ့မင်းကို
  ငါ့ကိုယ်ငါထက် ပိုချစ်တယ် 'ကောင်လေး'...

- မင်းယုံနိုင်ပါ့မလား....
  မင်းနဲ့ဝေးဖို့ တွေးလိုက်တိုင်း
  မောဟိုက်လာတဲ့ ရင်ခုန်သံနဲ့
  နှလုံးသားလေး နွမ်းလျသွားတဲ့အထိ
  မင်းကိုချစ်တယ် 'ကောင်လေး'ရယ်....



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## အခန်း (၁)

မနက်စောစော ပဲပြုတ်ထဝယ်ကာ ထမင်းကြမ်းနှင့်အဖြူ ထည် ကြော်လိုက်ပါ၏။ အန်တီမေ မှာထားတာမို့ ပဲပြုတ်ဝယ် ကတည်းက ပိုဝယ်လိုက်ပြီး နံပြားနှစ်ချပ်ကို ဝယ်ထားပါသည်။ ပေါင်းအိုးဖြင့် ထမင်းနှစ်ဘူးထည့်ကာ ဂေါ်ဖီပန်းပွင့်ကို ကြက်ဥ ခေါက်ကာ ရောကြော်လိုက်၏။ မနေ့တုန်းကတည်းက ကြော်ထား သည့်ရှေ့ငါးကို ပဲငံပြာရည်ဖြင့် ကြက်သွန်နီအကွင်း ပါးပါးလှီးကာ ပြန်ကြော်လိုက်ပါသည်။ ခရမ်းချဉ်သီးငါးပိချက်ကို ရေတိသီးစိမ်း ရော၍ နံနံပင်အုပ်,ဆီကပ်ချက်ထားတာက မွှေးလိုက်တာမပြော ပါနှင့်။

“ဖေဖေ”

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရင်းခန်းကို အသံပြုလိုက်သော်ငြား လှုပ်ရှားသံ မရှိသေး။ မနက်(၇)နာရီထိုးနေတာတောင်မှ မထသေးဘူးလား။ ရုံးချိန်နီးနေပြီလေ၊ စတီးထမင်းချိုင့်ကို ဆပ်ပြာဖြင့် ဆေးချာနောက် ထပ်ဆေးကာ ဇကာဇန်းထဲ မှောက်ထည့်ပြီးနောက် ဘုရားခန်းမှာ ဝေယျာဝစ္စလုပ်ပြီး သောက်တော်ရေလဲ၊ ဆွမ်းတော်ကပ်၊ ဘုရားရှိခိုးရန်ပြင်ချိန်ထိ မွေးသဖခင်က မနိုးသေးပါချေ။

"ဖေဖေ၊ (၇)နာရီကျော်နေပြီနော်၊ ပြီးမှ ရုံးနောက်ကျပြီ မအော်နဲ့။ ရေချိုးဖို့လည်း ရေနွေးက အဆင်သင့်ဖြစ်နေပြီ။ သမီး ဘုရားရှိခိုးတော့မှာ"

"ထပြီ အမေရေ့. . . ထပြီ ညည်းပဲ ငါ့ကိုဆရာလုပ်၊ သိလား"

အခုမှ စိတ်ချလက်ချရှိပြီမို့ ဘုရားရှိခိုးသည့်အလုပ်ကို စိတ်ဖြောင့်ဖြောင့်လုပ်ဖြစ်လေတော့၏။ သူမ ဘုရားဝတ်ပြုပြီးတော့ အိမ်အောက်ရှိရေချိုးခန်းမှာ ဖေဖေက မျက်နှာသစ်၊ သွားတိုက်နေတုန်းလေ။ ကိုင်းပါသည့် ဒန်ဇလုံထဲသို့ ရေနွေးအိုးထဲမှရေကို လောင်းထည့်ကာ လေ့ကားသုံးထစ်ကို သတိဖြင့်ဆင်းလိုက်ရ၏။ တံခါးဖွင့်ထားသည့်ရေချိုးခန်းထဲရှိ စင်ပေါ်သို့တင်ကာ ရေစည်ထဲမှရေကို ရောထည့်၍ ခပ်နွေးနွေးဖြစ်စေပါသည်။





"မြန်မြန်နော် ဖေဖေ၊ တော်ကြာ အဆာပြေစားသွားဖို့ အချိန်မရဘဲဖြစ်နေဦးမယ်"

"အေးပါ သမီးရာ"

"ပြောလိုက်ရင် ခပ်အေးအေးပဲ၊ ပြီးမှ သွားကာနီးလာကာနီး သမီးရေ့၊ လုပ်ပါဦးလို့မပြောပါနဲ့"

"အေးပါဆိုနေမှပဲ"

အပေါ်သို့ပြန်တက်တော့ လက်ဖက်ခြောက်ဖြင့် ရေနွေးနှပ်ကာ ထမင်းကြော်ကို ပန်းကန်နှစ်ချပ်ထဲထည့်၏။ ကြက်သွန်နီနှင့် ရောကြော်ထားသည့် ငါးပိကြော်ပုလင်းထဲမှ ခပ်နည်းနည်းနှိုက်ကာ ပန်းကန်ပြားလေးထဲသို့ ဖွန်းတပ်၍ ထည့်လိုက်ပါသည်။

ပြီးနောက် ဒီနေ့ ဖေဖေဝတ်သွားရန်အတွက် အောက်ခံစွပ်ကျယ်ဖြူနှင့် အတွင်းခံဘောင်းဘီတို့၊ ရှပ်အင်္ကျီလက်ရှည်နှင့် ပုဆိုးကို လိုက်ဖက်စေရန်ရွေးကာ ကုတင်ထက် အသာတင်လိုက်၏။ ညအိပ်ထားသည့် ဖေဖေ့အိပ်ရာကိုလည်း သန့်ပြန့်သပ်ရပ်စေရန် တစ်ဆက်တည်းပြင်ထားလိုက်ပါသည်။

အပေါ်မှထပ်ဝတ်ရန် တိုက်ပုံကို မီးပူတိုက်နေစဉ် ဖေဖေ ရေချိုးပြီးချိန်နှင့် အံကိုက်ပင်မဟုတ်ပါလား။

"အအေးမိမယ်နော်၊ အင်္ကျီမြန်မြန်ဝတ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . မြမရှိတော့လို့ လွမ်းရတယ်မရှိဘူး။ မြသမီးက မြလိုထပ်တူပဲ မြရေ့"

တမ်းတမ်းတတ ရေရွတ်လိုက်တာမို့ ထမင်းချိုင့်ပြင်နေရင်း မျက်ရည်ဝဲသွားရပါ၏။ ဟုတ်ပါတယ်၊ မေမေဆုံးသွားတာ ဒီနှစ်နဲ့ဆို သုံးနှစ်ပြည့်ပြီလေ။ သူမ ဆယ်တန်းအောင်တဲ့နှစ်မှ နှလုံးရောဂါနဲ့ ရုတ်တရက်ဆုံးပါးခဲ့တာပါ။ အခု နောက်ဆုံးနှစ် ဖြေပြီးလို့ ဘွဲ့ယူရန်စောင့်ဆိုင်းနေချိန်မှာ မေမေ့ကိုသတိရနေတာ မပြောပါနဲ့တော့လေ။

"ကဲ! စားကြစို့ဟေ့"

ထမင်းဝိုင်းကိုရောက်ပြီမို့ ထမင်းကြော်နှင့်ဆီနည်းနည်း နှင့်လှိမ့်ပြီး လော်ရှယ်ပါ)ကို ကြွပ်နေအောင်ကြော်ထားသည်။ ဖွန်းတပ်ကာ အဆာ ပြေဝိုင်းကို ပြင်ဆင်လိုက်ပါသည်။ ရေနွေးကရားထဲမှ လက်ဖက် ခြောက် ကျနေပြီမို့ ဓာတ်ဘူးထဲမှရေနွေးအဖြူကို ရောလိုက်ပြီး ဖန်ခွက်ထဲငှဲ့ကာ ဖေဖေ့ရှေ့ အသာရွှေ့ပေးလိုက်. . .သည်။

"ဖေဖေ"

"ပြော"

"ဟိုလေ. . . သမီးအလုပ်ရှာမလို့"

"သမီးက ဘာလုပ်မှာလဲ"





"ဒီလိုပဲ ရှာရမှာပေါ့"

"ဘွဲ့တောင်မှ မရသေးတာ၊ ထောက်ခံစာလောက်လေး ရှိရုံနဲ့တော့ ဘာအလုပ်မှ မယ်မယ်ရရ ရလိမ့်မယ်မထင်နဲ့ သမီးရေ့။ ကုမ္ပဏီအလုပ်ဆိုတာ သင်တန်းဆင်းလက်မှတ်တွေ Certificate လက်မှတ်တွေ တစ်ပြုံကြီးနဲ့ ကျွမ်းကျင်မှုအနည်းဆုံး နှစ်နှစ်လောက်ရှိမှ ရတာမျိုး"

"သမီးက ကုမ္ပဏီဝင်မယ်လို့မပြောပါဘူး ဖေဖေရယ်"

"ဒါဖြင့် ဘယ်မှာလုပ်မလို့လဲ"

"ဒီလိုပဲ စတိုးဆိုင်လေးဘာလေးပေါ့"

"သြော်. . . အဲဒါမျိုးက အထက်တန်းလောက်ပညာပဲ တတ်တဲ့ကလေးတွေ လုပ်တာမျိုးကွယ့်။ ဖေဖေ့သမီးကို လူတကာ ဟောက်တဲ့နေရာမျိုးမှာတော့ မလုပ်စေချင်ပါဘူး။ ဖေဖေ့လစာနဲ့ တို့သားအဖ ဝဝလင်လင်စားနိုင်ပါတယ်သမီးရယ်။ အေးအေး လူလူ အိမ်ထဲမှာနေစမ်းပါ"

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိလေ၏။ ဘယ်လိုပဲ တိုင်ပင်တိုင်ပင် ဒီမှာပဲ ဂိတ်ဆုံးတော့တာလေ။ သူမမှာ ဒီလို ပညာရေးမတောက်တခေါက်ပဲရှိရုံနဲ့ အလုပ်မလုပ်ရတော့ဘူးလား။ မိဘ ကျေးဇူးကို ဆပ်ခွင့်မရှိတော့ဘူးလား။ မေမေမရှိတော့တာမို့ ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



ရစ်ခဲ့တဲ့ဖေဖေ့ကိုတော့ သားသမီးဝတ် (အနည်းငယ်မျှပဲဆိုဆို) ကျေပွန်ချင်တာပါလေ။

"သမီး"

"ရှင် . . . ဖေဖေ"

"ဘာကြောင့် အလုပ်လုပ်ချင်တာလဲ"

"လုပ်ချင်လို့ပေါ့ဖေဖေရယ်၊ အကြောင်းပြချက် ရှိရဦးမှာလား"

"ရှိတာပေါ့၊ ဥပမာ ငွေရှာချင်လို့ ငွေရှာရတဲ့အကြောင်းက သုံးချင်ဖြုန်းချင်လို့၊ လှချင်ပချင်လို့ စသဖြင့်"

"သမီးလည်း ဖေဖေ့ကို တစ်ပြန်တစ်လှည့် လုပ်ကျွေးခွင့်မျိုး ရချင်တာပါ"

"ငွေရှာပေးမှလား။ အခုလည်း သမီး, ဖေဖေ့ကိုချက်ပြုတ်ကျွေးမွေး လျှော်ဖွပ်ပြုစုပေးနေတာပဲမဟုတ်လား။ ဒါလည်း သားသမီးဝတ်ကျေတာပါပဲ သမီးရယ်"

"မျက်စိတစ်ဆုံး ကြည့်ကြည့်တာပါဖေဖေ၊ အခုပဲ ဖေဖေ့အသက် ငါးဆယ်နားနီးနေပြီ။ နောက်ထပ် ဘယ်နှနှစ်များ ဖေဖေလုပ်နိုင်မှာတဲ့လဲ၊ သူများတွေလို ကုမ္ပဏီပိုင်ရှင်ဆိုရင်တော့ ပြောစရာရှိတာမှမဟုတ်တာ။ ဖေဖေ့မန်နေဂျာအလုပ်နဲ့ သမီးတို့





တစ်သက်လုံးစားသွားလို့မရဘူးဖေဖေ။ ဖေဖေ့ဘက်က သမီးကို ပညာရေးဆုံးခန်းတိုင်အောင် ပညာအမွေပေးပြီးပြီ၊ မိဘဝတ်ကျေပြီးပြီဆိုရင် သမီးလည်း ဒီအရွယ်နဲ့အလုပ်လုပ်သင့်ပြီယူဆလို့ပါ"

ဖေဖေငြိမ်သက်သွားလေ၏။ လက်နှိတာနဲ့ သမီးဖြစ်သူရဲ့လက်ထဲ လခအပ်ရုံနဲ့ နေပျော်ခဲ့တဲ့ဖေဖေ့ကို ဦးနှောက်စားစေပြီလား။ ဘဝဆိုတာ လက်တွေ့ခန်းတစ်ခုဆိုရင် သူမတို့လူသားတွေအတွက် ကွင်းဆင်းလေ့လာသင်ယူစရာတွေ အများကြီး ရှိနေဦးမှာ အသေအချာပါလေ။

"ကောင်းပြီလေ၊ အဲဒါဆိုရင်တော့ သမီးကိုဘဝတက်လမ်းမရှိတဲ့ သာမန်အရောင်းစာရေးမလေးဘဝနဲ့တော့ မရောင့်ရဲစေချင်ဘူး"

". . ."

"သင်တန်းသုံးလေးခုလောက်တက်ဖို့ ရှာပါသမီး။ စာရင်းကိုင်၊ Computer၊ ဘာသာစကား၊ လုပ်ငန်းကျွမ်းကျင်နည်းပေးသင်တန်းမျိုး"

"အကုန်လျှောက်တက်ရင် ငွေကုန်မှာပေါ့ဖေဖေရဲ့"

"လေ့ကျင့်တက်သလိုမျိုး Step by Step ပေါ့သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

တော်ပါသေးရဲ့။ အခွင့်အရေးတစ်ခုတော့ ပေးပေလို့ပဲ။ နို့မို့ အိမ်တွင်းပုန်းဘဝနဲ့ပဲ ဆက်နေထိုင်နေရဦးမှာလေ။ အရင်ကဆို တိုင်ပင်ဖော်တိုင်ပင်ဖက် မေမေရှိခဲ့ပေမယ့် အခုဆို ဖေဖေက သူမအပေါ်မှာ နွေးနွေးထွေးထွေးရှိသလို ဘာမဆိုပွင့်လင်းတာမို့ တော်သေးတာပေါ့လေ။

"တစ်ခုတော့ ရှိတယ်နော်"

"ဘာကိုလဲ ဖေဖေ"

"သမီး ဝင်လုပ်မယ်ဆိုတဲ့ကုမ္ပဏီက သူရတို့ကုမ္ပဏီမဟုတ်ဘူး မဟုတ်လား"

"ဟင်! ဘာလို့လဲဖေဖေရဲ့"

ဘယ်လိုပါလိမ့်။ ငယ်စဉ်ကတည်းက အတူဆော့ခဲ့တဲ့ (သူမထက် နှစ်လခန့်ငယ်သည့်) သူရကိုမှ ဘာဖြစ်လို့ မကျေနပ်တာပါလိမ့်နော်။ မေမေနဲ့အန်တီမေကာ ငယ်သူငယ်ချင်းပဲမဟုတ်လား။ မေမေရှိစဉ်တုန်းကတော့ ခြံထဲမှာ အန်တီမေနဲ့ အမြဲတမ်းစကားပြောခဲ့တာ ကြာပြီလေ။

"အရှည်ကြီးမြင်ရမှာပေါ့ သမီးရယ်"

"သူရက ဘာဖြစ်လို့လဲဖေဖေရယ်"





"သူရတို့က ချမ်းသာတဲ့မိသားစုမဟုတ်လား။ ဖေဖေတို့က လူလတ်တန်းစားဆိုတာကို သမီးသိတယ်လေ"

"အန်တီမေနဲ့ဦးဦးက လူတန်းစားမခွဲခြားပါဘူးဖေဖေ။ မေမေမရှိတော့ပေမယ့် သမီးကို အခုအချိန်ထိ နွေးထွေးနေတုန်းပဲ"

ဖေဖေသက်ပြင်းချလေ၏။ ဖေဖေမနှစ်သက်တာမှန်သမျှကို ဒီနေ့အထိ မလုပ်ခဲ့ပါ။ အခုမှ ဘာလို့တားမြစ်နေတာပါလိမ့်။ စဉ်းစားလို့မရပါဘူး။ ဘာကြောင့်များလဲဖေဖေရယ်။

"လူ့စိတ်ဆိုတာ အမြဲတမ်းငြိမ်သက်နေတာမဟုတ်ဘူးသမီး၊ လူတောထဲမဝင်ဖူးလို့ သမီးဘာမှမသိဘူးလေ။ မကောင်းတတ်လို့ ပြုံးပြတာကို သမီးသိရမှာပေါ့"

"ဖေဖေရယ်၊ မေမေနဲ့အန်တီမေကာ ငယ်သူငယ်ချင်းပါ၊ သူရနဲ့သမီးလည်း ငယ်သူငယ်ချင်းပါပဲ"

"ဟုတ်ပါတယ်၊ သမီးတို့က ကလေးတွေလေ။ အခု အရွယ်ရောက်ပြီမဟုတ်လား"

"အင်း"

"အေးလေ၊ သမီးအရွယ်ရောက်နေသလို သူရလည်း ဒီအရွယ်ရောက်ရင် ဘာဖြစ်လဲသိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

နားမလည်ပါချေ။ ဖေဖေ ဘာကိုဆိုလိုပါသလဲ။ အရွယ်ရောက်နေတဲ့သမီးက အခုအသက် (၂၀)ကျော်တောင်မှ ရှိနေတာလေ။ ဘာကိုရည်ရွယ်ပြချင်တာပါလိမ့်။

"ဆင်းစီးမြင့်ရဲ့ဆိုတဲ့စကားပုံကို သမီးသိတယ်မဟုတ်လား"

"ဟုတ်"

"အေး. . . သူရကို သူ့မိဘတွေက ချမ်းသာတဲ့အမျိုးတူနဲ့ပဲ သဘောတူမှာ အသေအချာပဲသမီး"

"ရှင်!"

"အဲဒီတော့ ဟိုးအရင်တုန်းက သူရတို့အိမ်ကို ဝင်ထွက်သွားလာတာမျိုးကို မလုပ်သင့်တော့ဘူး။ သမီးဘက်က အစစအရာရာ ဆင်ခြင်သင့်ပြီလို့ပြောနေတာ"

အလို! ဖေဖေက သူရနဲ့သမီးကို ဘာညာဘာညာထင်နေပြီလား။ ခုချိန်ထိ သူမတို့က တကယ့်ကို အဖြူစင်ဆုံး ပေါင်းနေကြတဲ့သူငယ်ချင်းအရင်းကြီးပါလေ။

"သူရနဲ့သမီးက ဖြူစင်ကြပါတယ်ဖေဖေ။ ဖေဖေထင်သလိုမဟုတ်ပါဘူး"





"အေးပါ. . . ဖေဖေသိပါတယ်၊ မီးဆိုတာ မလောင်ခင်ကြိုတင်တားရတာ သမီးသိပါတယ်။ ဒီတော့ သူတို့အမြင်မစောင်းခင် ကိုယ့်ဘက်က ကြိုကြိုတင်တင်လေး ပြင်ဆင်တာ အကောင်းဆုံးပဲပေါ့။ ဖေဖေပြောတာ နားလည်ရဲ့လား"

"ဟုတ်ကဲ့ပါ ဖေဖေ"

ခေါင်းထဲကို အမှိုက်တွေ ထည့်လိုက်သလို ဖြစ်သွားပြီလား။ နံနက်စောစော ကြည်လင်နေပါလျက် နောက်ကျိသွားရပြီလေ။ ဖေဖေအလုပ်သွားတာကို ခြံဝသံဇကာတံခါးလေး ဖွင့်ပေးတဲ့အထိ လိုက်ပို့ရင်း သက်ပြင်းတွေ အခါခါချနေမိလေ၏။ အိုလေ. . . သူမကို ဖေဖေ ဘာကြောင့် ကြိုတင်တားနေရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ရေချိုးခန်းထဲက သူထွက်တော့ မနက် (၈)နာရီကျော်နေချေပြီ။ ရေသုတ်နေရင်း အခန်းပြတင်းပေါက်ကို ဖွင့်လိုက်မိ၏။ တစ်ဖက်ခြံထဲမှ ရေနံ့ဝနေသည့် သစ်သားတစ်ထပ်အိမ်လေးက တိတ်ဆိတ်ငြိမ်သက်နေလေသည်။ သူတို့ခြံထဲမှကုက္ကိုလ်ပင်ကြီးက တစ်ဖက်ခြံထဲကို ကိုင်းတွေထိုးကျနေသကဲ့သို့ ဟိုဘက်ခြံထဲမှ မာလကာပင်ကိုင်းကလည်း သူတို့ခြံအုတ်တံတိုင်းထက်မှ ထိုးကျနေတာပင်။

ငယ်ငယ်တုန်းက နှစ်ယောက်သား မာလကာပင်ပေါ်တက်ဆော့စဉ်က အရိုက်ခံခဲ့ရတာကိုတွေးမိစဉ် လှစ်ခနဲပြုံးမိလေ၏။ 'မိဒါ'ဘာတွေလုပ်နေပါလိမ့်။ အန်တီမြ (ဒေါ်မြမြစိမ်း) က



www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူကို ငြိမ့်ငြိမ့်သက်သက် သိမ်သိမ်မွေ့မွေ့လေး ဆော့စေချင်သော်ငြား မိဒါကဖြင့် သူနဲ့ပေါင်းပြီး ဘောလုံးကန်လိုကန် ဂျင်ပေါက်လိုပေါက်၊ ဂေါ်လီရိုက်လိုရိုက်၊ သစ်ပင်တက်လိုတက်ဖြင့် ယောကျ်ားလေးတစ်ပိုင်းဖြစ်ခဲ့ရတာ အမှန်ပါလေ။

''ဒေါက်! ဒေါက်! ''

"သား. . . မြတ်သူရ"

"ဗျာ! ဖေဖေ"

"မင်းအမေက မြန်မြန်လုပ်တဲ့ဟေ့"

"ပြီးပါပြီဖေဖေ၊ တအောင့်နေ ဆင်းတော့မှာပါ"

"အေးအေး"

အောက်ထပ်ဆင်းခါနီး ဖေဖေက တံခါးခေါက်ကာ သတိပေးပုံက်တာမို့ သူအသံပေးလိုက်ရပါ၏။ တစ်အိမ်စီမှ တစ်ဦးတည်းသောသားနဲ့သမီးမို့ တခြားသူငယ်ချင်းမရှိသလို သူနဲ့မိဒါက တွဲဖက်သူငယ်ချင်းဖြစ်နေခဲ့တာလေ။ မိဒါက ငယ်စဉ်ကတည်းက ဆံပင်အတိုကပ်လေး ထားခဲ့ပေမယ့် အခုတော့ ဆံပင်ရှည်ကျောလယ်ဖြောင့်စင်းကာ နဖူးထက် ဆံပင်မထားဘဲ ဘေးခွဲထားတာပါ။

ရွက်ကြမ်းရေကျို့မိန်းကလေးမို့ ယောကျ်ားလေးတွေ





ခနောင့်ယှက်လို့လား။ ဒါမှမဟုတ် သူမန့်ဘေးမှာ သူအမြဲရှိနေလို့များလား။ ဘယ်ကောင်လေးကမှ မိဒါကို ရည်းစားစာလိုက်မပေးခဲ့သလို ချစ်စကားလိုက်မပြောခဲ့ပါလေ။ သူက အသားဖြူမွှေးပြီး မိဒါကတော့ အသားညိုညိုလေးပါ။ အလှပြင်စရာမလုပ်ဘဲ သနပ်ခါးဘဲကြား (မညီမညာ)လိမ်းတဲ့မိန်းကလေးကို ဘယ်သူမှ မချစ်သေးတာ အမှန်ပါပဲ။

တက္ကသိုလ်တက်ရပြန်တော့လည်း ထိုင်ခုံအတူထိုင်ရသည့် မေဂျာတူကိုသာ အတူတက်ခဲ့တာပါ။ သူတို့ကို စုံတွဲလို့ပဲ ထင်ကြတာထင်ပါရဲ့။ သုံးနှစ်တာကာလကို ခပ်မြန်မြန်ကုန်လွန်ခဲ့ရစဉ်တစ်လျှောက် ငယ်ငယ်တုန်းကလို ဘောလုံးမကန်ဖြစ်တော့ပါလေ။ သို့သော် သူတို့တိုက်ရှေ့က မြက်ခင်းဘေးကွက်လပ်မှာ ဘောလီဘောရိုက်တာမို့ အားကစားလုပ်စရာမလိုပါဘဲ သူရော မိဒါပါ ကိုယ်ခန္ဓာကျစ်ကျစ်လစ်လစ် ရှိခဲ့တာပါ။

Volleyball ရိုက်လေ့ရှိတဲ့မိဒါရဲ့လက်ဝါးက အများတကာ မိန်းကလေးတွေလို နူးညံ့ချောမွေ့မရှိဘဲ ကြမ်းနေသလို လက်သည်းရှည်မထားခဲ့ပါချေ။ သူသိရသလောက် မိဒါဟာ နှုတ်ခမ်းမဆိုး၊ မျက်ခုံးမဆွဲ၊ မျက်ခွံမခြယ်၊ မိတ်ကပ်မဖို့တဲ့ ရွက်ကြမ်းရေကျို့ အသားညို သာမန်မိန်းကလေးတစ်ယောက်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီမေ"

အိမ်ဘေးခြံတံခါးအသေးလေးနားမှ အသံလှမ်းပြုလိုက်တာမို့ သူငှဲ့ကြည့်လိုက်မိ၏။ အချိန်ကိုမှန်နေတာပါပဲလား။ လက်ထဲမှာ ကြွေရည်သုတ်ထမင်းအုပ်ကလေးကို ကိုင်လာတာမို့ ဒါ သူ့အတွက် Breakfast စားစရာ ယူလာပို့တာပါလေ။

အဲဒါမို့ ချစ်ရတဲ့သူငယ်ချင်းပါပဲလားနော်။ အဝတ်အစားမဝတ်သေးဘဲ စွပ်ကျယ်ဖြူကိုသာ အမြန်ကောက်စွပ်၍ ပုဆိုးတိုတိုဝတ်လျက် အပေါ်ထပ်မှ ခပ်သွက်သွက်ဆင်းလာတော့ ထမင်းစားခန်းထဲမှာ မေမေနှင့်စကားပြောသံ ကြားရလေ၏။ ကြည့်ရတာ ဖေဖေတော့ သွားနှင့်ပြီထင်ပါရဲ့။

"သူရအတွက် သမီးပြင်ခဲ့ပါ့မယ် အန်တီမေ"

"အို! နေပါဦးသမီးရဲ့၊ ခါတိုင်းလို အန်တီ့မေနဲ့ဝိုင်းကူမလုပ်ပေးချင်တော့လို့လား"

"မဟုတ်ပါဘူး အန်တီမေ၊ မကြူလည်း ရှိနေတာမို့လို့ပါ"

"ဪ. . . မကြူကိုနိုင်းရင် ဘယ်နှခါများ အဆင်ပြေလို့လဲ သမီးရယ်။ ဒီအိမ်မှာ သမီးဝိုင်းကူမချက်ပေးတဲ့ဟင်းလျာများ ဘယ့်နှမျိုးရှိလို့လဲ။ ပြောပါဦး"





'အင်း'ဟူသည့် ညည်းလိုက်သံက တယ်အားမပါလှ။ ကြည့်စမ်း! ဒီကောင်တော့ သူ့ကိုမမြင်ဘဲ ဘာလို့အိမ်ပြန်ချင်တာပါလိမ့်။ တွေ့ကြသေးတာပေါ့ မိဒါရယ်။

"မိဒါ"

"အာ. . . လန့်လိုက်တာ"

"ဘာတွေတွေးနေလို့ လန့်ရတာလဲဟ။ ထူးထူးဆန်းဆန်းပါလား"

"ဟိုလေ၊ နင်စားဖို့ ငါ ပဲပြုတ်ဆီဆမ်းနဲ့နံပြား လာပို့ပေးတာ သူရရဲ့"

"အဲဒီတော့"

"ပြန်တော့မလို့လေ"

"အံမာ!. . . ဒီလိုလစ်ပြေးလို့ ရမလား"

စားပွဲထက်မှာ နံပြားသုံးမြောင့်ပုံလေး စီထားသည့်ပန်းကန်နှင့် ကြွေပန်းကန်လုံးထဲမှာ ဆီဆမ်းထားသည့်ပဲပြုတ်တွေမှာ စတီးဇွန်းတပ်ထားတာ စားဖို့ Ready ပါပဲ။ မာမီဖျော်ပေးထားသည့်ကော်ဖီကို ခွက်ထဲငှဲ့ဖို့သာ ကျန်တော့တာလေ။

"ငါသွားစရာရှိလို့ပါ သူရရဲ့"

"ဘယ်သွားမှာမို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲရှိတာပေါ့"

"အံမာ! ငါ့ကိုများ မလိမ့်တပတ် ဒိုင်လျှိုမလုပ်ချင်စမ်းပါနဲ့ မိဒါရာ။ နင်သွားစရာဆိုလို့ ဈေးနဲ့အိမ်ပဲရှိတာ၊ ဘယ်ကိုသွားမှာလဲ. . . ပြော"

ကြည့်စမ်း! မျက်နှာက ခပ်မှုံမှုံဖြစ်သွားတာပါလား။ ဒင်းတော့ သူမသိအောင် ဘာများခြေရှုပ်နေပါလိမ့်နော်။ သူမခြံထဲမှာ လုပ်စရာပြီးရင် သူတို့အိမ်ကို လာလုပ်တတ်တာမို့ မိဒါဟာ ဒီအိမ်နဲ့ဟိုဘက်အိမ်ပဲ လည်စရာပဲရှိတာလေ။

"အန်တီမေ"

"ပြော. . . သမီးရယ်"

"ဒီမှာ အန်တီမေ့သားက သမီးကို အတင်းလိုက်ကျပ်နေတာ မြင်တယ်မဟုတ်လား"

"အောင်မယ်! ငါက မေးရိုးမေးစဉ်မေးလိုက်တာ ဘာမှမဆန်းဘူး။ နင်ကသာ ငါ့အိမ်ကနေ အမြန်ပြန်ချင်တာ ထူးဆန်းတာလေ"

"သူများတကာ မပြောချင်တာကို နင်မမေးနဲ့ပေါ့ဟဲ့"

"နင်က ဘာသူများတကာလဲ၊ ဒီလူနဲ့ဒီလူ ဘာဖုံးကွယ်ထားစရာများ ရှိလို့တုန်း။ ဘာလဲ. . . နင် ရည်းစားရနေပြီလား"





"ကြုံကြုံဖန်ဖန်"

"မဟုတ်ရင် ပြောရဲရမှာပေါ့"

တွေ့လား. . . ဟုတ်ကိုမဟုတ်သေးပါဘူး။ သူ့မျက်နှာကိုတောင် စေ့စေ့မကြည့်ဘဲ မျက်လွှာချငြိမ်သက်နေပုံကိုက ဆန်းနေတာလေ။ သူ့ရင်ထဲ ဒိတ်ခနဲခုန်သွားရပါ၏။ မိဒါ, နင်တော့ ငါ့ကိုအသိမပေးဘဲ ရည်းစားထားလိုက်ကတော့ သေပြီမှတ်!

"ဟုတ်သားပဲ သမီးရယ်"

"အခု ငါဝတ်သွားဖို့အင်္ကျီကို မီးပူမတိုက်ပေးချင်လို့လား"

"မဟုတ်ပါဘူး"

"ဟိုနေ့ကနဲ့ မနေ့ကဝတ်ထားတဲ့ အင်္ကျီဖြူနှစ်ထည်နဲ့ စွပ်ကျယ်တွေရော မလျှော်ရသေးဘူး။ မကြုံလျှော်ရင် မစင်ဘူးဆို၊ အင်္ကျီအဖြူကို မဲနယ်ဆိုးမှ နင်ကြိုက်တာဆို။ ဘာလဲ, အိမ်ဖော်လို ငါ့အလုပ်တွေလုပ်ရတာ မကျေနပ်ဘူးပေါ့လေ။ ဟုတ်လား"

"ဟယ်! မဟုတ်ပါဘူး၊ သူရကလည်း"

. . .ပါတယ်၊ သူက အဖြူရောင်ကို အနှစ်သက်ဆုံးဖြစ်ပြီး အဝတ်လျှော်စက်ထဲ ထည့်လျှော်တာကိုလည်း မနှစ်သက်ပါလေ။ မိဒါရဲ့အဖေကလည်း ရုပ်အင်္ကျီအဖြူရောင်ဝတ်တာမို့ မိဒါ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်လျှော်ဖွပ်ပြီး မဲနယ်အပြာရောင်ဖျော့ဖျော့လေး ဆိုးပေးတာမို့ ဖြူဖွေးလိုက်တာမပြောပါနဲ့။

သူ့အင်္ကျီတခြားအရောင်က ကိစ္စမရှိ။ အဖြူရောင်က နည်းနည်းဝါညစ်ညစ်အရောင်ကို မိဒါမြင်ပြီး မနှစ်သက်တာမို့ သူ့အင်္ကျီတွေကို သူမကိုယ်တိုင်လျှော်ဖွပ်ပြီး မဲနယ်ဆိုးပေးတာ အထက်တန်းနှစ်ကတည်းကပါပဲ။ အခုမှ ဒီကောင် ဘာအချိုးပြောင်းရတာပါလိမ့်…

"ဒါဖြင့် ငါမေးတာကို ဖြေမှပေါ့"

"သင်တန်းသွားစုံစမ်းမလို့"

"ဘာသင်တန်းလဲသမီး။ အချက်အပြုတ်ရော၊ အချုပ်အလုပ်ရော၊ ဇာထိုးပန်းထိုးတွေပါ တတ်ပြီးနေပြီဟာ။ ဘာသင်တန်းတက်မလို့လဲ"

"အလုပ်ဝင်ရင် အဆင်သင့်ဖြစ်အောင် တက်ရမှာမို့ပါ အန်တီ"

"ဘာ! အလုပ်ဝင်မလို့. . . ဟုတ်လား"

"အင်း"

"အိမ်အလုပ်တွေနဲ့ မအားတဲ့လူက ဘာအလုပ်ကိုများ ထွက်လုပ်ချင်ရတာလဲ"





"ငါက တစ်သက်လုံး အိမ်တွင်းပုန်းဘဝနဲ့ပဲ နေရမှာလား သူရရဲ့"

"အေးလေ. . . အချိန်တန် ယောကျ်ားယူ၊ အနည်းဆုံး ကလေးနှစ်ယောက်မွေး၊ အိမ်ထောင်ထိန်းသိမ်းဖို့ပဲ နင်လုပ်ရမှာလေ"

"ကြည့်စမ်း! နင်နော်. . . ငါ့ကို"

"အပြင်အလုပ်က ဘာတွေများလုပ်ချင်လို့လဲသမီးရယ်။ သမီးရဲ့ဦးဦးကုမ္ပဏီမှာ ဝင်လုပ်လို့ရတာပဲ။ သားနဲ့အတူတူ အလုပ်ဆင်းလို့ရတယ်လေ။ မဟုတ်ဘူးလား"

ဟောကြည့်! မျက်နှာက နွမ်းကျသွားပြန်ချေပြီ။ ဟုတ်နေပါပြီ၊ မိဒါဆီမှာ လျှို့ဝှက်ချက်တစ်ခုခု ရှိနေပြီထင်ပါရဲ့။ ကော်ဖီပိုင်းမှာ စားသောက်နေရင်းမှ သူမလက်ကောက်ဝတ်ကို ဆတ်ခနဲကိုင်၍ အလယ်ခန်းသို့ ဆွဲခေါ်ခဲ့ပါ၏။

"အာ. . . ဘာလုပ်တာလဲ"

"ငါ့ကိုပွင့်ပွင့်လင်းလင်းပြောစမ်း။ နင် မြူစိစိမလုပ်နဲ့ မိဒါ"

"ငါက ဘာဖုံးကွယ်ထားလို့လဲ"

"ဒီလောက်မျက်စိမျက်နှာပျက်ဖြစ်နေတာ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုရှိနေလို့ပေါ့''

''မရှိပါဘူး သူရရယ်၊ သင်တန်းလေးတက်မယ် ပြောမိပါတယ်၊ လူကို သံသယကြီးနဲ့ တရားခံလိုထင်နေရတယ်လို့''

''အေးလေ၊ မေမေ ခုနပြောတယ်မဟုတ်လား။ ဘယ်လိုသင်တန်းတွေ တက်ချင်လဲ။ ပြော''

''စုံစမ်းမှာပေါ့''

''စုံစမ်းဖို့မလိုပါဘူး။ ငါတက်ခဲ့ဖူးတဲ့သင်တန်းတွေမှာပဲ စာရင်းသွင်းပေးလိုက်ရင် လွယ်လွယ်လေး. . . တက်စမ်းပါလေ့''

မျက်နှာလွှဲသွားပြန်ချေ၏။ ဟုတ်တယ်. . . ခါတိုင်းနဲ့မတူဘဲ မိဒါမျက်နှာမကောင်းတာ အသေအချာပါလေ။ ဘာဖြစ်လို့ပါလဲ၊ စီးပွားရေးလည်း သိပ်အကျပ်အတည်းကြီးမဟုတ်ပါဘဲ မိဒါဆီမှာ ဘာများစိတ်ညစ်စရာရှိနေပါလိမ့်။ သူတို့နှစ်ယောက်က ကျောချင်းကပ်တဲ့အမြွှာတွေလို ချစ်ခင်ကြတဲ့သူငယ်ချင်းတွေ မဟုတ်ပါလား။ သူမသိရလေအောင် မိဒါ ဘာကြောင့်ဖုံးကွယ်ချင်ရတာပါလိမ့်။

''ပြောလေ''

''အင်းပါ''

''ဒါဖြင့် ငါ Phone နဲ့ လှမ်းမေးပေးထားမယ်။ တက်





ရမယ့်နေ့ကျ ငါကိုယ်တိုင်လိုက်ပို့ပေးမယ်။ ဟုတ်ပြီလား''

''နင်ဖြင့် မအားဘဲနဲ့''

''လျှာမရှည်ပါနဲ့ ငါ့အလုပ် ငါသိတယ်။ ကဲ! ဘယ်လိုလဲ၊ ငါ ဒီပုံစံအတိုင်း ကုမ္ပဏီသွားလိုက်ရမလား''

''နေပါဦး. . . ငါမီးပူတိုက်ပေးပါ့မယ်ဟဲ့၊ တကတည်း''

သူ့ဗီရိုထဲမှ ဝတ်စုံတစ်စုံကို ထုတ်ဝင်ယူ၍ မီးပူတိုက်နေသည့်မိဒါကို သူကြည့်နေမိလေ၏။ တော်လိုက်တာ၊ သူ့အနားမှာ သူ့ကိုအလိုက်တသိ အဖော်လုပ်ပေးတဲ့ ဒီကောင်မလေး ရှိနေတာကိုက ကံကောင်းစေတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

စိတ်ကြီးရယ် ရှုပ်ရပါ့။ ဖေဖေက သူတို့မိသားစုနဲ့ ခပ်ကင်းကင်းနေစေချင်ပါတယ်ဆိုမှ အခက်ပါပဲ။ သူမကလည်း သူမဘာမှမလျှို့ဝှက်သလို နှုတ်မလုံတဲ့ကောင်မလေးမို့ အကုန်လုံးသိသွားပြီလေ။ အခုတော့ သင်တန်းစုံစမ်းပြီး လိုက်တောင် အပ်ပေးမတဲ့။ ကောင်းရော. . .

"သမီး"

"ရှင်"

"ဘာတွေစဉ်းစားနေတာလဲ၊ ပဲကြီးစေ့အခွံချွတ်နေတာ အခွံထဲ အစေ့တွေထည့်နေပြီ"

"ဟုတ်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်တွေ ဘယ်ရောက်နေတာလဲ"

နှာခေါင်းလေး ရှုံ့သွားမိ၏။ ငါနော်, ဘယ်လိုဖြစ်နေတာပါလိမ့်။ ဒီနေ့ရုံးပိတ်ရက်မို့ ညနေမှာ ပဲကြီးဟင်းချိုချက် ဆူးပုပ်ရွက်အုပ်ပြီး သဲခြောက်လေးကို ရေတ်သီးမှုန့်လေးစိတ်ခွဲအကြမ်းထောင်းပြီး ကြော်ဖို့စဉ်းစားနေတာက သူ့ရကိုတွေးမိနေတာပါ။

"သင်တန်းတက်ဖို့ စဉ်းစားမိလို့ပါဖေဖေ"

"စုံစမ်းပြီးပြီလား"

"ဟုတ်"

"ဒါဆို သမီးကိုသိမ်းခိုင်းထားတဲ့ငွေထဲကနေထုတ်ပြီး အပ်လိုက်လေ"

"ဟုတ်ကဲ့ပါဖေဖေ"

"အင်း. . . သုံးလေးမျိုးလောက်တက်ရင်တော့ လက ခြောက်လကျော်မှာအမှန်ပဲ"

ငြိုးခြံချွေတာတဲ့သားအဖမို့ သူမတို့က အပိုအလိုငွေ မကုန်ပါလေ။ အရွယ်ရောက်ပေမယ့် သူမက ခေတ်မီတဲ့ လန်းလန်းထတဲ့မိန်းကလေးမဟုတ်ပါ။ ခေတ်ပေါ်ဝတ်စုံတွေ အလှပြင်ပစ္စည်းတွေကို သောင်းကျော်သိန်းကျော်ဝယ်သုံးဖို့ထက် လစဉ်ကုန်တာက သနပ်ခါးတုံးပါပဲ။





ပိတ်စတစ်ကိုက် သောင်းကျော်အကောင်းစားတွေထက် ပိတ်သားအေးအေးလေး ထောင်ကျော်ကိုသာဝယ်ပြီး မရိုးမဆန်း Blouse အင်္ကျီလေးတွေကို ကိုယ်တိုင်ချုပ်ပြီး ဝတ်တာမို့ ငွေအများကြီးမကုန်ပါလေ။ မေမေရှိတုန်းကလည်း သမီးကိုတာလိုချင်သလဲဆိုပြီး ဈေးထဲက အလှကုန်ဆိုင်၊ အင်္ကျီဆိုင်၊ ဖိနပ်ဆိုင်တွေကို ခေါ်ခဲ့သော်ငြား ဘဝအခြေအနေကိုနားလည်သည့် ယွန်းသဒ္ဒါက ဖြင့် ခေါင်းခါလေ့ရှိခဲ့စမြဲ။

ထို့ကြောင့်ပင် အန်တီမေက 'ဒီလိုသမီးမျိုးပဲ လိုချင်လှချည်ရဲ့'ဟု မကြာခဏရေရွတ်ခဲ့တာဖြစ်မည်ပင်။

"မဒါရေ"

"ဟော! ဟိုဘက်ခြံက လှမ်းခေါ်နေပြီသမီး။ အဲဒီအိမ်ကို ဝင်ထွက်နေတုန်းပဲလား"

"ခါတိုင်းလိုတော့ မသွားပါဘူးဖေဖေ။ အန်တီမေ လှမ်းခေါ်ရင်တော့ သမီးသွားပါတယ်"

"အေး. . . အခုခေါ်နေတာဆိုတော့ သွားလိုက်ဦး"

"ဟုတ်ကဲ့"

လုပ်လက်စအလုပ်ကို ချထားခဲ့ကာ အိမ်ဘေးသို့ဆင်းခဲ့ပါ၏။ မကြူက ခြံဘေးပေါက်မှာ သူမကိုရပ်စောင့်နေတာပင်။



www.burmeseclassic.com

www.burmeseclassic.com



“ဘာလဲ မကြူ”

“အစ်ကိုလေးက ခဏလာခဲ့ပါတဲ့”

ဒုက္ခပါပဲ။ အိမ်မှာ ဖေဖေရှိတုန်း လူကိုအခေါ်လွှတ်ရတယ်လို့။ အဲဒီသူရဟာလေ. . . အလိုက်ကို မသိပါလားနော်။

“ဘာလုပ်ဖို့လဲ မကြူ။ ကျွန်မ ညနေစာချက်ဖို့ လုပ်နေတာ”

“အဲဒါတော့ မကြူလည်းမသိဘူး မဒါရဲ့။ အစ်ကိုလေးက သွားခေါ်ခဲ့ဆိုလို့ လာခေါ်ရတာ”

“နောက်မှလာလို့မရဘူးလား”

“အခုလာတဲ့”

ကဲ! မကြူတို့က အဲဒီလိုလေ။ ပြောလိုက်ရင် အတိအကျကို လုပ်တော့တာပါပဲ။ အမေပေးတဲ့ဆန်တစ်ခွဲ ရွှေပေးတောင် မလဲဆိုတဲ့အစားထဲကမျိုးပါလေ။

စိတ်ရှုပ်ပါ့ သူရရယ်. . .

ခြံတံခါးဂလန့်ကိုဖြုတ်ကာ မကြူနှင့်လိုက်ခဲ့၏။ ခါတိုင်းလို အိမ်နောက်ပေါက်မှ မဝင်ဖြစ်ဘဲ တိုက်ဘေးမှပတ်ကာ ရှေ့ပေါက်မှလာခဲ့ဖြစ်လေသည်။ ဘသားချောက ဧည့်ခန်းမှာ အဆင်သင့်ပင် ထိုင်စောင့်နေတာပါလား။





“ဘာလဲ သူရရဲ့”

“ထိုင်”

“ငါ ထမင်းချက်ရတော့မှာ”

“ဒီလောက်နေ့တိုင်းစားနေရတာ မမုန်းနိုင်ဘူးလား”

ကြည့်! ကပ်ဖိုးကပ်ဖဲ့ပြောပြန်ချေပြီ။ စားပွဲထက် ချထားသည့် မီးခိုးရောင် File ထဲမှစာရွက်တွေကို တစ်ရွက်ပြီးတစ်ရွက် ထုတ်နေပြန်၏။ ဒါက ဘာတွေပါလိမ့်။

“ဒါက ကွန်ပျူတာသင်တန်းဝင်ခွင့် Form. နင်ကြိုးစားရင်ကြိုးစားသလို Level တိုးတက်ရမှာပဲ”

“ဟင်! FEC သွင်းရမယ်ဆိုပါလား”

“အဲဒါဘာဖြစ်လဲ”

“အဲဒီပိုက်ဆံမျိုး ငါ့မှာမှမရှိတာ”

“ငါပေးပေးမှာပေါ့ဟ”

“အာ. . . မဟုတ်တာ”

“ဘာမဟုတ်ရမှာလဲ၊ ပြီးတော့ ဒီမှာ Language တက်ဖို့က တစ်ရွက်စီ။ English ရယ်၊ French ရယ်၊ Japanese ရယ်၊ Chinese ရယ်၊ လေးမျိုးလောက် တတ်ထားမှ OK မှာ”

“ဟင်! အများကြီးတက်ရမှာ”



www.burmeseclassic.com

www.burmeseclassic.com



"တက်ရမှာပေါ့၊ ကုမ္ပဏီဝင်ပါမယ်ဆိုမှ Basic လေး တောင်မတတ်ရင် သန့်ရှင်းရေးပဲ သွားလုပ်ချည်"

နှုတ်ခမ်းစူလိုက်မိ၏။ ကြည့်စမ်း! ငါ့ကိုများ သန့်ရှင်းရေး သွားလုပ်တဲ့၊ လူကိုချိုးချိုးနှိမ်နှိမ်ပြောရက်လိုက်တာ။ ခွေးကောင် သူရှ။

"ဒါက စာရင်းကိုင်သင်တန်း Form. ပြီးတော့ ဒါက Secretary သင်တန်းတက်ဖို့"

"ဟာ! အဲဒါလိုလို့လား"

"လိုတာပေါ့၊ ဒါမှ နင် အတွင်းရေးမှူးရာထူးရမှာ"

"အဲဒါမျိုးကြီးအထိ မမှန်းရဲပါဘူး။ ဒီလောက်အများကြီး တက်တာနဲ့ စုထားသမျှ တက်တက်ပြောင်မှာ"

"နေစမ်းပါဦး ကပ်စေးနဲ့မရဲ့။ နင့်ငွေ ဘယ်နှပြားကုန် မှာမို့လို့လဲ၊ ငါထားပေးပါ့မယ်ဆိုတာကို ပြောရတာ လက်ပေါက် ကပ်လိုက်တာ"

"အံမာ! ငါက နင်သင်တန်းထားဖို့ ပြောလို့လား။ မထား နဲ့. . . မလိုဘူး"

"ဟ! ငါ့အလုပ်မှာခန့်ဖို့ ဒီလောက်တော့ လုပ်ပေးရမှာ ပေါ့ မိဒါရဲ့"





"ဘယ်သူက နင့်ကုမ္ပဏီမှာ လုပ်မယ်ပြောနေလို့လဲ"

"မိဒါ!. . ."

သူ့အသံ စူးခနဲထွက်လာတာမို့ လူက တွန့်ခနဲဖြစ်သွား ရ၏။ သူနဲ့သူမက ဘယ်တုန်းကမှ စကားမများခဲ့ပါ။ သူ့ဘက် က တင်းရင် သူမလျှော့၊ သူမဒေါသထွက်တဲ့အခါ သူလျှော့ခဲ့ပြီး အမြဲငြိမ်သက်နေခဲ့တာ နှစ်ပေါင်းကြာခဲ့တာလေ။

"ဟဲ့! ဟိုကလေးတွေ ဘာဖြစ်ပြန်တာတုန်း"

"ဒီမှာလေ. . . မေမေ့သမီးက ကျွန်တော့်ကို ကန့်လန့် တိုက်နေလို့"

သူမမျက်လုံးပြူးသွားရလေ၏။ ဘုရားရေ! ဘာကြီးလဲ၊ မေမေ့သမီးတဲ့။ ဘယ့်နှယ် သူနှုတ်ရဲရတယ်လို့။

"ဟဲ့!. . ."

ခပ်တောင်းတောင်းထိုင်နေတာမို့ သူ့ပေါင်ကို ဖျတ်ခနဲ လှမ်းရိုက်လိုက်မိ၏။ သူက သူပြောတာကို သတိမထားလိုက် သလိုနှယ် မျက်မှောင်ကြုတ်လျက် မေးဆတ်ပြလေ၏။

"ဘာလဲ"

"နင့်စကားကြီးက"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"စားချင်တယ်ဆိုလို့ ပဲပြားကြော်နေတယ်လေ သားရယ်၊ ဘယ်လိုဖြစ်ပြီး စကားများနေကြပြန်တာလဲ"

"ဒီမှာ အလုပ်အဆင်သင့်ပေးပါ့မယ်ဆိုတာကို အိုက်တင်ခံနေလို့"

အန်တီမေက လက်သုတ်ရင်း ညွှန်ခန်းသို့ရောက်လာလေ၏။ မကြူးက အသက်လည်း ငယ်သေးသလို ဉာဏ်ခပ်တုံးတုံးမို့ (ဆွေမျိုးတော်သည့်ကောင်မလေးမို့) ဘာမဆို အန်တီမေသာ ဦးဆောင်လုပ်နေရတာလေ။

"ဆိုပူလောင်ဦးမယ် အန်တီရယ်၊ မကြူးကိုခိုင်းပေါ့"

"မကြူးကို ငါးပတ်မွှေမလို့ ကြက်သွန်နွှာခိုင်းထားတယ် သမီးရဲ့။ ပဲပြားကြော်တာ ပြီးနေပါပြီ။ သုပ်စားဖို့ လိုးစရာချွတ်စရာပဲလိုတာ"

"ဒါဖြင့်လည်း သမီးလုပ်ပေးမယ်လေ အန်တီ"

"အဲဒီလို အလိုက်တသိရှိလို့ကို သမီးကိုချစ်ရတာ"

"နင်သွားလို့မရသေးဘူး"

ထရပ်ရန်ပြင်လိုက်စဉ် သူက သူမရင်ဘတ်ရှေ့ကို လက်ကာလိုက်တာမို့ အမြန်နောက်ဆုတ်လိုက်ရလေ၏။ အန်တီ့ရှေ့မှာ မဆင်မခြင်လုပ်ပြန်ပါရောလားနော်။





"နင်ကလည်း"

"ဒီမှာ Form တွေ ဖြည့်စရာရှိသေးတယ် မေမေရဲ့။ ထမင်းက ညခြောက်နာရီမှ စားရမယ့်ဟာ။ အရေးမကြီးပါဘူး"

"ဟုတ်ပါတယ်သားရယ်၊ သမီးကို မေမေက ခေါ်ခိုင်းမှာမဟုတ်ပါဘူး"

"ကြားတယ်မဟုတ်လား၊ ထိုင်! ဒီစာရွက်က စဖြည့်"

"အိမ်ကျမှ ဖြည့်မယ်လေဟာ"

"နင်က ဘယ်နှစ်လုံးများတတ်လို့ ဖြည့်တတ်မှာလဲ။ ငါဖြည့်ဆိုဖြည့်စမ်းပါ မိဒါရာ"

ကဲ! မပြောချင်တော့ပါဘူး။ အန်တီမေက သူမကိုပြုံးပြကာ နောက်ဖေးခန်းကို ပြန်ဝင်သွားလေ၏။

ပြဿနာပါပဲ၊ ဒီမှာ ကြာနေရင် ဖေဖေတော့ သမီးကို စိတ်ပူတော့မှာလေ။

"အကုန်ဖြည့်ပြီးရင် ဒီမှာပဲထားခဲ့"

"ဟင်! ဘာလို့လဲ"

"ငါ့တပည့်တွေကို သွားတင်ခိုင်းမှာပေါ့၊ စတက်ရမယ့်နေ့ကျ ငါကိုယ်တိုင် လိုက်အပ်ပေးမယ်. . . မရှည်နဲ့။ နာမည်က စဖြည့်၊ ပြီးရင် အသက်၊ ဒါက ကျား/မခွဲခိုင်းတာ၊ ဒါက အမိ



www.burmeseclassic.com

www.burmeseclassic.com



တောင်သည်လား လူလွတ်လား ဖြည့်ရမှာ''

''ဒီလောက်တော့ ငါသိပါတယ်ဟဲ့''

''သိရင် ရေးလေ၊ ရော့. ဒီမှာ Pen. လှလှယ်ပီပီ သွက်သွက်လက်လက်လေးလုပ်စမ်း။ အလုပ်ထဲမှာ နှင့်ကို သူများအော်ရင် ငါမကြိုက်ဘူး။ ငါပဲအော်မှာ သိရဲ့လား''

သူအဖုံးဖွင့်ပေးသည့် နက်ပြာရောင် Pen လေးကိုလှမ်းယူရင်း မျက်စောင်းခဲလိုက်မိလေသည်။ လူကိုများ အလယ်တန်းကျောင်းသူအဆင့်လောက်ထင်ပြီး အထင်တသေးပြောနေတာလေ။

''အေး. . . အဲဒီမှာ Single လို့ဖြည့်၊ စာလုံးပေါင်းမပေါင်းတတ်ရင် ငါ့ကိုမေး''

''အင်းပါ''

''ဒီညနေ ဘာချက်မှာလဲ''

''ဖေဖေက ပဲကြီးစားချင်တယ်ဆိုလို့ ဆူးပုတ်ရွက်အုပ်ပြီး ဟင်းချိုချက်မလို့၊ သဲခြောက်လေးကို ရေတ်သီးခွဲခြမ်းနဲ့ကြော်မှာ''

''ပြီးတော့ရော''

''မရမ်းသီး ငါးပိထောင်း''





''ငါသွားရေချိုးလိုက်ဦးမယ်၊ ထမင်းလာစားမယ်''

ကဲ! မစားနဲ့လို့ ဘယ်လိုပြောလို့ ရပါ့မလဲ။ ခင်ကင်းကင်းနေပါဆိုမှ အိမ်အထိခေါ်လာရလားလို့ ဖေဖေဆူတာ ခံရတော့မှာလေ။ သေစမ်း!



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ဘယ်လို . . . သမီးအိမ်လိုက်စားမလို့"

"အင်းလေ မေမေရ၊ ဘာဖြစ်လို့လဲ"

"ဘာမှတော့မဖြစ်ဘူးပေါ့ သားရဲ့၊ ဒီမှာ သားစားချင်တယ်ဆိုလို့လည်း ချက်ပြုတ်ပေးနေတာကို"

"သူ့အိမ်မှာ မရမ်းသီးငါးပိထောင်းမှာ မေမေရ၊ ပြီးတော့ ပဲကြီးဟင်းချိုချက်နဲ့တဲ့"

"ဒါများ သားရယ်၊ သားဖို့တစ်ခွက်စာလောက် သမီးလာပို့ပေးရင် ဖြစ်တာပဲဟာ၊ ပဲပြားသုပ်ပေးဆိုလို့လည်း လုပ်ပေးနေပြီ။ ငါးပတ်မွှေနဲ့ ငါးခေါင်းနဲ့ကင်ပွန်းချဉ်ရွက်ဟင်းချို ကြိုက်တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



ဂေါ်ဖီလုံး၊ ကြက်သွန်နီပါးပါးလှီး၊ ရှောက်ရွက်ပါးပါးလှီး၊ ငရုတ်သီးစိမ်းပါးပါးလှီး၊ ပဲပြားကြော်ကို ကတ်ကြေးနှင့် ပါးပါးလေးညှပ်နေတာမို့ မကြူကို မန်ကျည်းသီးမှည့် ရေစွေးနှင့်ဖျော်ခိုင်းထားလိုက်ရပါ၏။ သူရတို့ကဖြင့် ဂျစ်တဲ့နေရာမှာ နှစ်ယောက်မရှိပါလား။

အန်တီမေပြောနေပုံက သားဖြစ်သူကို သူမတို့အိမ်ကို မသွားစေချင်သလိုပါပဲလား။ ဖေဖေပြောထားသည့်စကားအခံကလည်း ရှိထားတာမို့ ရင်ထဲမှာ တစ်မျိုးဖြစ်သွားရလေသည်။

"ဆီချက်ကျက်ပြီလား အန်တီမေ"

"ကျက်ပြီသမီးရဲ့"

"ဒါဆို ပဲမှုန့်နဲ့ အချိုမှုန့် ငံပြာရည်နည်းနည်းထည့်ပြီးရင် မန်ကျည်းမှည့်ရည်နဲ့ သုတ်ပေးလို့ရပါပြီအန်တီ။ သမီးပြန်တော့မယ်"

"အို! သမီးကလည်း ဒီမှာ သမီးဖေဖေဖို့ ငါးမွှေလေးထည့်ပေးမလို့ပါဆိုမှ။ ဘယ်လိုလောနေတာလဲ"

"မဟုတ်ပါဘူး"

"မိဒါ"

"ဟင်"





"ဘာလဲ၊ ဦးဦးက ငါတို့အိမ်ကို နင်လာတာမကြိုက်ဘူးလို့ ပြောထားလို့လား"

ရင်ထဲ ဒိန်းခနဲဆောင့်ခုန်လေ၏။ ဘယ်လိုလဲ။ သူမရင်ထဲက အတွင်းခံစားချက်ကို သူရ ဘယ်လိုများ မြင်သိရတာပါလိမ့်။ ဒုက္ခရေ! အန်တီတို့သိသွားရင် ဘယ်ကောင်းပါ့မလဲနော်။

"ဟုတ်လား သမီး"

"မဟုတ် . . . မဟုတ်ပါဘူး အန်တီရဲ့"

"ဒါဖြင့် ဘာလို့ ငါ့ကိုမခေါ်ချင်တာလဲ၊ မိဒါနော်, နင်တစ်ခါမကာတော့ဘူး၊ မူကိုမမှန်တာ သေချာတယ်"

"ငါက . . . ငါက ဘာဖြစ်နေလို့လဲ"

"နင့်ကိုယ်နင် အသိဆုံးဖြစ်မှာပေါ့"

"ဘာဖြစ်လို့လဲ သမီး၊ အဆင်မပြေတာရှိရင်လည်း အန်တီ့ကိုပွင့်ပွင့်လင်းလင်းပြောလေကွယ်။ သမီးက အန်တီ့သမီးပဲဟာ"

"မဟုတ်ရပါဘူး အန်တီမေရဲ့၊ အခုထိ သမီး ညနေစာမချက်ရသေးလို့ပါ"

"မချက်ရသေးလည်း ဘာဖြစ်လဲသမီးရယ်၊ သမီးက ဒီမှာပဲစားသွားပြီး ကိုဘဒွန်းအတွက် အန်တီထည့်ပေးလိုက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ဘာခက်လိုက်လို့လဲ''

မျက်နှာခပ်အမ်းအမ်းဖြစ်သွားရပါ၏။ စောစောကပဲ စိတ်ထဲမှာ တစ်မျိုးထင်လိုက်တာမို့ အန်တီမေကို အားနာလိုက်တာ မပြောပါနှင့်။ ကိုယ့်အပေါ် စေတနာထားနေသည့်မိသားစုကိုမှ ဘာလို့စိတ်ကွက်လိုက်မိတာပါလိမ့်။

''နေပါစေ အန်တီ၊ ပဲကြီးစိမ်ထားတာ ထွတ်ပြီးပါပြီ။ ကန့်စွန်းရွက်ကြော်ဖို့ အရွက်ခြွေတာလည်း အဆင်သင့်ပါ။ ထမင်းအိုးတည်ထားတာတောင် အခုကျက်လောက်ပြီ''

''ဒါက ဘာသဘောလဲ၊ ငါတို့အိမ်က အစားအသောက်ကို ဘာတစ်ခုမှ စားချင်စိတ်မရှိဘူးပေါ့လေ။ ဟုတ်လား မိဒါ''

''ဟယ်. . . သူရကလည်း''

''မနက်တိုင်း ငါအမြဲစားနေရတဲ့ ပဲပြုတ်နဲ့နံပြားတွေ၊ ကောက်ညှင်းပေါင်းတွေ၊ နင်ဝယ်ကျွေးသမျှ ငါဘယ်လိုပြန်ပေးရမှာလဲ၊ အန်ထုတ်ရမှာလား''

''ဟဲ့! သားနော်''

သူ့မျက်နှာ အတော်လေး တင်းမာနေချေပြီ၊ ခက်တယ် ဖေဖေရေ၊ ဒီအိမ်နဲ့ဒီလူတွေက သမီးငယ်စဉ်ကတည်းက လက်ပွန်းတတီးရင်းနှီးခဲ့တာမှန်ပါလျက် အခုမှ သစ်စိမ်းချိုး ထချိုးလို့





ဘယ်ဖြစ်ပါတော့မလဲ။

''နင် တခြားလူကိုသွားညာရင် ညာလို့ရမယ် မိဒါ။ ငါ့ကို နင်ညာလို့မရဘူး။ ဘယ်တုန်းကများ ညာဖူးလို့လဲ။ နင်ဖုံးကွယ်ထားသမျှ နင့်မျက်နှာမှာ အကုန်ပေါ်နေတယ် ယွန်းသဒ္ဒါ။ အခုအကုန်ဖွင့်ပြော. . . ပြောပြီးမှ အိမ်ပြန်ခွင့်ရမယ်မှတ်!''

'ယွန်းသဒ္ဒါ' တဲ့။ သူမနာမည်အရှည်ကိုခေါ်ရင် သူရက ဒေါသထွက်မှ ခေါ်တာလေ၊ အခုတော့ သူရ ဒေါသထွက်နေပြီပေါ့။ ပြဿနာပါပဲလားနော်။ သူ့မျက်နှာတင်းမာနေတာမို့ အသုပ်သုတ်ရန် ပြင်ဆင်ပြီးသွားသည့်ဇလုံကို အန်တီမေ့လက်ထဲသို့ အသာပြန်ထည့်ပေးလိုက်မိသည်။

''ငါပြောပြီးသားနော် မိဒါ၊ နင်ဘာမှ ဝန်မခံဘဲနဲ့ အိမ်ပြန်လို့ရမယ်မထင်နဲ့''

''ဝန်ခံရအောင် ငါက ဘာအပြစ်လုပ်မိထားလို့လဲ''

''ဇေ့လည်ကြောင်ပတ် မုန့်လုံးစက္ကူကပ်လုပ်ပြမနေနဲ့၊ ပြောပါဆိုနေမှ''

''သူရကလည်းဟာ''

''မပြောဘူးလား၊ ဒါဆိုရင် ဦးဦးကို ငါကိုယ်တိုင်လိုက်မေးမှာနော်''



www.burmeseclassic.com

www.burmeseclassic.com



အန်တီမေက ဖေဖေ့အတွက် ငါးပတ်မွှေဟင်းကို စတီး ထမင်းအုပ်သေးသေးလေးထဲသို့ ထည့်နေပြီလေ။ ဘယ်လိုမှရှောင် ရှားလို့မရနိုင်တော့ဘူးတဲ့လား။

“နောက်မှပြောမယ်လေဟာ”

“မရဘူး”

“နင်ကလည်း အန်တီမေ့ရှေ့မှာ အားနာစရာကြီး”

“ဘာ!”

သူမစကားကြောင့် ဟင်းခွက်ယူလာပေးသည့်အန်တီမေ ပင် အံ့ဩသွားလေ၏။ ငယ်စဉ်တည်းက နှစ်အိမ်တစ်အိမ် သူ တစ်လှည့်ကိုယ်တစ်လှည့် ဝင်ရောက်စားခဲ့သည့် မိဘကိုကြောက် သလို အားနာသလို ပြောမိလိုက်တာ မှားလေခြင်း။

သူ့ရတော့ သံသယအကြီးကြီးဖြစ်တော့မှာ အမှန်လေ။

“လာ. . . ထိုင်ဦး”

“အာ. . . ပြန်တော့မယ်ဆိုနေမှ”

“ကျွန်တော် သူနဲ့တစ်ခါတည်းလိုက်သွားမယ်မေမေ၊ ဒီ ဟင်းတွေကို မနက်ဖြန်မှပဲ စားတော့မယ်”

“သူရ”

“ပြောပြော. . . မပြောမချင်း အိမ်မပြန်ရဘူး ယွန်းသဒ္ဒါ”





လက်မောင်းကိုကိုင်လျက် ထိုင်ခိုင်းနေတာမို့ (ထမင်းစား ခန်း စားပွဲဘေးထိုင်ခုံ) သူ့အနီးမှာ ထိုင်လိုက်ရပါ၏။ အန်တီမေ့ ရှေ့မှာ မပြောချင်ပေမယ့် အန်တီမေက သူမတို့ရှေ့အနီးမှာ စောင့် နေတာလေ။ အရဲစွန့်ပြောရတော့မှာပါလား။

“ဟိုလေ”

တံတွေးကို ဂလုခနဲ မျိုချလိုက်ရပါ၏။ ပြောရခက်ပါဘိ။ ဒီမျက်နှာတွေကို သူမ ဘယ်လိုကြည့်ရတော့မှာပါလိမ့်နော်။

“ဖေဖေကလေ”

“အင်း”

“နင်တို့အိမ်ကို မသွားနဲ့တဲ့”

“ဘယ်လို”

“ဘာကြောင့်လဲ သမီးရယ်”

“တစ်မျိုးမထင်လိုက်ပါနဲ့ အန်တီမေ။ ဖေဖေက သမီး ကို မေမေမရှိတော့တာမို့ အနေအထိုင်တတ်ဖို့ပြောတာပဲ ထင် တာပါ”

“မဆိုင်လိုက်တာ”

“မြဲဆုံးခဲ့တာ နှစ်နှစ်တောင်ရှိနေပြီလေ သမီးရယ်။ အခု မှ ဘာကြောင့် ဒီလိုစကားမျိုးပြောရတာလဲ။ ဘာလဲ၊ သမီးကို



www.burmeseclassic.com

www.burmeseclassic.com



ဓေ့စပ်ဖို့ ပေးစားဖို့ သတို့သားရှိနေပြီလို့လား''

"အာ. . . မဟုတ်ပါဘူး အန်တီမေ၊ မဟုတ်ရပါဘူး"

"ဒါဆိုဘာလဲ၊ ငါ့ကိုမယုံတဲ့သဘောနဲ့ပြောတာပေါ့လေ"

''မဟုတ်ပါဘူးလို့ဆို''

''ဒီသဘောမျိုးဖြစ်နေတာပေါ့ သမီးရယ်၊ အန်တို့သားက သမီးမယုံရတဲ့ ခြေဆော့လက်ဆော့ကောင်လေးမျိုးလို့ ထင်နေလို့များလား''

မျက်နှာပူလိုက်ရတာနော်။ မပြောချင်တာကို အတင်းမေးနေလို့ပြောမိကာမှ အဆက်က ရှည်နေလေပြီ။ သူရကိုအားနာတာထက် အန်တီမေ့ကိုပိုပြီး မျက်နှာပိုပူမိတာပါလေ။

"မိဒါ''

"ဟင်"

''ဦးဦးက ငါနဲ့နင့်ကို ဘာညာဘာညာဖြစ်သွားမှာစိုးလို့လား။ ဟုတ်လား''

''ဟင်! နင်နော်၊ အန်တီမေ့ရှေ့မှာ ဘာတွေလျှောက်ပြောနေတာလဲ''

''နင်နဲ့ငါ ကြိုက်သွားမှာစိုးလို့လားလို့ မေးနေတာလေကွာ''





ဒီလောက်တားနေပါလျက် ဘွင်းဘွင်းကြီးပြောချလိုက်သည့် သူ့လက်မောင်းကို ပြောင်းခနဲအသံမြည်အောင် ရိုက်ချလိုက်မိပါ၏။ သူကပါ ဤသို့ထင်ရတယ်လို့။

''ဟုတ်တယ်လေ၊ ဒီလိုယူဆလို့ ဒီလိုစကားမျိုး ထွက်လာတာ အသေအချာပဲဟာ''

''ကိုဘဒွန်းကိုပြောလိုက်ပါ သမီးရယ်၊ အန်တို့သားက သားမက်အရည်အချင်းနဲ့များ မပြည့်စုံလို့လားလို့''

"အာ. . . အန်တီမေကတော့ လုပ်ချလိုက်ပြန်ပြီ"

"မျက်နှာတော့ ခရမ်းချဉ်သီးလို ရဲနေပြီမေမေရေ့။ ဒီလောက်နဲ့ Stop ပါတော့။ လာ, သွားကြစို့၊ ယောက္ခမကြီးနဲ့တွေ့ရအောင်"

"သူရ!. . .''

"Sorry...Sorry... လွှတ်ခနဲ ယောင်ထွက်သွားမိလို့။ အသားယူတယ်မထင်လိုက်ပါနဲ့''

နှစ်ဦးသား တိုက်ထဲမှထွက်ခဲ့တော့ ညနေစောင်းနေလေပြီ။ ဟင်းချက်တာ သိပ်မကြာတာမို့ သူစောင့်နိုင်မှာပါလေ။ ခြေသားတံခါးကို ဖွင့်လိုက်စဉ် သူ့ထံမှ လေသံတိုးတိုးထွက်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မိဒါ"

"ဘာလဲ"

"နှင့်အဖေကိုပြောလိုက်. . . သိလား"

"ဘာကိုလဲ"

"မိဘတွေ ရိုက်ပေးစားရင်တောင် ငါက လုံးဝမယူဘူးလို့"

"ဘာ!"

"ရင်မှမခုန်တဲ့ဟာကို၊ မဟုတ်ဘူးလား"

"နှင်နဲ့ပေးစားဖို့ အရည်အချင်းပြည့်မီတဲ့ သတို့သားမျိုး ငါကိုယ်တိုင်ရှာပေးမှာပါ။ ဒီအစ်ကိုကို ယုံလိုက်စမ်းပါ"

ရင်ဘတ်ကိုပုတ်ပြရင်း ဆိုတာမို့ မျက်စောင်းခဲလိုက်မိပါ၏။ သူကများ သူမကို သတို့သားရှာပေးမလို့ဆိုပဲ။ အံ့ဖွယ်သုတပါပဲလား 'မြွတ်သူရကို' ရယ်။

"ဘာအစ်ကိုလဲ၊ ငါ့ထက် နှစ်လတောင် ငယ်တဲ့လူကများ"

"တော်စမ်းပါ၊ ဒီလောက်လေးအသက်ကွာတာကို လိုက်ကြွားမနေစမ်းပါနဲ့။ နှင်ဘယ်လောက်ပြောပြော ဘယ်သူမှယုံမှာမဟုတ်ဘူး၊ ခုထိ ကလေးမျက်နှာဖြင့် မပျောက်သေးဘဲနဲ့"





စိတ်ဆိုးရခက်လေစွ။ အိမ်ရောက်တော့ ဝရံတာလေးမှာ ဖေဖေနှင့်နှစ်ယောက်သား စကားတွေဖောင်နေအောင် ပြောနေတာ သူ့ရုပ်လေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ကျွန်တော့်ညီမနော် ဆရာ၊ စာညံ့ရင် အတန်းလစ်ရင် ဒီ Phone ကို လှမ်းဆက်ပြီး တိုင်သာတိုင်လိုက်"

"အေးပါ မြတ်သူရရယ်၊ မင်းက ကုမ္ပဏီတောင် ဝင်နေပြီလား"

"ရာထူးကိုမကြည့်လေနဲ့ ဆရာရေ၊ ကော်အဂေါင်း ဆုံးမို့ နေရာရနေတာ။ ခုမှကြိုးစားနေတုန်း"

သင်တန်းလိုက်ပို့ရင်း သင်တန်းဆရာတွေ၊ Computer Guide မမတွေကို သူကိုယ်တိုင်ပင် လိုက်မိတ်ဆက်ကာ အပ်ပေးနေတာမို့ စိတ်ဆိုးရအခက်ပါလေ။ တစ်နေ့တာ Time table သင်တန်းတစ်ခုနှင့်တစ်ခု သိပ်မဝေးတာကို အချိန်ညှိကာ သူမကို

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



Note Pad လေးဖြစ်ပေး၍ သူကမ်းပေးလိုက်တော့ တအံ့တဩ ဖြစ်ရလေ၏။

ကုမ္ပဏီလက်ထောက်မန်နေဂျာရာထူး ရနေသည့်သူက စေ့စပ်သေချာနေတာပါပဲလား။ Sunday တစ်ရက်ပဲ နားရက်ရှိပြီး (၆)ရက်မှာ အလုည့်ကျတက်ရမည့်အချိန်ဇယားက အပြည့်။ အလုပ်တောင်မရသေးဘူး။ သင်တန်းတွေကို လျှာအလျားလိုက် ထွက်လုနီးပါး ပြေးလွှားတက်နေရမယ့်ပုံပါပဲလား။

"လောလောဆယ် basic စသင်ရမှာ မိဒါ။ ငါ့ဆီမှာ Lab Top ရော၊ Keyboard ပါရှိတယ်။ အဲဒါ ယူရင်ယူထား။ Computer ကိုင်ချင်ရင်တော့ အိမ်မှာပဲလာသုံး"

"နင်ကလည်း အားနာစရာကြီး"

နဖူးထက် လက်သီးဆုပ်က ခုံခနဲရောက်လေ၏။ အလုပ်ချိန်ကို နောက်ဆုတ်ပြီး သင်တန်းလိုက်အပ်ပေးသည့် သူငယ်ချင်းကို အားမနာသင့်ဘူးလား။

"နောက်တစ်ခါအားနာတယ်ပြောရင် ဒီ့ထက်ပိုနာမယ်"

"Lap Top က သိန်းကျော်တယ်မဟုတ်လား"

"အင်းပေါ့၊ အလုပ်လုပ်နေတဲ့ Lap Top က ငါသုံးနေတာ။ နင့်ကိုပေးသုံးမယ့်ဟာက ငါသင်တန်းတက်တုန်းက အိမ်မှာအကြမ်းသုံးတဲ့ Second hand ကိုပေးတာ။ အိမ်မှာ အပိုဖြစ်နေလို့ပေးတာကို မယူချင်ဘူးလား"

"အဲဒီလိုမဟုတ်ပါဘူး"

"ဘူးတစ်လုံးဆောင် အိုတောင်မဆင်းရဲဆိုတာ နင်သုံးနေကျဖြစ်မှာပဲ"

ကားပေါ်သို့တက်ရစဉ် သူမမျက်နှာ ငွေးသွားရပါ၏။ သူ့ကိုယ်ပိုင်ကားကို ဘယ်မိန်းကလေးတွေများ စီးဖူးပြီလဲဟူသည့် အတွေးကြောင့်ပါပဲ။

"သင်တန်းမှာ တခြားကောင်လေးတွေနဲ့ ပရောပရီနေမယ် မကြံနဲ့"

"အံမာ! လူကိုများ အထင်တသေးနဲ့"

"ကြိုအသိပေးထားတာလေ၊ ငါ့နောက်ကွယ်ဆိုပြီး နင်နေချင်သလို နေလို့ရမယ်မထင်လေနဲ့။ နင့်ကိုစိတ်မချလို့ ငါကိုယ်တိုင်လိုက်အပ်ပေးတာ အကြောင်းရှိတယ်။ နင်မဟုတ်တာလုပ်မိလို့ကတော့ ငါ့ဆီ သတင်းတန်းရောက်မှာပဲ။ နင့်နောက်ကျောမှာ ငါ့မျက်လုံးကပ်ထားပြီးသား မိဒါရဲ့"

ကျောထဲစိမ့်သွားရသလိုနှယ်ပါလေ။ နင့်နောက်ကျောမှာ ငါ့မျက်လုံးကပ်ထားပြီးသားတဲ့။ ပိုင်စိုးပိုင်နင်းပါလား။ သူ့






www.burmeseclassic.com

www.burmeseclassic.com



အဖေလည်း မဟုတ်ဘဲနဲ့လေ။

"အံမာ! ဘာပြုံးလိုက်တာလဲ၊ နိုးကြောင်နိုးဂုက်လုပ်မယ်တော့ မကြံလေနဲ့ မိသဒ္ဒါ။ ငါသိတာနဲ့ ဒါဘာလဲမြင်ရဲ့လား"

"မကြောက်ပေါင်"

"မိဒါနော်"

လက်သီးဆုပ်ပြတာကို သူမ မဲ့ပြလိုက်တာမို့ သူဒေါသကျိတ်ထွက်လေ၏။ ဟိုးအရင်တုန်းကလိုများ ငါ့နားမှာ နင်ရှိလို့လား သူရရယ်။ ငါ့ကို သူငယ်ချင်းသံယောဇဉ်နဲ့ စောင့်ရှောက်ခဲ့တာမှန်သမျှကို ငါ အမှတ်ရနေပါတယ်။ ဒါပေမဲ့ အချိန်ကာလအတိုင်းအတာတစ်ခုအထိပဲ ရှိနိုင်မှာပါ။ တစ်ချိန်ချိန်မှာ နင့်ဘေးသက်ဆိုင်သူရှိလာရင် ငါနဲ့နင်က အနီးဆုံးကနေ အဝေးဆုံးကို ခွဲသွားရတော့မှာလေ။

တို့နှစ်ယောက်ကြားက ဇာပဝါအဖြူပါးပါးလေးကို အန်တီမေတို့က မဖြုတ်ချပေမယ့် နင်ကိုယ်တိုင်က ငါ့ကိုရင်မခုန်ဘူးလို့ပြောခဲ့တာလေ။ ဒါဆိုရင် နင့်ရင်ခုန်ဖက် နှလုံးသားပိုင်ရှင်ကသာ အဲဒီဇာပဝါကို ဆွဲဖြုတ်တော့မှာအမှန်ပါပဲ။

"ဟာ! ဘာတွေဒီလောက်စဉ်းစားနေတာလဲ။ ပြောနေတာ မကြားဖူးလား"





"ဘာပြောလိုက်တာလဲ"

"တစ်ခုခုစားဦးမလားလို့ မေးနေတာလေ"

"တော်ပါပြီဟာ"

"ဘာတော်ပါပြီလဲ၊ ငါစားချင်တာဆို ဖွင့်မပြောရပါဘဲ နင်အမြဲလုပ်ကျွေးနေတဲ့ဟာ။ အခုအပြင်ထွက်တုန်းကျွေးရင် နင်စားရမှာပေါ့ မိဒါရဲ့"

"ပိုက်ဆံကုန်ပါတယ် သူရရယ်"

"ကျွေးတုန်းစားပါ မိဒါရဲ့၊ တော်ကြာ ငါ့ရည်းစားရှိရင် နင့်ကို ငါဘာမှကျွေးလို့ရတော့မှာမဟုတ်ဘူး။ နင်တို့မိန်းကလေးတွေက အူတိုတတ်တာလေ"

ဘယ်လို! ငါ့ရည်းစားရှိရင်တဲ့လား။ တွေးလို့မဆုံးသေးခင် သူဘာလို့သိရတာပါလိမ့်။ ဒါကြောင့်လည်း သူမရင်ထဲအထိ သူမြင်နိုင်တယ်လို့ ပြောတာထင်ပါရဲ့။

"ငါက မတိုပါဘူးနော်"

"အေးပါ၊ နင်ချစ်တဲ့သူကျ အူတိုမတို စောင့်ကြည့်ရသေးတာပေါ့။ အမယ်. . . မကျေမနပ်ဖြစ်ပါလား။ ဒါဆိုရင်လည်း ငါ့မိတ်ဆွေတွေထဲကရွေးပြီး နင်နဲ့မိတ်ဆက်ပေးမယ်လေ။ နင်သဘောကျတဲ့သူကိုတွဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အပြောက လွယ်ပါ့သူရရယ်။ နှင်တို့လိုလူတန်းစားမှာသာ ဒီလိုရွေးချယ်တာမျိုး အပျော်တွဲတာမျိုး လုပ်ခွင့်ရတာပါ။ ငါတို့အဆင့်အတန်းမျိုးမှာ ဒီလိုမျိုးလုပ်ပိုင်ခွင့်မှမရှိတာဘဲ သူရ ရယ်။

"ရွေးချယ်တယ်ဆိုတာ ယောကျ်ားလေးတွေရဲ့တာဝန်ပါ သူရရဲ့"

"ဘယ်လို"

"ဟုတ်တယ်လေ၊ ဘယ်မိန်းကလေးကို ဘဝလက်တွဲဖော်အဖြစ် လက်ခံမယ်ဆိုတာမျိုးလေ"

"မှားနေပြီ မိဒါ၊ နှင်တို့မိန်းကလေးတွေဆီမှာသာ ဒီအခွင့်အရေးရှိတာပါ။ ကိုယ်ပြန်ချစ်နိုင်မယ့်အမျိုးသားကို ရွေးချယ်နိုင်တာ"

"အင်းပေါ့လေ၊ အစစအရာရာပြည့်စုံနေတဲ့မိန်းကလေးတွေအတွက်ကတော့ ဖြစ်နိုင်တာပေါ့။ ငါ့လိုအဆင့်အတန်းမျိုးကတန်သလောက်ပဲ ရနိုင်တာပါသူရရာ"

သူတီးတိုးရယ်လေ၏။ အမှန်တွေပါကွယ်၊ ငါပြောသမျှသမာသမတ်ကျမှန်း နှင်လည်းအသိပါ။ ဒါတောင်မှ ငါ့ကို နှင်လောင်ချင်တယ်ဆိုရင်တော့ သဘောပေါ့ မြတ်သူရကို။





"နှင့်ကို ငါဘယ်လောက်ချစ်သလဲဆိုတာ နှင်အသိဆုံးပါ မိဒါ"

ရင်ထဲထိတ်ရပါ၏။ သူ့မျက်နှာ ဖျတ်ခနဲအကဲခတ်လိုက်သော်ငြား ဘာအရိပ်အရောင်မှပြောင်းမသွားတာမို့ သဘောရိုးနဲ့ပြောတာမှန်း သိလိုက်ပါသည်။ ဘာလို့ ဒီစကားမျိုးကိုမှ ထုတ်ပြောရတာပါလိမ့်။

"ငါ့သူငယ်ချင်းကို ဘာမဟုတ်တဲ့ ပါချီပါချဲ့ကောင်မျိုးနဲ့ ဆက်သွယ်ပေးပါ့မလား"

မဲ့ပြုံးပြုံးလိုက်မိတော့သည်။ ဖေဖေပြောခဲ့သည့်စကားကို သူသိခဲ့တာမို့ သူမကိုအရွဲ့တိုက်နေပြီလား။ နှင်မကြိုက်ဘူးဆိုရင်လည်း ပြီးနေတာပဲသူရရယ်။ ကိုယ်မလိုချင်တာနဲ့ သူများကို ပေးပစ်ရလောက်အောင် ငါက လမ်းဘေးမှာပေါက်တဲ့ ရွက်ကျပ်ပေါက်မှမဟုတ်တာလေ။

"နှင့်အဖေကို ဟိုတစ်နေ့ကပဲ ငါပြောထားပြီးပြီ"

"ဘာကိုလဲ"

"နှင်နဲ့ငါ့ဆက်ဆံရေးအပေါ် တစ်မျိုးမမြင်ပါနဲ့လို့ပေါ့"

"နှင်ကလည်း အဲဒီလိုကြီးပြောတာတော့ ဘယ်ကောင်းမှာလဲ။ ငါက ဖေဖေ့ကွယ်ရာမှာ နှင့်ကိုပြောမိတာကို"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်တော့ ဦးဦးလည်းသိမှာပါ မိဒါရယ်။ အရင်တုန်းကဆို ငါတို့နှစ်ယောက် အတူတူဆော့လာခဲ့ကြတာပဲဟာ"

"ဒီအရွယ်ပဲရောက်နေပြီ၊ ဆော့ရဦးမှာလားဟဲ့"

"ဩော်. . . ကြက်တောင်ရိုက်၊ Volley ball... ပုတ်လောက်တော့ ကျန်းမာရေးအရ ကစားနိုင်တာပဲဟာ။ ခြံထဲလည်းမလာ၊ အိမ်ထဲလည်းမရောက်ဘဲ ခပ်စိမ်းစိမ်းကြီးနေရအောင် ရန်သူတွေလည်းမဟုတ်"

ဩော်. . . သူရရယ်၊ ရန်သူဆိုတာ လူလူချင်း ဖြစ်ပွားသတ်မှတ်တဲ့အရာတစ်ခုပါ။ တို့နှစ်ယောက်ကြားမှာ ပကာသနတွေနဲ့ စည်းခြားထားလိုက်ရင် ရန်သူဆိုတဲ့အနေအထားကို ချက်ချင်းပြောင်းလဲသွားနိုင်တာပဲ။ ချစ်သူဖြစ်ဖို့ခက်ပေမယ့် ရန်သူဖြစ်ဖို့က လွယ်လွယ်လေးပါငေ့ာ။

"နင့်ကို အစောကြီးကတည်းက ငါပြောပြီးသားနော်"

"ဘာလဲ"

"ငါ့ကိုအသိမပေးဘဲနဲ့ တွေ့ကရာကောင်ကို နင် ရည်းစားတော်လိုက်လို့ကတော့ လက်သီးပဲ"

"ငါ့ကိုကြိုက်ပဲကြိုက်ပါစေဦး"

"တကယ်လို့ ငါမိတ်ဆက်ပေးတဲ့လူထဲက တစ်ယောက်ကိုရွေးရင်"

"အဟင်း. . ."

"ရယ်မနေနဲ့၊ စကားကောင်းပြောနေတာကို ကပျက်ကချော်နဲ့"

"အေးပါ၊ ဆက်ပြော"

"အင်း. . . အဲဒီကောင်ကို ငါ့ထက်ပိုမချစ်ရဘူး"

"ဟဲ့! (၁၅၀၀)နဲ့ (၅၂၈) တူပါ့မလား။ စဉ်းစဉ်းစားစားလည်းလုပ်ဦး"

"ငါရထားတာက (၉၅၂)လေ၊ မရဘူး. . . အဲဒီကောင်ထက် ငါ့ကိုပဲ ပိုဦးစားပေးရမယ်"

အတော်လည်း တရားကျူးပါ့။ သူကပဲ ပြောရတယ်ရှိသေး။ အဲဒီလိုမျိုးစကားကို သူမပြောရင်ရော သူက လက်ခံမှာတဲ့လား။ ဝေးပါသေးတယ် သူရရာ။ နင့်ကောင်မလေးသာ နင့်အနီးမှာရှိနေရင် ငါ့ကိုလှမ်းတွေ့တောင် ပြုံးပြရင် ကံကောင်းပဲ။

"နင့်ကို ငါ့ကုမ္ပဏီမှာပဲ အလုပ်ခန့်မှာလို့ ဦးဦးကိုပြောထားတယ်"

"ဟင်"

"ဟုတ်တယ်လေ၊ အစောကြီးကတည်းက ပြောထား







www.burmeseclassic.com

www.burmeseclassic.com



ပြီးသားကို အံ့သြပြုမနေစမ်းနဲ့''

''ဦးဦးမဆူဘူးလား''

''မဆူပါဘူး။ ဘာလို့ဆူရမှာလဲ။ သူငယ်ချင်းနှစ်ယောက် အလုပ်အတူတူလုပ်ရတော့ ပိုကောင်းတာပေါ့တဲ့''

''ငါ့အသုံးမကျတိုင်း နင်ဆူငေါက်နေတော့ ဘယ့်နှယ် လုပ်မလဲ''

''ဆူစရာရှိရင်တော့ ဆူရမှာပဲလေ။ အလုပ်နဲ့ပတ်သက် လာရင် တာဝန်အရလုပ်ရမှာပဲ။ သူငယ်ချင်းက လမ်းမှာ အိမ်မှာ ပြန်ဖြစ်လို့ရတယ်။ အလုပ်မှာတော့ ငါကလူကြီးပဲ''

လက်မကိုထောင်၍ ရင်ဘတ်ကို ဟန်ပါပါ သူထောက် ပြတာမို့ ရယ်ချင်လိုက်တာ မပြောပါနဲ့တော့။ သူ့ကိုယ်သူ လူကြီး တဲ့လေ။ ကုမ္ပဏီမှာ MDရာထူးနဲ့လည်းမဟုတ်၊ သူ့အထက်မှာ GM ရော မန်နေဂျာပါရှိနေပါလျက်နဲ့ လူကို Power သိမ်ပြချင် နေသည့်ကောင်လေးပါပဲလား။

အဲဒီနေ့က သူမကို ကြေးအိုးဆီချက် ဝယ်တိုက်ပြီးမှ Taxi ပေါ်ပြန်တင်ပေးလိုက်တာမို့ မှတ်မှတ်ရရနေ့တစ်ရက် ဖြစ် ခဲ့တာပါလေ။ 'မြတ်သူရကို'ဆိုတာ 'ယွန်းသဒ္ဒါ'ရဲ့ထာဝရသူငယ် ချင်းလို့ပဲ သူသတ်မှတ်ထားတာ ထင်ပါရဲ့။



## အခန်း (၆)

ပြတင်းတံခါးကို ဖွင့်ကြည့်ရင်း တစ်ဖက်အိမ်ပုလေးကို သူငယ်ကြည့်လိုက်မိ၏။ အိမ်ပြတင်းတွေ ဖွင့်ထားသော်ငြား အရိပ် သော်မှ မမြင်ရပါလေ။ ခြံဘေးတံခါးဖွင့်ရင် ဂျောက်! ဆိုတဲ့အသံ တော့ အနည်းဆုံးကြားရမှာမဟုတ်လား။

မလာသေးဘူးလား။ ခါတိုင်းဆို အောက်ထပ်မှာ မေမေ တို့နှင့် စကားတွေပေါက်ပေါက်လျှော်နေတာလေ။ ဒီကောင် ဘာ လုပ်နေမှာပါလိမ့်။ ရေမြန်မြန်ချိုးကာ ပေါ့ပေါ့ပါးပါးဝတ်စုံကို ရွေး ဝတ်လိုက်ပြီး အောက်ထပ်သို့ဆင်းလာခဲ့ပါ၏။

မီးဖိုခန်းမှာ စကားသံတီးတိုးထွက်လာတာမို့ အသာသွား ချောင်းကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော! နိုးပြီလား သား"

"ဟုတ်ကဲ့"

*"ဗိုက်ဆာနေပြီလား"*

"ဆာတော့ ဆာတာပေါ့၊ ဒါနဲ့ မိဒါ ဘာမှလာမပို့ဘူးလား"

"ကြော်. . . သားရယ်၊ သူ့ခမျာ သင်တန်းတွေအပြေးအလွှားတက်နေရတာ ပင်ပန်းရှာမှာပေါ့"

"ဘာဆိုင်လို့လဲမေမေရ၊ သူ့သင်တန်းချိန်တွေအားလုံးကို အိမ်အလုပ်ချိန်နဲ့ညှိပြီးမှ ရွေးထားပြီးတက်နိုင်းတာ။ နေ့တိုင်းတော့ မနက်ဆို ရောက်လာပြီး ဒီနေ့မှဘာအထာလဲ"

မေမေက အဓိပ္ပာယ်ဖော်ရခက်သည့်အပြုံးမျိုး ပြုံးနေလေ၏။ နေပါဦး. . . ဒီနေ့ Sunday ပဲဟာ။ သင်တန်းပိတ်ရက်လေ။ ဘာဖြစ်လို့ ဒင်းရောက်မလာတာလဲ။

"ဟဲ့! ဒါက ဘယ်လဲ"

"ဟိုတက်အိမ်"

"ဗိုက်ဆာလို့ဆို"

"မစားတော့ဘူး"

"ဖြစ်ပြန်ပြီ"





ခြံဘေးပေါက်မှပင် တံခါးဖွင့်လျက် သူကူးလာမိလေ၏။ ဦးဦးရော မရှိဘူးလား။ မိဒါ အိမ်ထဲမှာရှိရင်လည်း လှမ်းမြင်နိုင်တာလေ။ ဒင်းဘယ်ရောက် ဘယ်ပေါက်ပြီး ဘာတွေဖြစ်နေပြီလဲ။

"အမယ်လေး!"

အိမ်ရှေ့ကို သူရောက်သွားစဉ် ခြံထဲမှာ ရှင်းနေသည့် သူမကို ဘွားခနဲမြင်လိုက်ရသလို အာမေဍိတ်သံကလည်း ခပ်ကျယ်ကျယ်။ မိန်းကလေးဖြစ်ပြီး ခြံအလုပ်တွေလည်း ကိုယ်တိုင်လုပ်နေတာပါပဲလား။

"ငါက သရဲသဘက်မို့လို့ လန့်ရသလား"

"ဟဲ့! နင်က အသံမပေးဘာမပေးနဲ့ ရုတ်တရက်ရောက်လာတာကိုး"

"ဘာတွေလျှောက်လုပ်နေတာလဲ"

"ခြံရှင်းနေတာလေ"

"ခြံရှင်းတာများ အောင်သိုက်ကို ခေါ်ခိုင်းပေါ့ မိဒါရဲ့"

"ခက်ပါ့ သူ့ရရယ်၊ ဖိုးအောင်က နင်တို့အိမ်က အလုပ်သမားလေ။ သူ့ကိုခေါ်ခိုင်းလို့ ဘယ်ဖြစ်ပါ့မလဲ"

"နင်က မိန်းကလေးတန်မဲ့ ဒီလိုအလုပ်ကြမ်းတွေလုပ်နေတာကမှ ကြည့်မကောင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘဝသမားလေကွယ်၊ အလုပ်ပြစရာမှမလိုတာ"

"ဘယ်သွားလဲ"

"ဖေဖေလား"

"အင်း"

"လမ်းလျှောက်"

"ဟွန်း! အတော်မှုတာတဲ့အဖေပဲ၊ သမီးကိုတော့ နှင်းကန်နိုင်းစားထားတယ်"

သူမ ရယ်ချေပြီး၊ ငယ်စဉ်ကတည်းက ယောက်ျားလေးလို နေလာခဲ့သည့်သူမကို သိရဲ့သားနဲ့များ အခုမှ ဘာလို့များ ပြောနေတာပါလိမ့်။ အလုပ်ပိတ်ရက်တွေမှာ ဖေဖေ သစ်ကိုင်းတွေခုတ်၊ ခြံထဲမှာ တံမြက်စည်းလှဲ၊ အမှိုက်ကျုံး၊ မီးရှို့တိုင်း သူမလည်း ဝိုင်းလုပ်ခဲ့တာပါလေ။ ဒီအရွယ်ရောက်ရင် အဖေကို ပိုပြီးကူညီရမှာကို သူသိရဲ့သားနဲ့များနော်။

"မိဒါ"

"ဘာလဲ"

"နေစမ်းပါဦး၊ အိမ်ကလည်း ရှင်းနေတာပါပဲလား။ ကြမ်းပြင်ကို ဖယောင်းတိုက်ထားသလိုပဲ"

"ဟုတ်ပ"





"နှင်တို့အိမ်ကို ဧည့်သည်လာမှာမို့လို့လား မိဒါ"

"မှန်လိုက်လေကွယ်၊ ဒါဆိုရင်တော့ မောင်လေးအဖြေမှန်တဲ့အတွက် မမ တစ်မှတ်ပေးလိုက်မယ်နော်"

"ဟော! ဟင်းနံ့ထွက်နေပြီ၊ ဘာတွေချက်ထားသေးလဲ"

သူမ ပြုံးလိုက်မိပြန်၏။ ဒီကောင်တော့ ဒီနေ့ ထူးကိုထူးနေတာပါလေ။ စောစောစီးစီး စပ်စပ်စုစုအလုပ်ကိုမှ ဒင်းလုပ်နေရတယ်လို့။ မြက်ပင်တွေနုတ်ပြီး ပုံထားသည့်အမှိုက်တွေကို လက်ဖြင့်ပင်ကျုံးကာ ခြံထောင့်မှာ သွားပုံလိုက်ပါ၏။

"ငါးပေါင်းနေတာလေ"

"ငါးသလောက်လား"

"မှန်ပြန်ပြီ၊ နောက်တစ်မှတ်"

"မိဒါ"

"ရော်. . . ဘယ်လိုဖြစ်ပြီး လူကို ခဏခဏခေါ်နေတာလဲ သူရရယ်"

"နှင်တို့အိမ်လာမယ့်ဧည့်သည်က ရိုးရိုးဧည့်သည်မဟုတ်ရဲ့လား"

လက်မှသဲတွေကို ရိုက်ခါချလိုက်ရင်း မချိုမချဉ်ပြုံးပြန်လေ၏။ ဒင်းတော့ လက်သီးစာမိချင်နေပြီထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ရိုးရိုးညှော်သည်မဟုတ်ဘူးဟော့၊ ရွှေညှော်သည် ငွေညှော်သည် စိန်ညှော်သည်ပါ"

"ဘာ!"

သူ့ရင်ထဲ ဒိန်းခနဲမြည်သံက အကျယ်ကြီးပါလေ။ ရွှေညှော်သည်ဆိုတာ ရွှေလမ်းငွေလမ်းဖောက်မယ့်ညှော်သည်ပေါ့။ မိဒါကို လာမြန်းမယ့်လူဖြစ်နိုင်မှာလေ။ ဒါကို ခင်းက သိသိကြီးနဲ့များ ထမင်းစားရေသောက်နှယ် လွယ်လွယ်ပြောရတယ်လို့။

"ငါရေချိုးတော့မှာ၊ နင်နဲ့လေပုတ်ဖို့အချိန်မရှိဘူး သူရရဲ့"

"ဒါက ငါ့ကိုနှင်တာပေါ့လေ"

"မနှင်ရပေါင်၊ အိမ်ပေါ်တက်ပြီး စောင့်ချင်ရင်လည်း စောင့်ပေါ့ဟဲ့။ နင်က ညှော်သည်မှမဟုတ်တာကို"

ညှော်သည်မဟုတ်ဘူးဆိုတော့ ဘာလဲ။ ခုနတုန်းကလို မောင်လေးလို့သတ်မှတ်ချင်ပြန်ပြီလား။ မရဘူးနော် မိဒါ။ ငါက နင့်ထက်မဆိုစလောက် ပိစိလေး လပိုင်းလောက် ငယ်ပေမယ့် ဒါကိုသိပ်အမှတ်ထားချင်တာမှမဟုတ်တဲ့ဟာ။

"ဘယ်ကညှော်သည် လာမှာလဲ"

"သိချင်ရင် စောင့်ကြည့်လေ"





"မိဒါကလည်းဟာ၊ မေးရင်မဖြေဘဲ ဇာ့လည်ကြောင် ပတ်လုပ်တာလောက် ငါတင်းတာမရှိဘူး"

"ဟောကြည့်! ညှော်ကောင်းဆောင်ကောင်းမို့လို့ ရွှေညှော်သည်လို့ပဲပြောမိပါတယ်။ ရုပ်ကိုက ဖြစ်နေလိုက်တာ"

"မတော် နင့်ကိုလာတောင်းတဲ့ညှော်သည်မျိုးဖြစ်နေရင် ဘယ်လိုလုပ်မလဲ မိဒါရဲ့"

"ဘယ်လို. . . ငါ့ကို"

"အေး"

တဟားဟားရယ်နေပြန်လေသည်။ ခင်းတော့ ဒီနေ့ အတော့်ကို အူမြူးနေပုံပါပဲလား။ မျက်နှာမှာ ခွေးစို့နေတာမို့လို့ လက်ဖျံနှင့်သုတ်လိုက်သလို လိပ်ခေါက်တင်ထားသည့်ဆံစအချို့က နဖူးထက် ကျလာပုံကလည်း ကပိုကယိုပါလေ၊ ဒီရှက်ကြမ်းရေကျိုရုပ်ကို ဘယ်သူက လာတောင်းမှာတဲ့လဲ။ သူထင်တာ မှားလေပြီလား။

"ဖြစ်ရလေ သူရရယ်၊ အခုလာမှာက ဖေဖေ့အလုပ်က MD လာမှာ။ အသက် (၆၀)ကျော်အဘိုးကြီးဟဲ့။ ပြီးတော့ မုဆိုးဖို ကလေးအဖေက ငါ့ကိုလာတောင်းမယ်ထင်နေသလား။ ဒီရုပ်ကြမ်းကြီးကိုလေ"



www.burmeseclassic.com

www.burmeseclassic.com



မိဒါ သူ့မျက်နှာအနီးဆုံးကို လာကပ်လိုက်တာမို့ ခေါင်းကို နောက်ဆုတ်လိုက်မိပြီး လက်ညှိုးနှင့် သူမနှုတ်ခမ်းကိုထိကာ တွန်းလိုက်ရပါ၏။ အခုမှပဲ ရင်ထဲက အပူလုံးကြီးက ဂလုခနဲမျိုလိုက်မိတာမဟုတ်ပါလား။

"မဟုတ်ရင် ပြီးတာပဲ"

"ဘာလဲ၊ နင်က ငါ့ကိုအူတိုချင်တာပေါ့လေ"

"အံမာ! တိုစရာလား။ နင့် Daddy Father ကြီးက နင့်ကို ငါတို့အိမ်ကိုမသွားခိုင်းတာ မရောနိုင်းတာ ပြောခဲ့တာလေ"

"အင်းလေ၊ ထားပါတော့"

"ဘာထားပါတော့လဲ၊ ငါနဲ့ယောရောရှိမလုပ်စေပေမယ့် အိမ်ကိုလာလည်တဲ့လူနဲ့ နင့်ကိုသဘောတူရင်တော့လား"

"အဲဒီတော့ ဘာဖြစ်ချင်တာတုန်း"

"သပိတ်! သပိတ်! မှောက်! မှောက်! လုပ်ရုံပေါ့ကွ"

ရယ်ပြုန်ခြေပြီ။ ခင်းကတော့ သူ့လိုအလေးအနက်မရှိဘဲ ခပ်ပေါ့ပေါ့သဘောထားနေတာပါပဲလားနော်။

"နေဦး. . . အသက်ခြောက်ဆယ်ဆိုတော့ ဖေဖေတို့ထက် နည်းနည်းပဲကြီးတာ။ သူမွေးထားတာ ဘာလေးတုန်း။ ငါတို့အရွယ်လောက်ရှိမှာပဲ"





"ဘယ်သိမှာလဲဟဲ့၊ ဖေဖေက အဲဒီလောက်ထိ စေ့စေ့ပေါက်ပေါက်မှပြောမထားတာ"

"သူတစ်ယောက်တည်းပဲ လာမှာပေါ့လေ"

"ဟုတ်တယ်"

"ဘာကိစ္စနဲ့ ထမင်းဖိတ်ကျွေးရတာလဲ"

"ကြည့်! ရှာကြံကို သိချင်တာပဲ၊ ဒီနေ့က ဖေဖေ့မွေးနေ့မို့လို့ ဖိတ်လိုက်တာ။ ဘာမှဖွယ်ဖွယ်ရာရာလည်း ချက်ထားတာမှမဟုတ်တဲ့ဟာ။ ညနေကျရင် တို့သားအဖ ဘုရားသွားကြမယ်"

"အေးပါ. . . သွားသွား။ ဒါမှ ဘုရားလည်းဖူး လိပ်ဥလည်း တူးလို့ရမှာ"

"ဒါပေါ့"

ရေချိုးမယ်ဆိုတဲ့သူက လက်ဆေးပြီး မီးဖိုခန်းထဲမှာ တတောက်တောက်လုပ်နေပြန်တာမို့ သူလိုက်ဝင်ခဲ့ပါ၏။ ဘာဖွယ်ဖွယ်ရာရာမှမဟုတ်ဘူးဆိုပြီး ဘာတွေချက်ဦးမလို့ပါလိမ့်။

"မုန့်ညင်းရွက်က ဘာလုပ်မလို့လဲ"

"ကြက်ရိုးလေးနဲ့ ဟင်းချိုချက်ဖို့လေ၊ ကြက်ရိုးက ပြုတ်ထားပြီးသားမို့ ရေထည့်ပြီးတည်ရုံပဲ"

"ဒါပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"သိချင်ရင် အိုးလှန်ကြည့်ဟယ်၊ ငါရေချိုးတော့မယ်။ နင် ဦးဦးဖျားဖျားနှိုက်စားမယ်တော့ မကြံနဲ့နော်"

"စားတော့ ဘာဖြစ်လဲ"

"ဆံပင်ဖြူပြီး အရင်သေမှာစိုးလို့ပြောတာပေါ့၊ သိပြီလား"

မျက်စောင်းခဲလျက် ရေချိုးခန်းရှိရာဆီ ဆင်းသွားသည့် မိဒါကို သူဘာမှမပြောတော့ပါလေ။ အိုးသေးသေးလေးတွေ စီချထားသည့်စင်ပေါ်မှအဖုံးတွေကို သူလှန်လှောကြည့်တော့ အံ့အားတသင့်။

ကြည့်စမ်း! ကြက်အသည်းအမြစ်တစ်မျိုး၊ အာလူးနှင့် ကြက်သားဆီပြန်၊ ငါးငါးပိချက်၊ ဂေါ်ဖီပန်းပွင့်ကို ကြက်ဥခေါက်ပြီး ကြော်ထားတာလေ။ ဒါဟင်းမျိုးစုံနေတာပဲမဟုတ်လား။

အိမ်ကိုပြန်ရောက်တော့ တစ်ယောက်တည်း နေမထိထိုင်မသာဖြစ်နေပြန်၏။ နေ့လယ် တစ်နာရီလောက်မှာ မိဒါတို့ခြံရှေ့ ကားရပ်လိုက်သလို ကားပေါ်မှဆင်းလာသည်က လူငယ်တစ်ဦးသာဖြစ်နေပြန်လေသည်။

ကြည့်စမ်း! မိဒါတော့ သူ့ကိုညာလေပြီ။



## အခန်း (၇)

"ဟောဗျာ! ဦးမိုးမြင့် မပါလာဘူးလား"

"ဒက်ဒီသွေးနည်းနည်းတိုးနေလို့ လိုက်မလာဖြစ်တာပါ အန်ကယ်"

"ကြွပါ မောင်ကျော်စွာ"

ကားသံကြောင့် အိမ်ရှေ့ကိုထွက်လိုက်မိ၏။ ခြံထဲမှကြို့ဆိုသည့်ဖေဖေ့နောက်မှာ လိုက်လာသည့်လူငယ်တစ်ဦးကြောင့် သူ့မျက်လုံးကျယ်သွားပါသည်။ အဲဒါမှ ဒုက္ခ။ မနက်ကပဲ သူ့ရကို လူကြီးလာလည်မည်ဟု ပြောခဲ့ဖြစ်တာလေ။

"ခဏထိုင်ဦးမယ်သမီးရေ အအေးလေးဖြစ်ဖြစ် အမောပြေတိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . . ဖေဖေ"

လှေကားသုံးထစ်ကို တက်နေကြတုန်းမှာပင် သူမ လုပ်ခနဲ အိမ်ထဲဝင်ပြေးလိုက်ကာ ရေခဲသေတ္တာထဲမှ ရေခဲဗန်းလေးကို ယူ၍ သံပုရာရည်မွှေးမွှေးလေး အမြန်ဖျော်လိုက်ရလေ၏။ ဘယ်လိုဖြစ်ပြီး သူဌေးရဲ့သားက ရောက်လာတာပါလိမ့်နော်။

လေးထောင့်စတီးဗန်းလေးထဲမှာ ပန်းကန်ပြားလေးနှစ်ချပ်ထည့်လျက် တစ်ခုကို အအေးဖန်ခွက်၊ တစ်ခုထဲမှာ လက်သုတ်ပဝါခေါက်လေးထည့်လျက် ထွက်လာခဲ့၏။ လိုက်ကာကို အသာဖယ်လျက် ဧည့်ခန်းကိုရောက်တော့ ထိုလူက ဆက်တီမှာ ထိုင်မနေဘဲ နံရံထက်ချိတ်ထားသည့်ပန်းချီကားတွေကို စိတ်ဝင်တစားကြည့်နေလေသည်။

"သံပုရာရည် ရပါပြီဖေဖေ"

"အမောပြေသောက်လိုက်ပါဦး မောင်ကျော်စွာ"

သူက ခပ်ဖြည်းဖြည်းလှည့်ကြည့်လိုက်လေ၏။ အကြည့်တွေထဲမှာ ရင့်ကျက်တည်ငြိမ်ခြင်းကို မြင်နေရလေသည်။ တည်ကြည်လိုက်တာပါပဲလားနော်။ စားပွဲထက်တင်ရန်ပြင်နေသည့် လင်ဗန်းကို သူမက မတ်တပ်ရပ်နေမိပါ၏။

"အန်ကယ့်သမီးလေးလား"





"ဟုတ်တယ် မောင်ကျော်စွာ"

"ဘွဲ့ယူပြီးပြီလား"

"ဟုတ်"

"အလုပ်မသွင်းသေးဘူးလား အန်ကယ်"

ကြည့်! စီးပွားရေးသမားလို့မပြောရဘူး။ လူမြင်တာနဲ့ အလုပ်လုပ်ရမယ့်အရွယ်မှန်းသိသလို ပြောနေပြီလေ။ လက်ကမ်းလိုက်တာမို့ လင်ဗန်းကို စားပွဲထက်ချလိုက်ပြီး ပန်းကန်ပြားနှင့် ဖန်ခွက်ကို သူ့ထံလှမ်းပေးလိုက်တော့ သူက ဖန်ခွက်ကိုသာ ယူလိုက်လေ၏။

"ဖေဖေ့အလုပ်ရှင် MD ဦးမိုးမြင့်ရဲ့သား မောင်ကျော်စွာမိုးမြင့်လေ သမီးရဲ့"

"ဟုတ်ကဲ့ရှင့်"

"ညီမလေးနာမည်က"

"ယွန်းသဒ္ဒါပါရှင်"

သူက မျက်ခုံးတစ်ချက်ပင့်ကာ ပြုံးလိုက်လေ၏။ 'ညီမလေး' တဲ့။ အဘယ်မျှနွေးထွေးလွန်းတဲ့အခေါ်အဝေါ်ပါလဲ။ ရင်ထဲမှာ သိမ့်ခနဲနွေးသွားစေတာ အမှန်ပါလေ။

"ထမင်းပွဲပြင်လိုက်ရတော့မလား ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



“ခဏနေပါဦး ညီမလေးရဲ့၊ စောပါသေးတယ်။ Breakfast စားထားတော့ နေ့လယ်စာကို အမြဲတမ်း နေ့လယ်နှစ်နာရီမှ စားဖြစ်တာ”

နေ့လယ်နှစ်နာရီတဲ့။ သူမဆို ဆာလွန်းလို့ အူခေါက်တော့မှာလေ။ သူက သံပုရာရည်ကိုငုံလိုက်ပြီး ပန်းချီကားတွေဆီ အကြည့်ရောက်သွားပြန်လေသည်။ ဒီနေ့တော့ ညည်းသည်က တစ်အိမ်လုံးမှာ ဒီပန်းချီကားတွေကိုပဲ စိတ်ဝင်စားနေတော့တာပါပဲလားနော်။

“သိပ်ကို မျက်စိပသာဒဖြစ်စေတယ် အန်ကယ်”

မှတ်ချက်လေလား။ အိမ်တစ်ခုလုံးရှင်းထားတာ၊ ခြံထဲမှာ ရှင်းလင်းနေတာ၊ ညည်ခန်းထဲမှာ စားပွဲထက် အလှပန်းအိုးပြင်ထားသမျှကိုတော့ မချီးမွမ်းပါဘဲ ဒီပန်းချီကားတွေကိုမှ စိတ်ပါဝင်စားနေရတယ်လို့။ သူမန္တတ်ခမ်း အလိုလိုရှုသွားရလေသည်။

“တော်တော်ကြာပြီထင်တာပဲ”

“ကြာပြီပေါ့ မောင်ကျော်စွာ၊ သမီးအမေအတွက် မွေးနေ့လက်ဆောင်အဖြစ် ပန်းချီဆရာဆီမှာ သွားဆွဲစေခဲ့တာလေ”

“View တွေချည်းပဲ လေးကားစလုံးနော်”

“ဟုတ်တယ်၊ သစ်ဆွဲနေတဲ့ဆင်ပုံက အရှေ့ဦးကား





ပေါ့။ ဒီစိန့်ပန်းပင်တွေကတော့ နေ့လယ်၊ ဒီလှေနဲ့တဲနောက်က အုန်းပင်မှာ မသာ့တသာဖြစ်နေတဲ့လပုံက ညဦးယံကားပါ”

“ဒါက ဆည်းဆာထင်တယ်”

“ဟုတ်တယ်၊ အဲဒါကို သမီးငယ်ငယ်တုန်းက မှန့်ဝယ်ရင်း ကြက်ဥမြေပဲလား၊ ဆီးထုပ်မှာလားမသိတဲ့ပုံလေးကို သမီးကိုယ်တိုင်ယူသွားပြီး အကြံပေးလို့ အန်ကယ့်မိတ်ဆွေ ဆွဲပေးလိုက်တာ၊ ညနေဆည်းဆာမြစ်ဆိပ်ပုံပဲ”

“ဘယ်ဆိုးလို့လဲ. . . ညီမလေးက ပန်းချီမျက်စိရှိသား။ ပန်းချီရော ဆွဲတတ်လား”

“ဟင့်အင်း. . . မတတ်ပါဘူး”

ကျေနပ်မလိုလိုဖြစ်သွားသည့်စိတ်က ချက်ချင်းပျောက်လေ၏။ လူကို ရေတ်သီးတစ်ဖတ် ရေတစ်ခွက် ပေးထားသလို အမျိုးမျိုးဖြစ်စေတာပါပဲလားနော်။ ညီမလေးလို့ခေါ်သလို သူ့အသက်က သုံးဆယ်ကျော်ဆိုတာကိုတော့ သူမခန့်မှန်းမိပါ၏။ အသက်အရွယ်ထက်ပို၍ တည်ငြိမ်ဟန်က သူ့မျက်နှာထက်မှာ သိသိသာသာပေါ်လွင်နေတာအမှန်ပါပဲ။

“အခုဘာတွေလုပ်နေလဲ”

“ရှင်! ”



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . အခုလောလောဆယ် အလုပ်မဝင်သေးဘဲ ဘာသင်တန်းတွေများ တက်နေပြီလဲလို့ မေးနေတာလေ ညီမလေးရဲ့"

"ဟုတ်ကဲ့. . . သင်တန်းတွေတက်နေတာတော့ မှန်ပါတယ်။ ပြီးတဲ့ဟာတွေက ပြီးနေပါပြီ။ တက်စရှိတာတွေကတော့ တက်တုန်းပါပဲ"

" Secretary သင်တန်းကော"

ဟင်! သူနဲ့များ ဘာဆိုင်လို့တုန်း။ ဘာမဆိုင်ညာမဆိုင် မေးနေသည့်သူ့ကို မျက်စောင်းခဲချင်လိုက်တာ မပြောပါနှင့်။ သူရသာ သိရင်တော့ သူမကိုဆူတော့မှာလေ။

"မတက်ဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"ကျွန်မက ဘွဲ့ရိုးရိုးလေးပဲ ရခဲ့တာပါ ဦးကျော်စွာရဲ့။ အဲဒီသင်တန်းတက်နေကြတဲ့မိန်းကလေးတွေက ထူးချွန်ဘွဲ့ရှိမှ တက်ကြတာလေ"

"မဆိုင်ပါဘူးကွာ"

'မဆိုင်ရင် မမေးနဲ့ပေါ့ရှင်' ဟုပြောချင်ပေမယ့် အသံတိတ်





ပါးစပ်ပိတ်လိုက်ရပါ၏။ ဖေဖေကိုယ်တိုင် ရှိသေစွာစကားပြောနေသည့်သူ့ကို စကားမှားလို့ဘယ်ရမှာလဲ။ စိတ်တိုလာပြီနော်။

"မွေးနေ့အမှတ်တရ ဘာမှမဝယ်လာဖြစ်တာ အမှန်ပါပဲ အန်ကယ်"

"ရပါတယ်ကွယ်၊ မလိုပါဘူး။ ထမင်းပွဲပြင်တော့လေ သမီး"

"ဟုတ်ကဲ့ပါဖေဖေ"

ခွင့်ပြုချက်ရသည်နှင့် မီးဖိုခန်းသို့ ခပ်သုတ်သုတ်ဝင်ခဲ့မိ၏။ ခပ်နွေးနွေးသာရှိတော့သည့်ဟင်းချိုအိုးကို မီးခလုတ်ဖွင့်ကာ နွေးလိုက်ပါသည်။ ချက်ထားပြီးသားဟင်းတို့ကို ကြွေပန်းကန်လုံးတွေထဲသို့ ကြည့်ကောင်းရုံထည့်ကာ ထမင်းပွဲပြင်လိုက်ရပါ၏။

ငါး၊ ငါးပိချက်နှင့်စားရန်အတွက် သရက်ကင်းကိုအခွံချွတ်ပြီး ပါးပါးလှီးတာရယ်။ ရှောက်ရွက်ရယ်၊ ခရမ်းကျွတ်သီးသုံးလေးလုံးကို လေးစိတ်စီစိတ်ထားတာရယ်၊ ပဲသီးတောင့်ရှည်ကို သုံးပိုင်းစီ ပိုင်းထားတာရယ်၊ သခွားသီး သေးသေးရှည်ရှည်တို့ကို အညှာလှီးပွတ်လျက် အရှည်လိုက်လေး စိတ်ခွဲကာ အားလုံးကို ရေထပ်ဆေးလိုက်ပြီးမှ ကြွေပန်းကန်ပြားကြီးထဲ ကြည့်ကောင်းစေရန် စီထည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကို ထမင်းအုပ်ထဲ ခူးထည့်ကာ အားလုံးကို ဘာလိုသလဲစေ့စေ့စပ်စပ်ကြည့်ပြီးမှ အိမ်ရှေ့သို့ထွက်ခဲ့ပါ၏။ သူနှင့်ဖေဖေက အလုပ်ကိစ္စတွေပြောနေလို့ပါလေ။

''အဆင်သင့်ဖြစ်ပါပြီ ဖေဖေ''

''ကဲ! ထမင်းစားကြစို့ မောင်ကျော်စွာ။ အန်ကယ်တို့ကတော့ ဦးမိုးမြင့်လို Hotel တွေမှာ လိုက်မကျွေးနိုင်ပေမယ့် အိမ်မှာတော့ ကျွေးချင်လို့ပါကွယ်''

''ဟုတ်ကဲ့ပါ အန်ကယ်၊ ကျွန်တော်ရော ဒက်ဒီပါ အိမ်ထမင်းအိမ်ဟင်းကိုပဲ ပိုပြီးနှစ်သက်ကြတာပါ''

''ဒါဆိုအတော်ပဲပေါ့၊ သမီးလက်ရာလေး ဝေဖန်လို့ရမှာလေ''

တွေ့လား. . . ဖေဖေကိုယ်တိုင်ကိုက သူမကို ချွန်စေချင်နေတာလေ။ မျက်နှာချင်းဆိုင်ခုံတွေမှာ ထိုင်စေပြီးမှ ထမင်းပန်းကန်တွေကို ထမင်းခပ်ပြီးထည့်ပြီး ဖွန်းခက်ရင်းအသင့်ပြင်ပေးလိုက်ပါသည်။ ဟင်းချိုပူလာပြီမို့ ရောက်ရွက်ပါးပါးလှီးထားတာနှင့် ရေတိုကောင်းမှုန့်ကိုခပ်ပြီးမှ ပန်းကန်လုံးတစ်လုံးစီကို ပန်းကန်ပြားနှစ်ချပ်ပေါ်မှာတင်ပြီး ဟင်းချိုသောက်ဖွန်းအသေးစားလေးတစ်ခုစီတပ်ပြီးမှ သူ့အနီးတစ်ခွက်၊ ဖေဖေ့အနီးတစ်ခွက် တင်





ပေးလိုက်ပါသည်။

''အားပါး! စားတောင်မစားရသေးဘူး။ အနံ့က မွှေးလှချည်လား''

''အရသာပါ မြည်းကြည့်လိုက်ပါ မောင်ကျော်စွာ။ Hotel လက်ရာကိုမမီပေမယ့် မလျော့မှန်းသိသွားလိမ့်မယ်''

''ဟင်းဟင်း. . . အန်ကယ်ကတော့ ညွှန်းနေပြီ ညီမလေးရေ့၊ ဘယ်ဟာကို စမြည်းရမလဲ''

''သုံးဆောင်ပါရှင်''

''ညီမလေးဖို့ရော မပြင်ဘူးလား''

''နောက်မှပဲ စားမှာမို့လို့ပါ''

သူကခေါင်းညိတ်ပြလျက် ဟင်းချိုကိုတစ်ဖွန်းခပ်သောက်တာ စမြည်းလေ၏။ ဖေဖေမျက်ရိပ်ပြလိုက်တာမို့ ဟင်းတွေကိုတစ်ဖွန်းစီ ဖေဖေ့ပန်းကန်ထဲ အရင်ဆုံးဦးဖယ်ပေးပြီးမှ သူ့ပန်းကန်ထဲသို့ ထည့်ပေးလိုက်ပါ၏။

အရသာရှိမရှိ ဘာမှထပ်မပြောဘဲ သူစားနေတာမို့ ထမင်းကုန်ခါနီးမှာ သူမက ထမင်းအုပ်ကို ယူလိုက်ပြီး ထမင်းထပ်ပေးတော့ သူက မငြင်းပါလေ။

''ဘယ်လိုလဲ မောင်ကျော်စွာ''



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကိုအရသာရှိပါတယ် အန်ကယ်၊ ဟင်းတိုင်းမှာ စေတနာအရင်းခံပြီး ချက်ထားမှန်းသိသာစေပါတယ်"

"တယ်ဟုတ်ပါလား"

"ငါးပေါင်းထားတာ အရမ်းလည်းမချို၊ သိပ်လည်းမချဉ်ဘူးနော်။ အရသာအတော်ပဲ။ ဝယ်ထားတာမဟုတ်ဘူးမှတ်လား"

"ကျွန်မကိုယ်တိုင်ပဲ မနက်ကတည်းက ပေါင်းထားတာပါရှင်"

"စိတ်ကူးမလွဲနဲ့ အန်ကယ်"

"ဘာလို့လဲ မောင်ကျော်စွာ"

"အန်ကယ့်သမီးကို Restaurant ဖွင့်ပေးလိုက်ဖို့ပေါ့"

ရယ်သံခပ်အုပ်အုပ် ထွက်လာလေ၏။ တော်သေးတာပေါ့။ အန်ကယ့်သမီးကိုရတဲ့ယောက်ျားတော့ ကံကောင်းပြီလို့ မပြောလို့လေ။ နို့မို့ သမီးဖြစ်သူအပေါ် အူတိုတတ်တဲ့ဖေဖေနဲ့တော့ မလွယ်ပါလေ။

"ကျွန်တော်တို့ကုမ္ပဏီမှာပဲ သူ့ကိုအလုပ်သွင်းမလား အန်ကယ်"

ဟင်းချိုထပ်ခပ်ရန်ပြင်ရင်း လက်ပူသွားရပါ၏။ ဖေဖေ့ထံမှ ဘာစကားမျိုးမှထွက်မလာပါလေ။ ဒီစကားကိုသာ သူရသိ





ရင်တော့ ဒေါသထွက်တော့မှာလေ။

ဦးကျော်စွာမိုးမြင့်ပြန်တော့ ခြံဝအထိလိုက်ပို့ရင်း တစ်ဖက်ခြံထဲမှ စူးစူးကြီးစိုက်ကြည့်နေသည့်သူ့ကို လှမ်းမြင်လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ဟော့! မိဒါ"

"ဘာလဲဟာ"

"လာခဲ့ဦး"

ဘုရားမှပြန်ရောက်ခဲ့တော့ မှောင်ရိပ်ပျိုးပြီအချိန်လေးပါလေ။ ဒါကိုတောင် ဒင်းက ခြံထဲကနေ လှမ်းခေါ်နေတုန်းပါပဲလား။ အိမ်ရှေ့တံခါးကို အသာစေ့ပိတ်လျက် အိမ်ပေါ်မှဆင်းလာခဲ့ပါ၏။ လာခဲ့ဦးဆိုသည့်လူက သူ့မတို့ခြံထဲကို ရောက်နေတာပါလေ။

"ဘာလဲ သူရရယ်၊ တစ်နေ့လုံး ပင်ပန်းလို့ ငါနားချင်ပြီဟာ"

သူက ဘာမှပြန်မပြောဘဲ သူ့မလက်မောင်းကိုဆုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လျက် ခြံဘေးတံခါးကိုတွန်းဖွင့် ဆွဲခေါ်လေ၏။ ရန်လုပ်မှာတောင် သူ့ခြံထဲကိုဆွဲခေါ်ရတယ်လို့ သူရရယ်။ ခက်ပါ့။

"နင် ညာတယ်"

"ငါက ဘာညာလို့လဲ"

"နင်နော်၊ ငါ့ကိုမုန်လာဥမလုပ်ချင်နဲ့၊ နင့်အိမ်လာမယ့် ညှိသည်က နင်ပြောတော့ အဘိုးကြီးဆို"

"အေးလေ"

"ဘာ! နင်တော့ နာတော့မယ်နော် မိဒါ။ ငါ့မျက်လုံးနဲ့ တပ်အပ်ကြီးမြင်တာ။ နင်ဘယ်လိုလိမ်မလို့လဲ"

တရှူးရှူးတရှဲရှဲဖြစ်လာသည့်သူ့ကို လရောင်အောက်မှာ ကြည့်ရင်း ရယ်ချင်မိသွားရပါ၏။ ပြုံးစိစိဖြစ်နေတာကို မနည်းကြီးကုန္ဒြေဆည်ထားရတာလေ။

"ငါလည်း ဘယ်သိပါ့မလဲဟဲ့၊ ဖေဖေက သူ့သူငြွေးလာမယ်ပြောပြီးကာမှ ဟိုကနေမကောင်းဖြစ်နေတာနဲ့ သူ့သားကို လွှတ်လိုက်တာ"

"ဒါနဲ့ပဲ အဲဒီကောင်ကို နင်ကချက်ပြုတ်ကျွေးရောပေါ့ လေ"

"နင်ကလည်း ငါချက်ထားတာ ကြာနေပြီပဲဟာကို၊ လာ





တဲ့သူကိုပဲ ကျွေးရတာပေါ့။ ဘာဖြစ်လဲ"

"ဘာ,ဘာဖြစ်လဲလို့မပြောနဲ့၊ အဲဒီကောင် ဘာတွေပြော ခဲ့သလဲ"

"ဘယ်သိမှာတုန်း"

"နင်ညှိခံရတဲ့ဟာ၊ ဘူးမခါပြန်နဲ့ မိဒါ။ ငါ့အကြောင်း နင်သိတယ်နော်"

ပြဿနာပဲ၊ အလုပ်သွင်းပေးဖို့ကိစ္စအထိသာ ပြောမိရင် ခင်းလက်ချက်နဲ့ ငါသေဖို့ပဲရှိတော့တယ်။ စိတ်မြန်လက်မြန် ဒေါသ အိုးရဲ့။

"ဖေဖေနဲ့ပဲ အလုပ်ကိစ္စပြောကြတဲ့ဟာပဲ သူရရယ်။ ငါ့ ကိုပြဿနာမရှာချင်စမ်းပါနဲ့"

"မိဒါ"

"ဟဲ့! ဟိုကလေးတွေ မှောင်ကြီးမည်းကြီးထဲ ဘာလုပ် နေကြတာလဲ။ စကားပြောရင်လည်း လင်းလင်းချင်းချင်း အိမ်ထဲ ဝင်ပြောကြမှပေါ့။ မြွေပါးကင်းပါးနဲ့ ခက်တာပဲ"

အန်တီမေ လှမ်းအော်လိုက်သော်ငြား သူက တုတ်တုတ် မှမလှုပ်ပါချေ။ အိမ်ကွင်းဆိုပြီး မိုလ်ကျတဲ့ချာတိတ်လိုပါပဲလား နော်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ အန်တီမေ ခေါ်နေပြီ"

"ခေါ်ခေါ် . . . မရှည်နဲ့၊ နင့်ကိုစွပြတ်သေးတာမဟုတ်ဘူး"

"ငါက ဘာလုပ်နေလို့လဲ"

"အဲဒီသူဌေးသားက ဘာအထာလဲ"

"ကျစ်! ခက်လိုက်တာဟာ၊ ဖေဖေ့မွေးနေ့ဖိတ်တာကို လူစားလွှတ်လို့လာတဲ့ဧည့်သည်ပါလို့ ဒီလောက်ရှင်းပြနေတာကို တောင် နင်နားမလည်ဘူးလားဟဲ့"

"လည်တယ်, လည်တယ်၊ လည်သမှ မှတ်နေအောင် လည်တဲ့ကောင်။ နင့်အိမ်ကို အကြောင်းမရှိဘဲနဲ့တော့ အဲဒီကောင် လာစရာကိုမရှိဘူး"

သက်ပြင်းကို ဆောင့်ချလိုက်မိ၏။ စိတ်ကြီးရယ် ည ပါ့။ ဒီလိုခေါင်းမာတဲ့သူငယ်ချင်းမျိုးနဲ့ ဘယ်ဘဝရေစက်ကြောင့် လာဆုံနေရတာပါလိမ့်နော်။

"အမှန်အတိုင်းပြောရမှာလား"

"အေးပေါ့၊ မပြောရင် ဒီမှာတွေ့လား"

မျက်စိရှေ့တည့်တည့်မှာ လက်သီးဆုပ်က ခပ်ကြီးကြီး လူကိုအရိုးလေးပဲရှိတယ်ဆိုပြီး အနိုင်ကျင့်လာတဲ့ကာလက





သင့်ပါပြီလေ။

"ကိုကျော်စွာကလေ"

"ဘာ! ဘယ်လိုခေါ်လိုက်တယ်"

"ဟင်! သူ့နာမည်က ကိုကျော်စွာမိုးမြင့်မို့လို့ ကိုကျော်စွာလို့ခေါ်တာ ဘာဖြစ်လဲ"

"မခေါ်နဲ့၊ ဦးတပ်ခေါ်။ ဒါပဲ"

"ဖြစ်ရပြန်ပြီ"

"သူက ဘာတဲ့လဲ"

"သူက"

"အင်း"

"ငါ့ကို"

"မိဒါနော်၊ ပြောတော့ ဦးဦးကိုရှာကျွေးချင်လို့ဆိုပြီး လင်ကောက်ယူမယ်မကြံလေနဲ့"

"ဘာ! "

စိတ်တိုလိုက်တာ မပြောပါနဲ့။ မိဒါကတော့ ပြောတာနဲ့လုပ်တာ တခြားစီဖြစ်နေတာလေ။ အဲဒီလူကို သူကိုယ်တိုင်တွေ့ခဲ့တာမို့ တစ်နေ့လုံး ဘယ်လိုမှနေလို့မရတာကို သူမသိပါရဲ့လား။ ဟိုပြတင်းပေါက်ရဲ့လိုက်ကာကိုဖွင့်ကြည့်လိုက်၊ အိမ်ရှေ့ဝရံတာ



www.burmeseclassic.com

www.burmeseclassic.com



ကနေ ငုံ့ကြည့်လိုက်ဖြင့် ဗျာများနေတာကို မေမေက 'ဆပ်ပြာသည် လင်ပျောက်၊ မျောက်မီးခဲကိုင်သလို မျက်စိနောက်လိုက်တာ'ဆိုပြီး ပြောခဲ့သေးတာလေ။

ဒါကို ဒင်းကမသိဘဲ တစ်နေ့လုံး အဲဒီညှော်သည်ကိုညှော်ခံပြီး မျက်နှာလေးတောင် ဒီဘက်ကိုတစ်ချက်မှမပြခဲ့တာကို။ ညှော်သည်ပြန်ပြီး တအောင့်ကြာတော့ သားအဖနှစ်ယောက်သား လက်ချင်းချိတ်ပြီး ရွှေတိဂုံစေတီကို ဘုရားဖူးဖို့ ချီတက်သွားကြတာလေ။ လိုက်ပို့ပေးပါ့မယ်ပြောထားတာကိုတောင်မှ ရှုပ်တယ်လို့များ ယူဆထားလေသလား။ ငါစိတ်တိုတယ် မိဒါ။

"နေစမ်းပါဦး။ ငါက ယောက်ျားယူမယ်လို့များ ပြောနေလို့လား။ ပြောစမ်းပါဦး"

"မဟုတ်ရင် နင်မနာနဲ့ပေါ့"

"နင်ဒီလောက်ထိ ပြောစရာမလိုပါဘူး သူရရဲ့။ ငါက လမ်းပေါ်မှာ လပ်လျားလပ်လျား လမ်းသလားနေတာမဟုတ်ဘူး။ ဖေဖေတောင် ဘာမှမပြောဘဲနဲ့ နင်က ကပ်ဖိုးကပ်ဖဲ့ပြောဖို့လိုလား"

"အေးပေါ့၊ နင့်အဖေက ငါနဲ့ကျ မတူဘူးမတန်ဘူးပြောခဲ့ပြီး သူ့ Boss ရဲ့သားနဲ့ကျ သဘောတူပေမပေါ့"





"သူရ"

"အစ်ကိုလေး။ ကြီးမေက အိမ်ထဲကိုလာကြတဲ့"

အနီးသို့ မကြူပင် ရောက်လာပေပြီ။ နှစ်ယောက်သား အိမ်ထဲမဝင်လာတာမို့ လူခေါ်ပြီးလွှတ်ပြီပဲ။ သူမက သူ့ကိုဒေါသထွက်နေပုံဖြင့် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလေ၏။ ဒင်းကပဲ ဒေါသဖြစ်ရတာယ်ရှိသေး။ ငါက ပိုပြီးတောင် မှ ဒေါပွနေတာ မိဒါရေ့။

"ငါပြန်တော့မယ်"

"ဒီလိုလုပ်လို့ရမလား"

သူ့ရှေ့မှ လှည့်ထွက်လိုက်တာကို မိဒါရဲ့လက်ကောက်ဝတ်ကို သူ ဖျတ်ခနဲဆွဲကိုင်လိုက်ပါ၏။ ဒင်းကများ စိတ်ကောက်ချင်တာပါလားနော်။

"မေမေခေါ်နေတာကို ရှောင်လို့ရမလား"

"မသိဘူးဟာ"

"မသိလို့ရမလား. . . လာ"

"သူရနော်၊ အငယ်ဆိုပြီး နင်သိပ်ဗိုလ်ကျတာပဲသိလား"

"အပိုတွေပြောမနေနဲ့၊ လပိုင်းလောက်မဖြစ်စလောက်လေး ကြီးတာကို Power သိပ်မပြချင်နဲ့ ယွန်းသဒ္ဒါ။ ငါ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



နင်သိတယ်နော်"

"အံကျိတ်ကြိမ်းပြလိုက်ပြီး ဆွဲခေါ်ခဲ့တော့လည်း ပါလာရတာပါပဲ။ ဖေဖေနဲ့မေမေက ထမင်းစားပြီးပြီမို့ ညည်ခန်းမှာ အချိုပွဲစားနေကြတာပါလေ။

"ဘယ်လိုဖြစ်ပြီး နှစ်ယောက်စလုံး မျက်နှာက ရှစ်ခေါက်ချိုးဖြစ်နေရတာလဲ"

"မေမေ့သမီးကို မေးကြည့်ပေါ့"

"အံမာ! ငါ့ကိုများ အပြစ်ပုံချချင်နေသေးတယ်။ နင်ကမှ ပြဿနာရှာတာ"

"ငါရှာတာမဟုတ်ဘူး။ နင်ကမှ ရှာတာ"

"သူရနော်"

"ကဲ... ထိုင်ကြစမ်းပါကွာ၊ ဘယ်လိုဖြစ်ပြီး မြင်တာနဲ့ ကိုက်နေကြတာလဲ။ အရွယ်တွေလည်း မငယ်တော့တာကို သားတို့ကကွာ"

"ဦးဦးကလည်း သမီးတို့က ခွေးနဲ့ကြောင်မှမဟုတ်တဲ့ဟာကို"

"ခွေးနဲ့ကြောင်မဟုတ်ရင် စကားမများကြနဲ့ပေါ့။ ကဲ! လင်းစမ်းပါဦး မောင်မြတ်သူရကို၊ ရှင်တို့နှစ်ယောက်ရဲ့ကိစ္စ၊ မနက်





တည်းက ဘာမှဟုတ်တိပတ်တိမစားဘဲ နေမထိထိုင်မသာဖြစ်နေတာ မျက်စိကို နောက်စရာ"

သူတစ်နေကုန် ထမင်းမစားဖြစ်တာကို သိသွားတော့ မအံ့ဩသွားလေ၏။ သိပြီလား... နင့်ကြောင့် တစ်နေ့လုံး ဘာမှစားလို့မဝင်ခဲ့တာလေ။

"မိဒါက ညာတာကိုး မေမေရ"

"ငါဘယ်မှာညာလို့လဲ၊ ပြောပြန်ပြီ"

"အဘိုးကြီးလာမယ်ဆိုပြီး ငါ့လောက်အရွယ်ကောင်လေးတာ နင်ညာတာမဟုတ်လို့ ဘာလဲပြော"

"ကျစ်! နင်နော်၊ လူကြီးတွေရှေ့မှာ ငါ့ကို မဟုတ်မဟပ်ယ်မကြဲလေနဲ့"

"အဲဒါ နင်စလုပ်လို့ ပြောရတာလေ"

"ကဲပါ၊ သမီးပြောတာကို သေချာနားထောင်ပါရစေဦးရယ်။ ခဏလောက် တိတ်တိတ်နေပေးပါ"

မေမေပြောလိုက်တာမို့ သူငြိမ်လိုက်ရပါ၏။ နှစ်ယောက်ဆိုဖာပေါ်မှာ အတူထိုင်တာမို့ မိဒါက သူ့နားမှ ခပ်ဝေးဝေးထိုင်လိုက်လေသည်။ ကြည့်စမ်း! သူ့ကိုများ မတူမတန်တယ်လို့။



www.burmeseclassic.com

"ဘာမှမဟုတ်ပါဘူး အန်တီမေရယ်၊ ဖေဖေ့မွေးနေ့ကို ကုမ္ပဏီကသူဌေးကို ထမင်းဖိတ်ကျွေးတာ။ အဲဒါ သူဌေးက သိမ် နေမကောင်းလို့ဆိုပြီး သူ့သားကို ကိုယ်စားလွှတ်ပေးလိုက်တာ ကိုမြင်ပြီး သမီးကို သူပြဿနာရှာနေလို့ပါ"

"မိဒါ"

"နေဦး။ ကိုမိုးမြင့်သားက ဘာပြောသွားသေးလဲသမီး"

"ဟိုလေ, ကိုကျော်စွာက"

လက်ဖမိုးကို ဆတ်ခနဲလှမ်းဆွဲလိုက်တာမို့ သူမမျက်နှာ လေး ရှုံ့တွသွားပါ၏။ ဒီလောက်ပြောထားတာတောင်မှ ကိုကျော် စွာလို့ ပြောရတာပါပဲလား မိဒါ။

"မောင်ကျော်စွာက ဘာတဲ့လဲ"

"ဟို. . . ဟို. . . သမီးကို သူတို့ကုမ္ပဏီမှာပဲ အလုပ် လုပ်ချင် ဝင်လုပ်ပါလို့ပြောတာပါ ဦးဦး"

"အံမာ! နင့်ကို ငါအစောကြီးကတည်းက ပြောပြီးသား နော် မိဒါ။ ငါ့အလုပ်မှာ သွင်းပေးမယ်ဆိုတာ သိရဲ့သားနဲ့ အဲ ကောင်ရဲ့ကုမ္ပဏီမှာ ဘာလို့ဝင်လုပ်မလို့လဲ"

"ငါကလုပ်မယ်ပြောလို့လား"

"ဘာ!"





"ဟို. . . သူ့အလုပ်မှာ မလုပ်ပါဘူးလို့ပြောတာပါဟဲ့"

"တကယ်နော်"

"ဟုတ်တယ်၊ သူစိမ်းသူရံဆီမှာ သွားလုပ်စရာမလိုပါ ဘူးသမီးရယ်။ ဦးဦးတစ်ယောက်လုံးရှိတာ သူများကို အားမကိုး လေနဲ့"

"ဒါဆိုလည်း ပြီးရောပေါ့၊ ဗိုက်ထဲအစာမရှိတာ ဗိုက် အောင့်နေမှာပေါ့။ သား ထမင်းသွားစားတော့လေ"

"မစားချင်ပါဘူး"

"မစားလို့မရဘူး။ သမီးပဲ ချော့ကျွေးပေးပါကွယ်။ သူ့ အကြောင်းသိတယ်မဟုတ်လား"

မျက်စောင်းခဲလိုက်ပြီး သူ့လက်မောင်းကို ဆွဲထူခေါ် လိုက်တာမို့ ထရပ်လိုက်ရပါ၏။ သူတို့နှစ်ယောက်ကိုကြည့်နေမည့် မိဘတွေ၏မျက်ဝန်းကိုတော့ ထိုစဉ်က သတိမထားမိခဲ့တာ အမှန် ပါလေ။

www.burmeseclassic.com



## ၂၀ ရာစု အလွမ်းသီချင်း

– အချစ်ဆိုတာ
ပျော်ရွှင်စရာတွေ ရောစပ်ထားတဲ့
လွမ်းစရာဖျော်ရည်တစ်ခွက်ဆိုရင်လည်း
(ငါ့အတွက်တော့)
တန်ဖိုးကြီးတဲ့အရာပါပဲ....

– အနာဂတ်ကို ကြိုမတွေးဘဲ
နင့်လက်ကိုတွဲလို့
မိုးမမြင်လေမမြင်
လျှောက်လှမ်းကြည့်ချင်တယ်....

– တကယ်ဆို ဘာမှန်းမသိတဲ့
မနက်ဖြန်တွေတိုင်းမှာ
ရင်ခုန်သံတွေ နိုးရိမ်နေရင်း
ချစ်ခြင်းတွေ ရပ်တန့်ဖို့
နှလုံးသားက စက်ရုပ်မှမဟုတ်ခဲ့တာ....

– ငြိမ့်ငြိမ့်လေး စီးမျောရင်း
ပြင်းရှရှရသကို ခံစားရအောင်လည်း





အချစ်က
တန်ဖိုးကြီးပိုင်တစ်ခွက် မဟုတ်ခဲ့ပြန်ဘူး....

– ခေတ်ရာတွေ ဇလပွန်နဲ့
ရင်ဘတ်ကြီး စုတ်ပြတ်နေလည်း
အချစ်ဆိုတာကို
တကယ်တန်ဖိုးထားတတ်ရင်
တန်ဖိုးကြီးအရာတစ်ခုပါပဲ....

– မင်းမရှိရင် ရှေ့ဆက်ရမယ့်
မနက်ဖြန်ကို တွေးမိရုံနဲ့
ကမ်းမမြင်တဲ့ဝင်လယ်ကို
ဝင်ပန်းတကြီးဖြတ်သန်းရသလို
(ငါ့ဘဝလည်း)
အမိဂွာယ်မဲ့သွားခဲ့ရတယ်....

– နှလုံးသားလေး တစ်ချက်ခုန်သွားတိုင်း
နင့်ကို တစ်ခါလွမ်းရမယ်ဆိုရင်
ငါ....
အလွမ်းဖျော်ရည်တွေကို
မော့သောက်ခဲ့တာ ကြာပေါ့....



www.burmeseclassic.com

www.burmeseclassic.com

Please,
Don't blame the destiny.

ကျေးဇူးပြု၍....
ကံကြမ္မာကို အပြစ်မတင်ပါနှင့်....



## အခန်း (၉)

အလုပ်ဝင်တော့မှာမို့ လူက ခါတိုင်းထက် ဝီရိယပိုရှိရလေ၏။ ခပ်စောစောထပြီး ထမင်းဟင်းချက်ကာ ဘုရားဝေယျာဝစ္စလုပ်ပြီးမှ အိမ်သန့်ရှင်းရေးလုပ်ရပါ၏။ ထမင်းချိုင့်တွေကိုယ်စီပြင်ပြီးမှ ဖေဖေဝတ်သွားရန်ဝတ်စုံကို မီးပူထပ်ထိုးပေးဖို့ ဖေဖေ့အခန်းထဲ ဝင်လိုက်ပါသည်။

"ဖေဖေ"

". . ."

"ဖေဖေ, ခုနစ်နာရီကျော်နေပြီနော်၊ ဒီနေ့ သမီးအလုပ်ဝင်ရဲ့တော့မှာ။ နောက်ကျလို့မဖြစ်ဘူး"

"သိပါတယ် သမီးရာ၊ အလုပ်ဖြင့် မလုပ်ရသေးဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ် အတွင်းရေးမှူးလိုလေသံနဲ့ ဖေဖေ့ကိုပြောနေတာပါပဲလား"

"မဟုတ်ပါဘူး ဖေဖေရယ်၊ သမီးရဲ့အချိန်မရှိတော့လို့ပါနော်"

"အေးပါ. . . အေးပါ"

အိပ်ရာထဲမှ လူးလဲထလာတဲ့ဖေဖေ့မျက်နှာက ကြည်ကြည်လင်လင်ပါပဲလား။ ညနေ အိမ်ပြန်နောက်ကျရင် ဖေဖေထမင်းစားရမှာမို့ မနက်ကတည်းက မနက်ညစာ တစ်ခါတည်းချက်ထားတာပါ။

"သမီးရော ရေမချိုးသေးဘူးလား"

"ဖေဖေပြီးမှပဲ ချိုးမယ်"

"ပြီးရော"

ဖေဖေရေချိုးနေစဉ် မနက်စာထမင်းပွဲကို အဆင်သင့်ပြင်ထားလိုက်ပါ၏။ သူရတို့ကုမ္ပဏီက Uniform ချုပ်ပေးမှာမို့ လောလောဆယ် ဒီနှစ်ပတ်မှာပဲ အပြင်ဝတ်စုံဝတ်ရမှာလေ။ ဖေဖေရေချိုးပြီးတော့မှ သူမရေချိုးပြီး သနပ်ခါးလိမ်းကာ ဆံပင်ကိုဆံညှပ်ဖြင့် (သေချာဖြီးပြီးမှ) ညှပ်ထားလိုက်ပါ၏။

"ဘာကားစီးရမှာလဲ"





"အထူးကားတွေပဲ စီးမှာပေါ့ဖေဖေရ၊ မြို့ထဲပဲဟာ။ ကားပေါပါတယ်"

ထမင်းစားပွဲ ထိုင်နှင့်နေပြီဖြစ်သည့် ဖေဖေ့ရဲ့အမေးကိုနာရီပတ်ရင်း ဖြေလိုက်မိ၏။ ဒီနာရီက သူမမွေးနေ့တုန်းက သူရဝယ်ပေးတာလေ။ အပြင်ခေါ်သွားပြီး ဘုရားလိုက်ပို့ပေးတာရောကျွေးမွေးတာကို တစ်ခါတည်းလုပ်ပြီး နာရီဆိုင်ထဲ ဆွဲခေါ်ကာကိုယ်တိုင်စိတ်ကြိုက် ရွေးဝယ်ပေးခဲ့တာပင်။

"ဖေဖေတော့ မျက်နှာပူရတော့မယ်"

"ဘာဖြစ်လို့လဲ ဖေဖေ"

"ကိုမိုးမြင့်တို့သားအဖက ဖေဖေ့သမီးကို ဖေဖေနဲ့အတူတူ ကုမ္ပဏီဝင်လုပ်မယ်လို့ပဲ ထင်ထားတာလေ"

"သမီးလုပ်ပါ့မယ်လို့ ကတိမှမပေးခဲ့တာ ဖေဖေရယ်။ သမီးက လုပ်ငန်းကျွမ်းကျင်တဲ့အလုပ်သမားလည်း မဟုတ်ဘူးလေ။ ဖေဖေ ဘာများပြောထားသေးလို့လဲ"

ခေါင်းခါပြလေ၏။ ဘာမဆို ဒီအဖေနဲ့ဒီသမီး ပွင့်လင်းစွာတိုင်ပင်နေကျမို့ ဘာကိုမှထိန်ချန်လျှို့ဝှက်ထားစရာ မလိုအပ်တာလေ။ ထမင်းကြော်ကို ငရုတ်သီးငါးပိချက်လေးနှင့်ပင် မနက်အဆာပြေစားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ညနေ ဖေဖေစောစောရောက်ရင် ထမင်းရော ဟင်းကိုပါ နွေးပြီးမှစားနော်။ ငါးကြင်းဆီပြန်ကိုတော့ အုပ်ဆောင်းအောက်မှာပဲ သမီးအုပ်ထားမှာ။ ကင်ပွန်းချဉ်ရွက်ဟင်းချိုပဲ နွေးရမယ်။ သမီးအရင်ရောက်ရင် ကိစ္စမရှိဘူး"

"အေးပါ သမီးရာ"

"သော့ကို သစ်ခွအိုးထဲထည့်ခဲ့မယ် ဖေဖေမမေ့နဲ့နော်"

"အေးပါ"

"သမီးအရင်သွားနှင့်ပြီနော်၊ ပြတင်းပေါက်တွေ ပိတ်ပေးခဲ့မယ်။ အိမ်ရှေ့ခန်းတံခါးပဲ ဖေဖေပိတ်ရမှာ"

စိတ်မချသလိုရှုတ်နေတာမို့ ဖေဖေပြုံးလေသည်။ အိမ်ရှင်မတာဝန်ဆိုတာ တစ်အိမ်လုံးလုပ်စရာတွေ ပြည့်နေတာလေ။ မနက်အချိန်မရတော့တာမို့ ညနေမှပဲ ပန်းပင်တွေ ရေလောင်းရတော့ပေမည်။

"ဪ... မေ့တော့မလို့"

ထမင်းချိုင့်တစ်ဖက် အိတ်တစ်ဖက် ယူလိုက်ပြီးမှ ပြန်ချကာ ဧည့်ခန်းခုံမှာ ဂျာနယ်ထိုင်ဖတ်နေသည့်ဖေဖေ့ရှေ့ ကြမ်းပြင်ထက် ကျုံ့ကျုံ့လေးထိုင်လိုက်ပါ၏။ မနက်ရုံးသွားချိန်နှင့် ညအိပ်ရာဝင်ချိန်တိုင်း မိဘတွေကို ကန်တော့တာ သူမ၏အကျင့်





မို့ပါလေ။

"ဖေဖေ့ကို ကန်တော့ပါတယ်"

"သာဓုပျာ၊ သာဓု... သာဓု၊ ဖေဖေ့သမီးလေး သွားလေရာ လာလေရာ အလုပ်လုပ်ရာနေရာ ခလုတ်မရှိ ဆူးမရှိ အန္တရာယ်ကင်းပြီး အစစအရာရာ အလွယ်တကူအောင်မြင် ပြီးမြောက်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ပြည့်ပါရစေ ဖေဖေ၊ အိမ်ကထွက်တာ နောက်မကျစေနဲ့ဦးနော်"

"အေးပါ၊ ပူတတ်ရန်ကော။ ဖေဖေ့ဖယ်ရီက လမ်းထိပ်မှာစောင့်တာ အချိန်မှန်ပါတယ် သမီးရယ်"

"သမီးသွားပြီ"

'လှေကားသုံးထစ်ကို ဆင်းလိုက်ပါ၏။ မြေနီလမ်းလေးဘေးမှာ အုတ်ခဲလေးတွေကို တစောင်းစီကာ ထုံးသုတ်ထားတာမို့ သူမအိမ်ရှေ့လမ်းကလေးက လှလှပပ။ ရွက်လှပင်တို့ကလည်း စိမ်းစိမ်းစိုစို။ ဝရံတာမှာ ချိတ်ထားသည့်သစ်ခွအိုးကလေးတွေကလည်း အစီအရီမို့ ရေနံ့ဝနေသည့်သစ်သားအိမ်လေးနှင့် ပနံရနေတာပါလေ။

ခြံတံခါးသေးသေးလေးကိုဖွင့်၍ ထွက်လိုက်စဉ် တစ်



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှာ ရေပိုက်ဖြင့်ရေလောင်းနေသည့် မကြူက ရုတ်တရက် လှမ်းခေါ်လိုက်လေ၏။

"မမဒါ"

"ဟင်. . . ဘာလဲ မကြူ"

"အစ်ကိုလေးက မဒါထွက်လာရင် ခေါ်လိုက်ပါတဲ့"

"အာ. . . အလုပ်စဆင်းရပါမယ်ဆိုနေမှ ဒင်းက တစ်မျောင့်။ ဘာလုပ်မလို့တဲ့လဲ"

"သိဘူး"

"ကျစ်! ဒင်းကတော့လေ"

သူတို့အိမ်ရှေ့ ခြံတံခါးဘေးရှိ လူဝင်ပေါက်တံခါးအသေးလေးကို မကြူ လာဖွင့်ပေးလိုက်တာမို့ ဝင်ခဲ့ရပါ၏။ လက်မှနာရီကို တစ်ချက်ကြည့်တော့ ရှစ်နာရီကျော်နေပြီလေ။ ဒီငရစ်ကတော့ ဘာခေါ်ရစ်ဦးမလို့ပါလိမ့်နော်။

"ဝင်သွားလိုက်နော်"

"အင်းပါ"

စောစောစီးစီး ဒင်းက နှောင့်ယှက်ချင်နေတာမို့ မျက်နှာကို မှုန်ကုပ်ကုပ်ဖြစ်သွားရလေ၏။ အိမ်ရှေ့ကိုရောက်တော့ လူရိပ်သော်မျှ မမြင်ရ၊ ဒီကောင် အိပ်ရာက မထသေးဘူးထင်ပါရဲ့။





"အန်တီမေ"

"အထဲဝင်ခဲ့ သမီးရေ"

"သူရရော. . . ခေါ်တယ်ဆို"

"သားက ရေချိုးနေတုန်းသမီးရေ့၊ ဘာစားခဲ့လဲ။ ဒီမှာ အန်တီ မုန့်ဟင်းခါးချက်ထားတာ စားသွားဦးမှပေါ့"

"မစားတော့ပါဘူး အန်တီမေ၊ သမီး ထမင်းကြော်စားလာပါတယ်။ သူ့ကိုစောင့်ရင် သမီးအလုပ်နောက်ကျမှာ"

"ဩော်. . . ဘာလို့နောက်ကျမှာလဲ သမီးရဲ့၊ သားနဲ့ အတူသွားရမှာကို စိုးရိမ်နေပြန်ပြီ"

"ဟင်! သမီးက သူရနဲ့"

"အေးလေ၊ သားရဲ့ကားနဲ့ အတူသွားပေါ့သမီးရဲ့။ ဘာဖြစ်လို့လဲ"

"မဟုတ်ဘူးလေ ဦးဦးရဲ့"

"ဘာမဟုတ်ရမှာလဲ၊ ဦးက ဦးရဲ့ကားပဲလေ။ သူရက သူ့ကားရှိတာပဲ။ သမီးနဲ့ကုမ္ပဏီတစ်ခုတည်းရှိတဲ့ဟာ၊ ဘာဖြစ်လို့တုန်း"

"ဟို. . . ဘာမှမဖြစ်ပါဘူး။ အားနာလို့"

"ဩော်. . . ဒီလူနဲ့ဒီလူ အားနာစရာလား သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေရေ့"

အပေါ်ထပ်မှအော်ခေါ်သံ ထွက်လာချေပြီ။ ရေချိုးပြီးပြီထင်ပါရဲ့။ ခုချိန်ထိ နောက်ကတကောက်ကောက် လိုက်လုပ်ပေးနေရတုန်းပဲလား သူရရယ်။

"ဝေ့!. . ."

"မီဒါ ရောက်ပြီလား"

"အေး"

"ရောက်ရင် လွှတ်လိုက်လေ"

"ကဲ! ခေါ်နေပြီ၊ သွားလိုက်ဦး"

မေးငေါ့၍ လွှတ်နေပြီမို့ ဧည့်ခန်းစားပွဲခုံပေါ်မှာ အိတ်နှင့်ချိုင့်ကို သွားထားပြီးမှ အပေါ်ထပ်သို့ တက်ခဲ့ပါ၏။ သင့်တော်၏ မသင့်တော်၏ဆိုတာကို အန့်တီမေတို့ မမြင်ဘူးတဲ့လား။ မေမေ သတိပေးထားသော်ငြား ဤအိမ်ကလူကြီးတွေက သူမအပေါ်မှာ ဘယ်လိုမှအပြောင်းအလဲမရှိတာ အမှန်ပါလေ။

"ငါရောက်ပြီ"

"ဝင်ခဲ့"

တံခါးရှေ့ရောက်တဲ့အမိန့်ပါပဲ။ Door lock ကိုအသာဖွင့်၍ ဝင်လိုက်စဉ် သူမအကြည့်ကို လွှဲလိုက်ရပြန်လေ၏။ ဒင်းက





တော့ အင်္ကျီမဝတ်ရသေးတဲ့ပုံစံနဲ့ လုပ်ပြန်ပြီလေ။

"အမယ်! ဒီ Colour နဲ့ သိပ်လန်းနေပါလား ယွန်းသဒ္ဒါရဲ့"

"ငါအောက်ပြန်ဆင်းတော့မယ်"

"နေပါဦး။ ငါဝတ်ဖို့အင်္ကျီ ရွေးပေးဦးလေ"

"ကျစ်! အဲဒါ ဘယ်အချိန်ထိ နိုင်းနေမှာလဲ"

"ဘာလဲ၊ နင်က မလုပ်ချင်ဘူးပေါ့လေ"

"မလုပ်ချင်လို့ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ"

သက်ပြင်းကျိတ်ရှိုက်လိုက်ရပါ၏။ အခြေအနေနဲ့ အချိန်အခါဆိုတာကို ဒင်း မတွက်ဆတတ်ပါလားနော်။ သူ့ဗီရိုကိုဖွင့်တော့ တဘက်ကို ပခုံးထက်တင်လိုက်ပြီး သူက အနည်းငယ်ရွှေ့လိုက်လေသည်။

"နင်မိန်းမရရင် ဘယ့်နှယ်လုပ်မလဲ"

"ဒီအလုပ်တွေကိုလား"

"အေး"

"အဲဒီအခါကျ သူလုပ်ပေးမှာပေါ့ကွ။ အခု မိန်းမမယူမချင်း မင်းလုပ်ပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ရှုံ့တွလိုက်မိပါ၏။ ဟွန်း! သူ့လက်အောက်မှာ အလုပ်လုပ်ရမှာမို့ အမိန့်တွေ နာခံရတော့မှာလေ။ သို့သော် ကုမ္ပဏီက အလုပ်လေ။ အိမ်မှာတော့ မခိုင်းသင့်ဘူးမဟုတ်လား။ လူကိုများ ငယ်ကျွန်တစ်ယောက်လို ငွေပေးဝယ်ထားတယ်လို့များ ထင်နေသလားမသိတော့ပါလေ။

"အေးပါ. . . ရပါတယ်"

"ဘာလဲကွ၊ အောက်ကလီအာလေသံမျိုးနဲ့ မကျေနပ်သလိုကြီး"

"နင့် Lady နဲ့ အမြန်ဆုံးတွေ့ရဖို့ ငါဆုတောင်းပေးမယ်။ သိလား"

"တောင်းတဲ့ဆုနဲ့ ပြည့်စေဗျား"

သူက သူ့မခေါင်းကို လာဖိလိုက်တာမို့ ခေါင်းကိုရှောင်လိုက်ရပါ၏။ စင်ရှည်လေးပေါ်မှာ မီးပူထိုးပြီးသားဝတ်စုံကို သူ့လက်ထဲ ထိုးထည့်လိုက်မိသည်။ သူ့မျက်နှာက ပြုံးစိစိနဲ့ပါလေ။

"မိဒါ"

"ဘာလဲ"

"ငါ ဒီလိုခိုင်းတာမျိုး နင့်ဘဲသာမြင်ရင် တော်တော်တင်းမှာပဲနော်"





မျက်စောင်းကို ခိုင်းခနဲခဲလိုက်မိ၏။ ဒါတော့ ဒင်းသိသားပါပဲလား။ ဒါနဲ့များတောင်မှ လူကိုညစ်ကျယ်ကျယ်နဲ့ ခိုင်းစားနေတာလေ။ အမြင်ကပ်တယ် သူ့ရယ်။

"နင်သိရင် ပြီးတာပဲ"

"ဘာဖြစ်လဲ ငါ့ကို ဟိုလိုမလုပ်ရ ဒီလိုမလုပ်ရ ကန့်ကွက်တာမျိုး လုပ်လာရင်တော့ အဲဒီကောင်ကို နင်ချက်ချင်းဖြတ်ရမှာပါပဲ"

တရားပါ့။ စိတ်တိုတာကို မပြတော့ဘဲ မီးပူပလပ်ကို ဖြုတ်ကာ သူ့ရှေ့မှအရင်ထွက်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ကားပေါ်ကို သူမတက်တော့ အန်တီမေက တိုက်ရှေ့ထိ လိုက်ပို့လေသည်။ ကုမ္ပဏီကိုရောက်ရင် ဝန်ထမ်းအသစ်က မန်နေဂျာရဲ့ကားနဲ့ အတူပါလာတာကိုမြင်ရင် ဘယ်လိုများ အတင်းပြောကြမှာပါလိမ့်နော်။ ခက်ပါရဲ့။

"မိဒါ"

"ဘာလဲ"

"အံမာ! လေသံက ခုထိမပြောင်းသေးဘူး။ နင် ငါ့လက်အောက်မှာ လုပ်ရမယ်ဆိုတာ သိတယ်မဟုတ်လား"

"အင်းလေ"

"ဒါဖြင့် ငါ့ကိုရိုရိုသေသေပြောတတ်မှပေါ့ဟ။ သိပ်မကြာ



www.burmeseclassic.com

www.burmeseclassic.com



ခင်မှာ GM ရာထူးကို ငါရတော့မယ့်ဟာ။ နင်က ဒီလိုမရှိမသေ ပြောနေရင် ကျွန်တဲ့ဝန်ထမ်းတွေက ငါ့အပေါ် အရှိအသေတန် ကုန်မှာပေါ့''

အမယ်လေးနော်၊ သူကပဲ ပြောရတယ်ရှိသေး။ ငယ် ငယ်ကတည်းက သူ့ကို သူမရဲ့မောင်လေးလို သံယောဇဉ်ရှိပြီး ချစ်ခဲ့ရတဲ့သူငယ်ချင်းပဲမဟုတ်ပါလား။ အခုမှလာပြီး သူ့ကိုရိုသေ ပြီးခေါ်ရမယ်တဲ့လေ။ အမြင်ကပ်လာပြီ သူရရေ့။

''ဒါဆို ငါက ဘယ်လိုခေါ်ရမှာလဲ''

''ဟ! မန်နေဂျာကို မန်နေဂျာခေါ်ပေါ့။ ဒါမှမဟုတ် ကို သူရလို့ခေါ်ရမှာပေါ့ မိဒါရဲ့။ နေဦး. . . နင့်ကိုယ်နင် ငါလို့သုံးတဲ့ အကျင့်ကိုလည်း ဖျောက်စမ်း''

တဟားဟားအော်ရယ်မိချေပြီ။ လူကိုများ အမိန့်တွေ ပေးနေရတယ်လို့။ ကိုသူရဆိုပဲ။ တစ်သက်လုံး ငါနဲ့နင်လို့ ပြော ခဲ့သမျှ ပြင်ရရင် ဟာသပြက်လုံးတွေချည်း ဖြစ်ရချည်ရဲ့နော်။ အံ့ပါရဲ့။

''ရယ်စရာဘာမှမပါဘဲ ဘာလို့ရယ်နေရတာလဲ''

''ဟီဟိ. . . နင့်အပြောက ရယ်စရာချည်းဖြစ်နေတာကိုး ဟဲ့''





''ပြောနေတဲ့ကြားက ဆက်ပြောနေပြန်ပြီ။ မိဒါနော်''

''ဒါဆိုလည်း ငါ့ကို မိဒါလို့မခေါ်နဲ့ပေါ့ဟဲ့။ နင်တောင် ခပ်နှိမ်နှိမ်ခေါ်နေတဲ့ဟာပဲ''

''ငါခေါ်တာ အကြောင်းလား၊ ဘာဖြစ်လဲ''

''ဟွန်း! ဒီလိုမှန်းကြိုသိရင် ကိုကျော်စွာကုမ္ပဏီမှာပဲ ဝင် လုပ်လိုက်ပါတယ်။ အဲဒီမှာဆို ဒီလိုဗိုလ်ကျတာမျိုးမရှိမှာ''

''မိဒါနော်၊ လာပြန်ပြီလား အဲဒီကောင်နာမည်။ ငါ့ကို လာမဆွနဲ့။ နာတော့မယ်''

ကုမ္ပဏီရှေ့မှာ ကားရပ်လိုက်ပြီမို့ မျက်နှာပိုးသတ်လိုက် ရလေ၏။ အင်းပေါ့လေ၊ ရောမရောက်မှတော့ ရောမလိုကျင့်ကြံ ရုံပဲရှိတော့တာပေါ့။ မဟုတ်ဘူးလား။

''လာ. . . ဝန်ထမ်းတွေနဲ့ မိတ်ဆက်ပေးမယ်''

သူခေါ်ရာနောက်သို့ အသာလိုက်လာခဲ့မိပါ၏။ Lift ထဲ ဝင်လိုက်တာမို့ သူမက ဓာတ်လှေကားဘေးဘက်က သံတန်းကို အမြန်ကိုင်လိုက်ရလေသည်။ ဒုက္ခပါပဲ၊ ဒီလိုသာ နေ့တိုင်းစီးပြီး အလုပ်လုပ်ရရင် နှလုံးရပ်ပြီး သေရချည်ရဲ့။

''ဘာဖြစ်တာလဲ''

ခေါင်းကိုသာ အသာခါပြလိုက်ပါသည်။ သူက သူမရဲ့



www.burmeseclassic.com

 www.burmeseclassic.com

လက်ကို လှမ်းကြည့်တာမို့ သံတန်းကို အတင်းအကျပ်ကိုင်ထား တာကို မြင်သွားပြီး ဟက်ခနဲရယ်ချပြီ။ လူကို တောသူမဆိုပြီး လို့များ အထင်သေးပြီလားမသိပါဘူး။

"ဒါက ဘာလဲ၊ ကြောက်နေတာပေါ့လေ"

"နှင်နော်၊ ငါမူးတတ်တာ သိရဲ့သားနဲ့၊ လိုက်စမနေနဲ့"

"ရွှေတိဂုံသွားတုန်းကရော Lift နဲ့မတက်ဘဲ နှင် ဈေး ကားတွေနဲ့ပဲ တက်တယ်ပေါ့လေ"

"ဟုတ်တယ်"

"စကြောက်မ. . . ခုထိ ဒါစီးရင် ကြောက်နေတုန်းပဲ"

သူက သူမခေါင်းကို အသာဖိလိုက်တာမို့ ခေါင်းကိုင်ကာ ရှောင်လိုက်မိပါ၏။ သူ့ကိုရှိသေစွာပြောရမယ်ဆိုပြီး သူက ဖြင့် ခုထိတရင်းတနှီးလုပ်ပြနေပြန်တာလေ။ နှင်ချမှတ်တဲ့ စည်း ကမ်းကို နှင်ကိုယ်တိုင်တောင်မှ လိုက်နာနိုင်ပါရဲ့လား။ ဆန်းစစ် ကြည့်ပါဦး။

"ဘာဖြစ်ပြန်တာလဲ"

"ခေါင်းမကိုင်နဲ့လေ"

"ကိုင်တော့ ဘာဖြစ်လဲ"

"နှင်ပဲ ငါ့ကို ရိုရိုသေသေပြောလို့ ပြောထားပြီး ဒီလို





လုပ်နဲ့လေ"

"ဘာဖြစ်လဲ၊ အခုက ဘယ်သူမှရှိမနေတဲ့ဟာ။ အေး အေး"

တော်တော်ဟုတ်တဲ့ကောင်ပါပဲလား။ အိမ်မှာ ဘယ်လို ပဲ တရင်းတနှီးရှိရှိ ကုမ္ပဏီမှာတော့ သူက လူကြီးဖြစ်နေတာပါ လေ။ ဒါတောင်မှပဲ သူမကို ဒီလိုမလုပ်သင့်ပါဘူးနော်။ အပေါ် ဆုံးထပ်ရောက်တော့ Lift ရပ်သွားပြီး သူနှင့်အတူထွက်ခဲ့၏။

ရုံးခန်းတွေရှိရာဆီ လျှောက်ခဲ့တော့ ရင်တွေ သိသိသာ သာကြီး ခုန်လာတာလေ။ အလုပ်ဆိုတဲ့နေရာကို အခုမှပဲ သူမ အရင်ဆုံးရောက်ဖြစ်ခဲ့ရတာ မဟုတ်ပါလား။

"ကဲ. . . အားလုံးပဲ"

သူအသံပေးလိုက်တာမို့ Hall ခန်းထဲမှ ဝန်ထမ်းတို့၏ အကြည့်က သူမရပ်နေရာဆီ ရောက်လာကြလေ၏။ တိုးတိုးသာ သာမပြောဘဲ သူ့အသံက အနည်းငယ်ကျယ်နေသလို တည်တည် တံ့တံ့ဖြစ်နေတာပါလေ။

"ဒါ,ဒီနေ့အလုပ်စဝင်မယ့် ကျွန်တော့် Secretary ပဲ"

အားလုံး ပါးစပ်အဟောင်းသားဖြစ်သွားလေ၏။ ဘာ ကြောင့်ပါလိမ့်။ ဒီလိုရာထူးကိုရဖို့ သူမထံမှာ အရည်အချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိမနေတာ သေချာနေတာပါလေ။

"နာမည်က ယွန်းသဒ္ဒါပါ"

"ဒါဆို နန္ဒီကရော"

"နန္ဒီလည်း ရှိဦးမှာပါ၊ သူ့ကိုသင်ပေးရဦးမှာပေါ့။ သူနဲ့ လိုက်သွားလိုက် မိဒါ"

အနီးနားမှာ ရပ်နေသည့် ခေတ်ဆန်ဆန်မိန်းကလေးထံ သို့ သူမကိုပို့တာမို့ ထိုမိန်းကလေးမျက်နှာက အနည်းငယ် အိုး တိုးအန်းတန်းတန်းဖြစ်သွားသလိုပါလေ။ လက်ရှိနေရာမှာ လူရှိ နေပါလျက် သူမကို အပိုလူလို့များ အလုပ်ခန့်လိုက်တာများလား

"အသက် ဘယ်နနှစ်ရှိပြီလဲ"

"သူရ. . . အဲ. . . မန်နေဂျာနဲ့ အသက်အတူတူပါပဲ"

"သြော်. . . နန္ဒီ့ထက် ငယ်တာပေါ့။ ဒါပေမဲ့ နန္ဒီ့နာမည် ကို 'မ'တပ်ခေါ်ရင် နားထောင်လို့မကောင်းဘူး။ နန္ဒီလို့ပဲခေါ်နော်"

"ဟုတ်ကဲ့"

"လာ. . ."

ရုံးခန်းတွေရှိနေသည့်ထောင့်နားမှာ အခန်းသဖွယ်လေး ရှိကာ စားပွဲခုံရှည်လေးနောက်ထဲသို့ ဝင်ရလေ၏။

သူမလုပ်ရမှာ အလုပ်သမားတွေရှိနေသည့် Hall ထဲ





ကို မြင်သာတဲ့ ဒီနေရာမှာတဲ့။

"ဒါ အတွင်းရေးမှူးတွေ နေရတဲ့နေရာပဲ ယွန်းသဒ္ဒါ၊ ပြီးတော့ GM ကို မန်နေဂျာလို့မခေါ်ပါနဲ့။ GM လို့ပဲခေါ်ပါ"

"ဟင်. . . သူပြောတော့ မန်နေဂျာပဲဆို"

"မဟုတ်တော့ဘူး။ ဒီနေ့ Meeting မှာ GM ရာထူး ဖြစ်ပြီလို့ပြောတော့မှာ။ အခု နန္ဒီတို့နဲ့တစ်ခုံတည်းထိုင်တဲ့ ကိုအာ ကာမင်းကမှ မန်နေဂျာရာထူးရတာ"

"သြော်"

ဘယ်လိုပါလိမ့်။ သူမကပဲ နန္ဒီ့နေရာကို လုနေတာလို့ များ ထင်နေသလား။ လေသံထဲမှာ မကျေနပ်ပုံက အတိအကျ ပျော်ဝင်နေတာပါလေ။ စားပွဲသန့်ရှင်းရေးလုပ်ရင်း ဒီစားပွဲဖြူထက် မှာ အလှပန်းအိုးလေးသာ ထားလိုက်ရင် မျက်စိပသာဒ အဘယ် မှုဖြစ်သွားမလဲ တွေးမိလေ၏။

"မင်းနဲ့ GM က ဘာလဲ ယွန်းသဒ္ဒါ"

"ရှင်!"

ဖုန်သုတ်နေစဉ် ရုတ်တရက်မေးလိုက်တာမို့ အံ့ဩသွား ရပါ၏။ ဘာသဘောပါလိမ့်။ ဒီလိုမေးခွန်းမျိုး မေးစရာလိုအပ်လို့ လား။ ဘာပြန်ဖြေရမလဲစဉ်းစားနေစဉ် အနီးသို့ လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာလေ၏။

"Morning…နန္ဒီ"

"ဩော်. . . Morning ပါ ကိုအာကာ"

"ဘယ်သူလေးလဲ"

ထိုင်ခုံကို ကြက်မွေးတုတ်လေးနှင့် သုတ်နေတာမို့ စားပွဲအောက်ကျသွားသည့် ဘောပင်သုံးလေးချောင်းကို ငုံ့ကောက်နေစဉ် ထိုလူက သူမကိုငုံ့ကြည့်လိုက်ကာ မေးလေပြီ။

"ဒီနေ့ပဲ ကိုသူရ အလုပ်ခန့်လိုက်တဲ့တစ်ယောက်လေ"

"ယွန်းသဒ္ဒါပါ ကိုအာကာ၊ မင်္ဂလာပါရှင်"

"အိုး. . . ယွန်းသဒ္ဒါကိုး၊ Welcome to Company ပါ ယွန်းသဒ္ဒါ"

"ဟင်! ကိုအာကာက သူ့ကိုသိလို့လား"

"ဟင့်အင်း. . . သိတော့မသိသေးဘူး၊ ဒါပေမဲ့ သူရတော့ ပြောထားဖူးတယ်လေ"

တရင်းတနှီးပြောနေသည့် ကိုအာကာ့ကို သူမပြုံးပြလိုက်မိလေ၏။ ဒီလူနဲ့စကားပြောရတာကိုလည်း မနန္ဒီက မနှစ်သက်သလိုပါပဲလား။ အနေကျုံ့လိုက်တာနော်။

"ဘယ်တုန်းက ပြောဖူးတာလဲ"





"ဩော်. . . နန္ဒီကလည်း မင်းက ကိုယ့်နောက်မှ ဒီကိုရောက်တာပါ။ ကိုယ်က သူရအလုပ်မဝင်ကတည်းက လူလေ။ သူရကိုတောင် ကိုယ်အကုန်သင်ပေးခဲ့တာ။ သူ ရာထူးတိုးမှ ဒီဒီနေရာမှာ ကိုယ်နေရတာပဲ"

"ကိုအာကာ မကျေနပ်ဘူးလား"

"ဘာလို့မကျေနပ်ရမှာလဲ နန္ဒီရဲ၊ အန်ကယ်မြတ်ရဲ့သားနဲ့ GM ရာထူးကို သူရ ရတာပဲ။ ကိုယ်က ဒီမန်နေဂျာနေရာမှာပဲ ရှိမှာပေါ့။ ဘာဖြစ်လဲ"

ဟုတ်သားပဲ၊ သူဌေးရဲ့သားက ရာထူးတိုးသွားတာကအကြောင်းလား။ ဘာလို့များ မနန္ဒီက မကျေမနပ်ဖြစ်နေတာပါလိမ့်။

"ကျွန်မ ဘာလုပ်ရမလဲဟင်"

"ဟုတ်သားပဲ၊ လက်အရင်သွားဆေးလိုက်ပါ ယွန်းသဒ္ဒါ၊ ဟိုထောင့်ဆုံးခန်းမှာ သန့်စင်ခန်းရှိတယ်။ ပြီးမှ မင်းလုပ်ရမှာတွေ ကိုယ်သင်ပေးမယ်။ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ကိုအာကာ ညွှန်လိုက်သည့်နေရာသို့ သူမ လမ်းလျှောက်ခဲ့ပါ၏။ သန့်စင်ခန်းမှာ အမျိုးသမီးတစ်ယောက် နှစ်ယောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သော်ငြား နှုတ်မဆက်ကြ။ ဘယ်လိုကြီးပါလိမ့်၊ ဒီကဝန်ထမ်းတွေ
က ဘာသိဘာသာပဲ နေတတ်ကြတာထင်ပါရဲ့။

လက်ဆေးလက်သုတ်ကာ ပြန်ထွက်လာခဲ့တော့ ခုံမှာ
ကိုအာကာတစ်ယောက်သာ File တွေဖွင့်ပြီး အလုပ်ရှုပ်နေပါ
မနန္ဒီက မရှိတော့ပါချေ။ ဘယ်ရောက်သွားလို့ပါလိမ့်။

"လာ. . . ယွန်းသဒ္ဒါ၊ မင်းက အခုမှရောက်တော့ ဘာ
မှနားလည်ဦးမှာမဟုတ်ဘူး။ Computer ရော ကိုင်တတ်ရဲ့လား"

"ဟုတ်ကဲ့"

သေားမှာရှိနေသည့် Computer ကို ကိုအာကာ ဖွင့်ပြီး
မှ သူသင်ပေးသမျှ လိုက်နားထောင်နေစဉ် ဝန်းကျင်ကို ခေ
မျှ မေ့သွားလေ၏။



## အခန်း (၁၁)

"ဒေါက်! ဒေါက်! "

"ဝင်ခဲ့ပါ"

ခုံမှာ အလုပ်စလုပ်နေစဉ် နန္ဒီဝင်လာလေ၏။ ဒီအချိန်
ဆို လက်မှတ်ထိုးဖို့ရောက်လာတတ်ပေမယ့် ဒီနေ့တော့ နန္ဒီ့ရဲ့
မျက်နှာက မချိုဘဲ တင်းနေသလိုပါလေ။

"ကိုသူရ"

"ပြောလေ နန္ဒီ"

"Secretary အသစ်ခန့်မယ်ဆိုတာ နန္ဒီတစ်ယောက်
တည်းပဲ မသိရပါလား"

"ဩော်. . . Sorry...နန္ဒီ ကျွန်တော်ပြောဖူးတယ် ထင်



www.burmeseclassic.com

လိုက်လို့ပါ။ Meeting ကျမှ အားလုံးသိအောင် ပြောမလားလို့"

"ဝန်ထမ်းရာထူးတွေ ပြောင်းလို့လား"

"အပြောင်းအလဲရှိတာပေါ့ နန္ဒီရဲ့။ ကျွန်တော်နဲ့အာကာပဲ အဲဒီစီမံချက်ကို ကျန်ခဲ့တဲ့သုံးလလောက်ကတည်းက လျှို့ဝှက်လုပ်ခဲ့တာ။ အလုပ်ကြိုးစားတဲ့ဝန်ထမ်းတွေ ရာထူးတိုးသူ တိုးမယ်၊ ဒါမှမဟုတ် ရာထူးမတက်ဘဲ လစာတိုးကောင်းတိုးမယ်။ ဒါပါပဲ။ လစာထုတ်တဲ့အခါ ကိုယ်ရတဲ့လခကို ဘယ်ဝန်ထမ်းမှ တစ်ယောက်နဲ့တစ်ယောက် မပြောရဖို့ စည်းကမ်းထုတ်မှာ"

"ဒါဆို နန္ဒီက အလုပ်ပြုတ်မှာလား"

"ဟာဗျာ. . . မဟုတ်တာ"

"မပြောနိုင်ဘူးလေ၊ နန္ဒီတစ်ယောက်လုံး ရှိနေပါလျက်နဲ့ နောက်ထပ်တစ်ယောက် ခန့်လိုက်လို့ မေးမိတာပါ"

သူပြုံးလိုက်မိလေ၏။ မိဒါ အလုပ်စဝင်တာနှင့် ဝန်ထမ်းတွေ လှုပ်လှုပ်ရှားရှားဖြစ်ရတယ်လို့။ မန်နေဂျာထံမှ ဘာသံမှကြိုထွက်မလာခင် နန္ဒီက သူ့ရုံးခန်းထဲဝင်ပြီး ပြောနေပြီလေ။

"နန္ဒီ အထင်မှားနေပြီ"

"ရှင်"

"ကျွန်တော်အလုပ်စဝင်တော့ အာကာနဲ့အတူ မန်နေဂျာ





နဲ့ လက်ထောက်မန်နေဂျာလေ"

"ဟုတ်ကဲ့. . . အဲဒါသိပါတယ်"

"အခု ကျွန်တော်က GM ရာထူးရသလို အာကာ့ကို မန်နေဂျာနေရာမှာ ထားခဲ့တာ၊ နန္ဒီက ကျွန်တော့်နေရာမှာပေါ့"

"နန္ဒီသဘောမပေါက်ဘူး"

"ကျစ်! နန္ဒီ့ကို လက်ထောက်မန်နေဂျာရာထူး တိုးပေးတာပေါ့ နန္ဒီရဲ့။ ဒါကြောင့် မိဒါကို Secretary နေရာမှာ ခန့်တာလေ။ သူက အခုမှအလုပ်ဝင်တာမို့ ဘာမှမကျွမ်းကျင်သေးဘူး နန္ဒီ။ ဒါကြောင့် နန္ဒီနဲ့အာကာက သူ့ကိုလက်တွဲပြီး သင်စေချင်လို့ ခေါ်ခဲ့တာ"

အခုမှပဲ မျက်နှာက အနည်းငယ်ပျော့သွားသယောင်။ မိန်းမတွေရဲ့သဘောကို သူမခန့်မှန်းနိုင်တာ အတော်ညံ့ပါလား။ မိဒါကတော့ စိတ်ထဲဘာဖြစ်နေနေ မျက်နှာထက်ပေါ်တာမို့ သူ ချက်ချင်းသိနိုင်တာလေ။

"ရပြီလား နန္ဒီ"

"ဟုတ်ကဲ့ ကိုသူရ၊ ဒီမှာ"

လက်မှတ်ထိုးဖို့ File က အခုမှပင် သူ့စားပွဲထက်ပေါ် ရောက်လေ၏။ ဒီအမျိုးသမီးရဲ့ဖွဲ့ကတော့ အံ့ဩစရာပါလား။ လို



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ချင်တာ သိချင်တာကို အရင်ဆုံးသိမှ အလုပ်ကိုဆက်လုပ်တာလေ။

"တစ်ခုတော့ရှိတယ် နန္ဒီ"

"ဘာလဲ ကိုသူရ"

"ယွန်းသဒ္ဒါကို ဝန်ထမ်းအသစ်လေးဆိုပြီး ခွဲခြားမဆက်ဆံစေချင်တာပါ"

တံခါး Lock ကိုလှည့်နေလျက်မှ နန္ဒီလှည့်ကြည့်လေ၏။ သူအစိုးရိမ်လွန်သွားလေသလား။ နန္ဒီ့ပုံစံက မိဒါကို သိပ်မကြည့်သလို ဖြစ်နေသလိုပါလေ။

"မိဒါက ကျွန်တော့်ရဲ့မောင်နှမလို ချစ်ခင်တဲ့ငယ်သူငယ်ချင်းဖြစ်လို့ပါ နန္ဒီ"

"..."

"သူဘာပဲအမှားလုပ်မိပါစေ၊ ကျွန်တော့်ကိုပဲ Direct လာပြောပါ။ စိတ်ထိခိုက်နာကျင်ရတာမျိုး သူ့အပေါ်မလုပ်မိပါစေနဲ့။ အစောကြီးကတည်းက မေတ္တာရပ်ခံရတာပါ"

"ဟုတ်ကဲ့ပါ"

"သွားလို့ရပါပြီ နန္ဒီ။ နောက်ဆို လက်တိုလက်တောင်းခိုင်းချင်ရင် မိဒါကိုပဲ လွှတ်ပါ"





ကိုအာကာ သင်ပေးသမျှ ခေါင်းတညိတ်ညိတ်နှင့်လုပ်အနေ၌ မနန္ဒီပြန်ရောက်လာလေ၏။ မျက်နှာက အနည်းငယ်လျော့သွားသော်ငြား မချိုသာသေးပါလေ။

"အစောကြီးကတည်းက မပြောဘူး"

"ဘာကိုလဲ နန္ဒီ"

"ကိုအာကာ့ကိုပြောတာမဟုတ်ဘူး၊ ယွန်းနန္ဒီကိုပြောတာ"

"ရှင်!"

"မင်းနဲ့ကိုသူရ ဘယ်လိုပတ်သက်နေသလဲလို့မေးတာ မပြောဘူးလေ"

"သဒ္ဒါနဲ့သူရက ဘာမို့လို့လဲ နန္ဒီရဲ့"

"ငယ်သူငယ်ချင်းတဲ့လေ"

"ထင်တော့ထင်သား၊ ဒါကြောင့် လမကုန်ခင်က မိဒါကိုလက်တွဲခေါ်ဖို့ သူပြောဖူးတာကိုး"

"အိမ်ရော့နီးလား ယွန်းသဒ္ဒါ"

'ဟုတ်ကဲ့၊ ဘေးချင်းကပ်လျက်ခြံမှာပါ"

"ဪ"

မနန္ဒီက ဘာမှဆက်မပြောဘဲ ခုံမှာ ဝင်ထိုင်လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com

၏။ တွဲသင်ဆိုပြီး သင်ပေးနေတာကဖြင့် ကိုအာကာပါလေ။

"နန္ဒီ"

"..."

"နန္ဒီ"

"ဟင်...ဘာလဲ"

"Attendent မှာ သဒ္ဓါ့နာမည်ကိုဖြည့်ပြီး လက်မှတ်ထိုးခိုင်းလိုက်ဦးလေ။ ပြီးတော့ အဲဒီအလုပ်တွေကို သဒ္ဓါပဲ နေတိုင်းလုပ်ရမှာ။ တော်ကြာ သူရထွက်လာပြီး စစ်နေဦးမယ်။ သူဘယ်လောက်စေ့စပ်သလဲဆိုတာ သိတယ်မဟုတ်လား"

"အင်းပါ"

ခုနယူသွားသည့် File ကို မနန္ဒီဖွင့်လိုက်လေ၏။ စာရင်းမှာ သူ့နာမည်က ထိပ်ဆုံးမှာပါနေပြီ။ ကိုအာကာမင်း။ မနန္ဒီကျော်ဟုဆိုကာ အဆင့်ဆင့်ရှိနေတာပါလေ။ အောက်မှာ ဝန်ထမ်းအမည်တို့က ပြည့်နေတာမို့ နောက်ထပ်စာရွက်ကိုလှန်ပြီး နောက်ဆုံးနံပါတ်ကို ထပ်ရေးကာ သူမနာမည်ကို လက်ရေးဖြင့် ထပ်ဖြည့်လိုက်လေ၏။

"ဒီမှာထိုး...ယွန်းသဒ္ဓါ"

"ဟုတ်ကဲ့"





"အဲဒီစာရင်းက Computer ထဲမှာ Print ထုတ်ပြီး File တွဲရမှာ"

"ဟုတ်ကဲ့"

လက်မှတ်ထိုးခိုင်းတာမို့ ထိုးလိုက်ရပါ၏။ ခဏအကြာမှာ စာရေးလေးတစ်ယောက်က ထို File ကိုယူသွားလေသည်။ အခြားဝန်ထမ်းတွေကို လက်မှတ်လိုက်ယူတာပဲ ထင်ပါရဲ့။

"ကော်ဖီသောက်ဦးမလား ကိုအာကာ"

"မသောက်တော့ဘူး နန္ဒီ။ သူရကိုပဲမေးကြည့်လိုက်ပါ။ Intercon နဲ့ပဲ ချိတ်လိုက်ပေါ့"

မနန္ဒီက စာပွဲထက်မှခလုတ်လေးတစ်ခုကို နှိပ်လိုက်ပြီး စကားပြောလေ၏။ အထဲကိုပြောဖို့က ဒီ Phone ကိုပြောရတာပါလား။

"ပြောပါ"

"ကိုသူရ ကော်ဖီသောက်ဦးမလားလို့ပါ"

"မသောက်တော့ဘူး နန္ဒီ၊ ရေသန့်တစ်ဘူးတော့ မိဒါကို လာပို့ခိုင်းပါ"

"ဟုတ်ကဲ့"

"လိုက်သွားလိုက်ပါ သဒ္ဓါ၊ စတိုခန်းကို နန္ဒီ လိုက်ပြပါ


www.burmeseclassic.com

www.burmeseclassic.com

လိမ့်မယ်''

''ဟုတ်ကဲ့ပါ ကိုအာကာ''

ခေါ်ရမည့်လူက မခေါ်ပေမယ့် မန်နေဂျာက ကိုယ်တိုင်လွှတ်နေပြီမို့ ထလိုက်ရပါ၏။ တစ်ဖက်ခန်းတံခါးကို ဖွင့်လိုက်သဖြင့် လိုက်ဝင်လိုက်ပါသည်။ အခန်းထဲမှာ ရေခဲသေတ္တာအကြီးတစ်လုံး၊ နံရံကပ်ဗီရိုနှင့် ဘေဇင်တစ်ခု၊ ရေသန့်စင်ဘေးမှာရှိနေသည့် နံရံကပ်ဗီရိုမှန်ချပ်ထဲမှာ ကော်ဖီခွက်၊ ဖန်ခွက်တွေ၊ ကြွေပန်းကန်ပြားလေးတွေ ရှိလေ၏။

''Refrigerator ထဲ လိုသမျှကို ဝယ်လာရပြီး ဖြည့်ရတယ် ယွန်းသဒ္ဒါ။ ဒီမှာ သစ်သီးတွေနဲ့ ရေဘူး၊ ဖျော်ရည် Tim ဘူးတွေ ရှိတယ်''

ရေခဲသေတ္တာထဲမှာ ပစ္စည်းတို့က အစီအရီပါပင်။ လှဲပြီးတင်ထားသည့်ရေသန့်ကတ်ထဲမှ အလယ်အလတ်ရေသန့်ဘူးတစ်ဘူးကို မနန္ဒီဆွဲထုတ်လိုက်လေ၏။ ပြီးတော့ ပိတ်ထားသည့်နံရံကပ်ဗီရိုကို ဖွင့်လိုက်ပြန်သည်။

''ဒီထဲမှာ မုန့်ဘူးတွေ သိမ်းတယ်။ Cake တွေ Date အောက်တတ်တာမို့ သိပ်အများကြီးမထားဖြစ်ဘူး။ ကိုသူရက ဒီမှာ Breakfast သိပ်မစားတတ်ပေမယ့် နေ့လယ်တစ်ချက်တီးနှစ်ချက်တီးလောက် ဆာတတ်လို့ ကော်ဖီဖျော်ပေးရတာများတယ်။ အထူးသဖြင့် ဧည့်သည်လာရင် ပြင်ပေးရတာပေါ့''

ခေါင်းညိတ်ပြလိုက်ရပါ၏။ ပြန်ဖြေစရာမှ မလိုတာကိုး။ မှန်တံခါးလေး တွန်းဖွင့်ပေးလိုက်သည့် Capboard ထဲမှ ဖန်ခွက်နှင့် ဖန်ပန်းကန်ပြားတစ်စုံကို ထုတ်ယူပေးလိုက်တော့ သူမ လှမ်းယူလိုက်ပြီး ဘေဇင်မှာ ဆေးလိုက်ပါ၏။ လက်ဆေးရင်တော့ ဒီအခန်းမှာ လက်ဆေးလို့မရမှာပါလေ။ သန့်စင်ခန်းကို သိရမှာမို့ ကိုအာကာက သူမကိုပြောတာထင်ပါရဲ့။

''ဒီအခန်းကို နန္ဒီတို့ပဲ ဝင်ရတယ် ယွန်းသဒ္ဒါ။ ကိုအာကာရောပေါ့။ တခြားဝန်ထမ်းတွေ ဝင်လို့မရဘူး။ အခန်းသော့က နန္ဒီတို့အံဆွဲထဲမှာပဲရှိတယ်''

''ဟုတ်ကဲ့''

''ရေနွေးအိုးထဲကို ဒီရေသန့်စက်ရဲ့ရေထဲကယူပြီး ထည့်ရတယ်။ ပြီးရင် ဒီခလုတ်ကိုနှိပ်ရုံပဲ၊ ရေနွေးဆူရင် ဒီလိုဖိပြီး နှိပ်ရုံပဲ။ ကော်ဖီပဲဖြစ်ဖြစ် လက်ဖက်ရည်ပဲဖြစ်ဖြစ် ဖျော်ရုံပဲပေါ့။ ထမင်းစားရင် ဟိုဘက်အခန်းထဲမှာ သွားစားရတယ်။ ဝန်ထမ်းတွေက အောက်ထပ်က ကော်ဖီဆိုင်မှာ သွားစားလို့ရတယ်၊ ဝန်ထမ်းကော်ဖီဆိုင်ပေါ့။ ထမင်းတွေဘာတွေလည်း ဈေးသက်သက်သာသာ







www.burmeseclassic.com

www.burmeseclassic.com

နဲ့ရတယ်။ ဝန်ထမ်းတွေဖို့ သီးသန့်ဖွင့်ပေးထားတာ''

''ဟုတ်ကဲ့''

''သူတို့က အချိန်နာရီ ဆယ့်တစ်နာရီနဲ့ ဆယ့်နှစ်နာရီ ကြား စားရပေမယ့် နန္ဒီတို့ကတော့ ခုံမှာ တစ်ယောက်တစ်လှည့် ရှိရမှာမို့ လူခွဲပြီး သွားစားရတယ်''

စတိုခန်းထဲမှထွက်တော့ ရေဘူးနှင့်ဖန်ခွက်ကို စတီးလင်ဗန်းထဲသို့ ထည့်သယ်လာခဲ့စဉ် ရုံးခန်းတံခါး ဖျတ်ခနဲဖွင့်၍ သူထွက်လာလေ၏။ ရေဘူးလာပို့ဆိုပြီး ဘာကြောင့်ထွက်လာတာပါလိမ့်။

''အာကာ''

''ပြောပါ GM ''

''မိဒါနာမည်ကို ဘယ်မှာထားထားလဲ''

''နောက်ဆုံးမှာထင်တယ်''

''ဒီနေ့တော့ ထားလိုက်တော့ နောက်နေ့အတွက် Print မထုတ်ခင် မိဒါကို နန္ဒီ့နာမည်အောက်မှာ ပြန်စီပေးပါ။ ရာထူးအလိုက် ရှိရမှာမဟုတ်လား''

''ဟုတ်ကဲ့ပါ''

''ရှိရှိသေသေနဲ့ပြောနေပြန်ပြီ''





''ရာထူးမတူတော့ဘူးလေ GM ရဲ့''

နှစ်ယောက်သား ပြုံးလိုက်ကြပြီး လှည့်ကြည့်လိုက်တာမို့ သူမကို သူမြင်သွားလေ၏။ သူမအမည်ကို ပြန်စီခိုင်းသတဲ့။ အဘယ်မျှဂရုစိုက်တဲ့သူငယ်ချင်းပါလဲ။ ကျေးဇူးပါ သူရရယ်။

''ရေဆာလို့သေတော့မယ် Secretary အသစ်လေးရေ့။ မြန်မြန်. . . Hurry up!''

''လာပါပြီ''

သူက တံခါးကို အဆင်သင့်ဖွင့်ပေးလိုက်တာမို့ သူ့ရုံးခန်းထဲ ဝင်လိုက်ရပါ၏။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

“ဦးဦးရောက်ပြီလား”

“ရောက်နေပြီ”

“Meeting က ဘယ်အချိန်လဲ”

“နေ့လယ် နှစ်နာရီ၊ အံမာ! ငါ့ကိုများ ပြန်မေးရတယ်လို့။ အဲဒါကို နင်က ငါ့ကိုပြောရမှာလေ မိဒါရဲ့”

“ဦးဆုံးနေ့မို့ပါဟယ်၊ အဲ. . . GM ”

သူက တီးတိုးရယ်လေ၏။ ဝန်ထမ်းတွေကွယ်ရာမှာဆိုရင်တော့ နင်နဲ့ငါလို့ ပြောလို့ရမှာလေ။ ရေထည့်ပေးလိုက်တာကို နှိမ်ခံသောက်နေတာမို့ မျက်စောင်းခဲချင်လိုက်တာ မပြောပါနှင့်။

“တီ!. . .”



www.burmeseclassic.com

www.burmeseclassic.com



''သားရေ. . . သူရ''

''ဗျာ. . . ဖေဖေ''

''အေး. . . အာကာနဲ့ နန္ဒီ့ကိုပါ ခေါ်ခဲ့။ သားနဲ့သမီး လည်း လာဦး''

''အခုလား ဖေဖေ''

''အေး''

Intercon ခလုတ်ကို သူပြန်ပိတ်လိုက်ပြီး ခုံမှထလိုက် လေ၏။ နေ့လယ်မှ Meeting ဆိုပြီး သူတို့ကို အခုခေါ်ရတယ် လို့။ မိဒါကို လက်ကိုင်ခေါ်ပြီး အခန်းထဲမှခေါ်ကာ အတွင်းရေး မှူးခုံကို သွားပါ၏။

''အာကာနဲ့ နန္ဒီ''

''ဗျာ''

''MD ခေါ်နေလို့''

''အခုလား''

''ဟုတ်တယ်''

''လာပြီ GM...နန္ဒီ, ထ''

MD ရုံးခန်းထဲဝင်တော့ သူနှင့်မိဒါက အရင်ဆုံးပါပဲ။ ဖေဖေ့ရှေ့ခုံက နှစ်ခုံပဲရှိတာမို့ အာကာက အလယ်စားပွဲမှခုံနှစ်ခုံ



BURMESE CLASSIC .com



ဆွဲရွှေ့ကာ လေးခုံဖြစ်မှ အတူတူထိုင်ကြတော့ သူနှင့်မိဒါက တစ် တွဲ၊ အာကာနှင့်နန္ဒီက တစ်တွဲဖြစ်နေလေ၏။

''သမီးနဲ့မိတ်ဆက်ပေးပြီးပြီလား''

''အာကာတို့လား''

''အေး''

''ပြီးပါပြီဖေဖေ''

''ကောင်းပြီ၊ အန်ကယ်ကြီးပြောထားစရာတွေရှိလို့ ခေါ် လိုက်တာပဲ။ ဒီလကစပြီး ဝန်ထမ်းတွေအလုပ်လုပ်တာကို သေချာ စောင့်ကြည့်ကြရမယ်။ မလိုတဲ့လူ ရေသာခိုတဲ့ဝန်ထမ်းကိုဖြုတ် မယ်။ လွန်ခဲ့တဲ့သုံးလလောက်ကတည်းက စောင့်ကြည့်ထားတဲ့ List ရပြီလား''

''ရပါပြီဖေဖေ. . . ဒီမှာပါ''

လက်ထဲကိုင်လာသည့် File ကိုလှမ်းပေးတော့ ဖေဖေ ခေါင်းညိတ်လေ၏။ ဒီထဲမှာ မှတ်ချက်တွေ တစ်သီကြီးပါနေတာ လေ။ နန္ဒီတောင်မသိရဘဲ သူနဲ့အာကာ လျှို့ဝှက်လုပ်ခဲ့တာ သေ သပ်ပဲ။ သူနဲ့အာကာက ငယ်သူငယ်ချင်းမဟုတ်ပေမယ့် သူ့ကို အလုပ်သင်ပေးတဲ့ကာလ တစ်နှစ်ကျော်မို့ ရင်းနှီးတဲ့သူငယ်ချင်း ဖြစ်ခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



"သမီးနန္ဒီနဲ့ သားအာကာ ဒီသမီးကို အလုပ်သင်ပေးပါ။ နန္ဒီရဲ့တာဝန်တွေခွဲပြီး သင်ပေးပါ။ လက်တိုလက်တောင်း ခိုင်းရင် စာရေးလေးမိုးကျော်ကိုပဲ ခိုင်းကြပါ။ အန်ကယ်နဲ့ သားရဲ့ရုံးခန်းထဲကိုတော့ သမီးဝင်လို့ရပါတယ်။ အန်ကယ်ပြောတာ နားလည်ရဲ့လား"

"ဟုတ်ကဲ့၊ နားလည်ပါတယ် အန်ကယ်"

"သမီးကလည်း နားမလည်တာရှိရင် အစ်ကိုနဲ့အစ်မကို ပွင့်ပွင့်လင်းလင်းမေးပါ။ အာကာက သားထက်တောင်မှ ပိုပြီး လုပ်ငန်းကျွမ်းကျင်တယ်။ သိလား"

"ဟုတ်ကဲ့ပါ ဦးဦး"

လှွတ်ခနဲထွက်သွားတာမို့ ပါးစပ်ကို လက်ဝါးဖြင့် ဖျတ်ခနဲအုပ်လိုက်မိလေ၏။ ဒုက္ခပဲ၊ MD ဖြစ်ဖြစ် ခေါ်ရမှာမဟုတ်လား။ သူ့ကိုလှည့်ကြည့်ပေမယ့် ဘာမှမပြောပါလေ။

"ရတယ်၊ သမီးဘယ်လိုခေါ်ခေါ် ကိစ္စမရှိဘူး။ သားကိုလည်း ခေါ်နေကျအတိုင်းပဲခေါ်ပေါ့။ ငယ်ငယ်ကတည်းက နှုတ်ကျိုးနေပြီကိုး"

"အာ! ဖေဖေ အဲဒီလိုခွင့်ပြုရင် ကျွန်တော်နာပြီပေါ့ဗျ"

"ဘာဖြစ်လို့လဲ"





"ဘာဖြစ်ရမလဲ၊ ဒင်းက ကျွန်တော့်ထက် နှစ်လလေး ငြိးတာကိုအကြောင်းပြုပြီး နိုင်စားနေတာလေ"

ကြည့်စမ်း! ကိုအာကာတို့ရှေ့မှာ ရှိရဲ့သားနဲ့များ ဘာလို့ ဒီလိုပြောရတာလဲ။ စိတ်တိုတိုဖြင့် သူ့လက်မောင်းကို (မထင်မှတ်ဘဲ) ဖျတ်ခနဲရိုက်ချလိုက်မိလေ၏။

"တွေ့လားဖေဖေ၊ လုပ်နေပြီ"

"နှင်နော်"

"ငါ့ကိုသိပ်မနိုင်စားချင်နဲ့နော် မိဒါ"

"သူကပဲ ပြောရတယ်ရှိသေး"

"နို့မို့ အပြန်ကားကြုံခေါ်မတင်ဘူး"

"အံမာ. . . ငါကလည်း နင့်ကားကို လိုက်ကပ်စီးချင်တယ်လို့များ ထင်နေသလား။ ဝေးသေး"

ပြောပြီးမှ ခုချိန်ထိ ဦးဦးရှေ့မှာရှိနေတာကို သတိရသွားပါ၏။ ဦးဦးရှိတာက ကိစ္စမရှိပါ။ ကိုအာကာနဲ့မနန္ဒီက သူစိမ်းတွေပဲမဟုတ်လား။ သူစိမ်းတွေရှေ့မှာ သူနဲ့သူမက ဒီလိုရင်းနှီးစွာ ပြောလို့ရပေမယ့် ဘယ်ကောင်းပါ့မလဲနော်။

"ကန်တော့. . . ကန်တော့ပါ ဦးဦး"

လက်အုပ်ချီလိုက်တော့ ကိုအာကာက သူမကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးချေပြီ။ ဒီကောင်မလေးကို ဖွတ်တရွတ်ပြောတတ် လုပ်တတ်
သူလို့ ထင်သွားလေပြီလား။

"ရပါတယ်သမီးရယ်၊ ကဲကဲ. . . အားလုံးသွားလို့ရ
ပြီ။ ရုံးခန်းထဲကို ရေဘူးတစ်ဘူးလောက် လာပို့ပေးပါဦး"

"ဟုတ်ကဲ့ပါ ဦးဦး"

ကဲ! မပိုင်ပေဘူးလား။ ကုမ္ပဏီ MD နဲ့ GM ဖူးဖူးမှု
ထားတဲ့ဝန်ထမ်းမျိုး ဘယ်သူကများ ကြုံဖူးလို့လဲ။ သူမကတော့
ဒီလာဘ်ကို ရခဲ့တာပါလေ။ ကံကောင်းလိုက်တာနော်။

"မင်းက ကော်အကောင်းစားသုံးတာပါလား ယွန်းသစ်
ရဲ့"

"ရှင်"

ဘာသဘောပါလိမ့်။ သူမက ယောက်ျားလေးသူငယ်
ချင်းပဲရှိတာမို့ မိန်းမတွေရဲ့သဘောထားကို မဖတ်တတ်ပါချေ
မနန္ဒီ ဘာကိုဆိုလိုပါသလဲ။ ရုံးခန်းထဲမှထွက်တော့ အတူလျှောက်
ဖြစ်နေစဉ် အံကျိတ်ပြောသံက တိုးသဲ့သဲ့ပါပဲ။

"ဘာလဲ နန္ဒီ"

"ဘာမှမဟုတ်ပါဘူး ကိုအာကာ"

ဦးဦးက ရေသောက်ချင်တယ်ပြောတာမို့ စတိုခန်းထဲက





ရေဘူးကိုသွားယူပြီး ဖန်ခွက်ဆေးကာ စတီးလင်ဗန်းထဲထည့်ကာ
ပြန်ထွက်ခဲ့လိုက်ပါ၏။ ကိုအာကာက မနန္ဒီကို ခပ်တိုးတိုးပြောနေ
သလို မနန္ဒီကလည်း မျက်မှောင်ကြုတ်နေလေသည်။ ဒီအမျိုး
သမီးစိတ်တိုင်းကျရအောင် သူမ မည်သို့နေရပါ့မလဲ။

"ဒေါက်! ဒေါက်! "

"သမီးလား. . . ဝင်ခဲ့လေ"

ကိုအာကာ သင်ပေးထားတာမို့ ရုံးခန်းထဲမဝင်မီ တံခါး
ခေါက်အသံပြုတာကို ပြုလုပ်ရပါ၏။ သူမဝင်လိုက်တော့ ဦးဦးက
Phone ပြောနေရင်း လက်ယပ်ခေါ်လိုက်လေသည်။ ရေဘူးထဲ
မှရေကိုငှဲ့ကာ ဘူးကိုပြန်ပိတ်စဉ် ဦးဦးက သူမကိုလက်ကာပြီး
ရပ်နိုင်းလိုက်လေ၏။

"ဒါဖြင့်ဒါပဲနော်. . . OK..."

"သမီးကိုပြောစရာရှိလို့ နေခိုင်းလိုက်တာ"

"ဟုတ်ကဲ့"

"တခြားတော့မဟုတ်ပါဘူး၊ အခု သမီးတွဲလုပ်နေတဲ့
နန္ဒီကျော်ကို သတိထားဖို့ပါ"

"ဘာဖြစ်လို့လဲဟင်"

"အင်း. . . ဘယ်လိုပြောရပါ့မလဲ၊ အဲဒီချာတိတ်မက



www.burmeseclassic.com

 www.burmeseclassic.com 

နည်းနည်း Proud ဖြစ်တာမျိုး သဘောရှိတယ်သမီးရဲ့။ ဒီ
သဘောထားကို သမီးကြိုသိထားတော့ ရှောင်သင့်တာရှောင်
ရတာပေါ့''

''ဟုတ်ကဲ့ ဦးဦး၊ သမီးနေတတ်ပါတယ်''

''ဦးဦးသိပါတယ်၊ သူ့စိတ်ဓာတ်ကို သိပ်သဘောမကျ
ပေမယ့် လုပ်ငန်းကျွမ်းကျင်လွန်းတော့ ဦးဦးတို့ Pass ပေးထား
ရတာ များတယ်လေ''

''ဟုတ်ကဲ့ပါ ဦးဦး''

''အေးအေး. . . ရပြီသမီး၊ လိုအပ်မှခေါ်မယ်''

''ဒါဆို သမီးသွားတော့မယ်နော် ဦးဦး''

''ကောင်းပြီသမီးရေ''

ဦးဦးကိုနှုတ်ဆက်လိုက်ပြီး သူမပြန်ထွက်ခဲ့ပါ၏။ ထမင်း
စားချိန်ရောက်တော့ ကိုအာကာက မနန္ဒီနှင့်သူမကို ထမင်းအတူ
စားခိုင်းတာမို့ ထမင်းချိုင့်ကိုင်ကာ ထမင်းစားခန်းမကိုဝင်လိုက်
ပါသည်။

''Canteen မှာ စားမလား ယွန်းသဒ္ဒါ''

''ဟင့်အင်း. . . ကျွန်မ ထမင်းချိုင့်ပါလာပါတယ်''

''ကောင်းပြီလေ၊ နန္ဒီက Canteen မှာပဲ သွားစားမှာ



မို့ မေးတာပါ''

''ရပါတယ်၊ ကျွန်မ ဒီမှာပဲစားပါ့မယ်''

အဆင့်အတန်း ခွဲလေသလားပင်၊ လူကို သူတို့နှင့်မတူ
သလိုမျိုး သတ်မှတ်တယ်ထင်ပါရဲ့။ အခန်းထဲမှာ ဝန်ထမ်းအချို့
ရှိသော်ငြား အတူမထိုင်ဖြစ်ဘဲ ထောင့်ဆုံးခုံမှာ ဝင်ထိုင်လိုက်ကာ
ထမင်းချိုင့်ဆင့်ထားတာကို ဖြုတ်လိုက်ပါ၏။

''မိဒါ''

''ဟင်''

''စားပြီးပြီလား''

''ဟင့်အင်း''

အခန်းဝ လာရပ်သည့်သူ့ကို လှမ်းကြည့်ရင်း ဖြေလိုက်
မိ၏။ ဝန်ထမ်းတွေရဲ့အကြည့်တွေက သူ့ဆီကိုရောက်နေကြတာ
ပါလေ။

''တော်သေးတာပေါ့၊ မစားရသေးလို့။ လာလေ, ငါတို့
နဲ့ အတူလာစား''

''ရပါတယ်''

''ဘာရပါတယ်လဲ၊ တစ်ယောက်တည်းစားရမယ့်အတူ
တူ။ လာ. . . ထ''



www.burmeseclassic.com

www.burmeseclassic.com

လက်မောင်းကို လာဆွဲနေပြီမို့ ထရပ်လိုက်ရတော့၏။ ထမင်းချိုင့်ကိုပါ သူယူလိုက်သဖြင့် သူ့နောက်အမြန်လိုက်ရတော့တာလေ။

''အာကာ၊ ထမင်းမစားရသေးဘူးလား''

''ခဏနေမှ၊ ဒီမှာ ဘယ်သူမှမရှိဘူးလေ''

''နန္ဒီရော''

''ထမင်းသွားစား. . . ဟောဗျာ! သဒ္ဒါ သူနဲ့လိုက်သွားတာမဟုတ်ဘူးလား''

အလုပ်လုပ်ရင်း လှည့်ကြည့် အံ့ဩသွားသည့် အာကာ့နှုတ်မှ 'သဒ္ဒါ'ဟု ရင်းရင်းနှီးနှီးခေါ်သံကြောင့် သူမျက်မှောင်ကြုတ်သွားရပါ၏။ 'သဒ္ဒါ'တဲ့။ သူတောင် တစ်ခါမှမခေါ်ဖြစ်ခဲ့တဲ့အမည်ကို ဒီလူ ဘာကြောင့်ခေါ်ရပါသလဲ။

''ကျွန်မ မြန်မြန်စားပြီး လာခဲ့ပါမယ် ကိုအာကာ''

''သဒ္ဒါမြန်မြန်စားစရာမလိုပါဘူး။ လာတဲ့ Phone တွေအကြောင်း နန္ဒီပဲသိတဲ့ဟာ။ ရတယ်၊ ဖြည်းဖြည်းပဲစားပါ သဒ္ဒါ''

သူ့ရုံးခန်းထဲရောက်တော့ စားပွဲထက်မှာ စတီးငါးဆင့်ချိုင့်ကြီး ရောက်နေလေ၏။ အန်တီမေ ချက်ပို့လေသလား။ မကြ[illegible]ကို Taxi နဲ့ လာပို့ခိုင်းတာပဲထင်ပါရဲ့။





''နင့်ကို အဲဒီလိုခေါ်တာ မပြောဘူးလား''

''ဟင်! ဘာကိုလဲ''

''ကျစ်!. . . ဘာမှမဟုတ်တော့ဘူး''

ဆာနေပြီမို့လို့ စကားမဆက်ဖြစ်တော့ပါလေ။ မိဒါက ထမင်းချိုင့်ဖွင့်ကာ ကြွေပန်းကန်တွေထဲထည့်နေစဉ် ဖေဖေရောက်လာတော့တာမို့လို့ပါပဲ။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ညနေ (၅)နာရီ အလုပ်ဆင်းခဲ့ရတာမို့ ပျော့လိုက်တာ ပြောပါနှင့်။ မနန္ဒီနှင့်ကိုအာကာတို့က သူမကိုစောစောပြန်နိုင်းတာမို့ အိတ်ကိုလွယ်လိုက်ပြီး စားပွဲအောက်ရှိစင်ထောင့်လေးမှာ တင်ထားသည့်ထမင်းချိုင့်ကို ယူလိုက်ပါသည်။

''သဒ္ဒါ''

''ရှင်''

''နောက်တစ်ပတ်လောက်ဆို Uniform ရလိမ့်မယ်၊ သိလား''

''ဟုတ်ကဲ့ အစ်ကို''

''နောက်ဆို ဒီလိုခပ်စောစောပြန်လို့ရမှာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အခုအခွင့်ရှိတုန်း ပြန်တော့''

''အစ်ကိုတို့က ဘယ်နနာရီအထိတောင်မှ နေရသလဲ ဟင်''

''ဒီလိုပဲ အရေးကြီးရင်ကြီးသလိုပေါ့။ အနည်းဆုံးတော့ ညရှစ်နာရီအစောဆုံးပဲ။ နန္ဒီက မိန်းကလေးမို့ အဲဒီအချိန်ပဲ ပြန်ခိုင်းရတယ်''

Phone သံမြည်လာတာမို့ ကိုအာကာက ကောက်ကိုင်လိုက်လေ၏။ တခြားဝန်ထမ်းတွေက မျက်နှာကို Puff ရိုက်သူရိုက်၊ ဆံပင်ဖြီးသူဖြီးနှင့် ရှိနေကြသလို အလုပ်တွေသိမ်းကျုံးလုပ်နေကြသူတွေလည်း ရှိပါသည်။

''ဟုတ်ပါတယ်၊ ခဏနော်''

ကိုအာကာက စားပွဲဘေးမှထွက်ရန်ပြင်နေသည့် သူ့လက်ကို လှမ်းကိုင်လိုက်ပါသည်။

''သဒ္ဒါ၊ Phone''

''ဟင်''

''ကိုင်လိုက်လေ''

အံ့သြသွားရသည့်သူမရဲ့လက်ကို ကိုင်လိုက်ပြီး Phone အနီလေးကို လက်ထဲထည့်ပေးလိုက်သဖြင့် ကိုင်လိုက်ရပါ





ဘယ်သူကများ ဒီမှာ သူမအလုပ်လုပ်တာကိုသိပြီး Phone ဆက်တာပါလိမ့်။

''ဟယ်လို''

''ညီမလေးလား''

''ဟုတ်ပါတယ်၊ ကိုကျော်စွာလား''

''ဟုတ်တယ်''

''ဘာကိစ္စရှိလို့လဲဟင်၊ ကျွန်မ ဒီနေ့ကမှ အလုပ်စဆင်းတာရှင့်''

''ပြောစရာရှိလို့ပါ ညီမလေးရဲ့''

''ဒါက ရုံး Phone ကြီး ကိုကျော်စွာရဲ့''

''သိတယ်လေ၊ Phone ထဲမှာမပြောပါဘူး ညီမလေးရဲ့၊ အပြင်မှာပြောမှာပါ''

''အပြင်မှာ''

''အင်း''

ရုံးခန်းတံခါးဖွင့်သွားပြီး သူထွက်လိုက်ပါ၏။ စားပွဲရှေ့နားက Phone ဆက်နေတာမို့ သူ့ကို သူမမြင်လိုက်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



"အခုလား"

"..."

"ရုံးတော့ဆင်းပြီ၊ ဒါပေမဲ့"

"ဘယ်သူဆက်တာလဲ"

"အမယ်လေး! လန့်လိုက်တာ"

"ဟ! ဒါလန့်စရာလား။ ဒါလေးမေးလိုက်တာကို။ အာကာ သိသလား"

"No!..."

အနားသို့ရောက်လာသည့်သူ့ကြောင့် လန့်သွားသဖြင့် တစ်ဖက်ကစကားကို အာရုံမရောက်မိတော့ပါချေ။

"ရှင်. . . ဘာလဲ ကိုကျော်စွာ"

သူက သူမလက်ထဲက Phone ကို ဖျတ်ခနဲဆွဲယူကာ Phone ကိုပြန်ချလိုက်လေ၏။ လုပ်ပြန်ပြီ၊ ကိုကျော်စွာလို့ ကြားလိုက်တာနဲ့ ပိုင်စိုးပိုင်နင်းလုပ်တော့တာလေ။

"ဘာလုပ်တာလဲ"

"အလုပ်လုပ်မယ်မကြံသေးဘူး။ ဖာတ်လမ်းက ဝေးနေပြီ။ ဒီလူနဲ့ဘယ်ကို Date နေတာလဲ။ ခင်းက ဒီကုမ္ပဏီကို ဘာကြောင့် Phone ဆက်ရတာတဲ့လဲ"





"ဘယ်သိမှာလဲ"

"ဘာ! မသိဘဲနဲ့ နှင်ဒီမှာလုပ်တာကို သူသိလို့ပေါ့ မိဒါ ရဲ့၊ နှင်နော်. . . ငါ့ကုမ္ပဏီလာပြီး ရှုပ်ရှုပ်ယှက်ယှက်လုပ်လို့ကတော့ နာပြီမှတ်"

"နှင်နော်၊ အစ်ကို့ရှေ့မှာတောင်မရှောင် ပြောချင်တာလျှောက်မပြောနဲ့"

"ဘာ!"

သူက သူမကိုစူးစူးရဲရဲကြည့်လိုက်ပြီး လက်ကိုကိုင်ဆွဲကာ ရုံးခန်းထဲသို့ခေါ်သွားလေ၏။ အားနှင့်ရုန်းသော်ငြား ခွန်အားက မမျှတာလေ။

"သူရ. . . နှင်နော်"

တံခါးကို ဒုန်းခနဲဆောင့်ပိတ်လိုက်တာမို့ နောက်တစ်ကြိမ်လန့်သွားပြန်၏။ ခင်းကတော့ သူပိုင်တဲ့ကုမ္ပဏီမှာဆိုပြီး အမောက်ထောင်ပြချင်တိုင်း ထောင်ပြနေတာပါပဲလား။

"ကျော်စွာမိုးမြင့်နဲ့ ဘယ်မှာချိန်းလိုက်သလဲ"

"ဘယ်မှာမှမချိန်းလိုက်ဘူး။ နှင်ဒီလောက်နှောင့်ယှက်နေတဲ့ဟာ"

"အာကာ့ကို နှင်ဘယ်လိုခေါ်လိုက်တာလဲ၊ ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုခေါ်လို့လဲ"

"နင်ခေါ်ပါတယ်၊ ငါ့ကို မျက်စိမှိတ်ငြင်းမယ်မကြံနဲ့ မိအိ ဟိုက ပိုင်စိုးပိုင်နင်းခေါ်တာကို ကျေနပ်ပြီး ပြန်ခေါ်နေတာမဟုတ် လား။ မိန်းမကိုက မိုးတွင်းစီးရေမြောင်းလို လမ်းဖွင့်ပေးချင်နေ တာ။ တောက်!"

"နင်နော်. . . နင်, နင်. . . ငါ့ကိုဒီလောက်ထိ ချိုးချိုး နှိမ်နှိမ်မပြောနဲ့"

"အပြောမခံချင်ရင် အနေအထိုင် အပြောအဆို ဆင်ခြင် ပေါ့"

"ငါ့အဖေတောင် ငါ့ကို အဲဒီလိုပြောဖူးတာမဟုတ်ဘူး ဟဲ့"

"ဘယ်ပြောမှာလဲ၊ ဦးဦးရှေ့မှာ နင်က လိမ္မာတဲ့သမီးလို နေတာကိုး။ ကွယ်ရာကျမှ"

စကားလုံးရိုင်းရိုင်းတွေ ထွက်လာတော့မှာမို့ အမြန်မျို ချလိုက်ရပါ၏။ သူ့မှာ ဒေါသတကြီးဖြင့် လက်သီးဆုပ်ကာ ခြေ ဆောင့်ပြချေပြီ၊ မိဒါဆိုတာ စိတ်ကောက်လွယ်ပြီး စိတ်ပြေလွယ် တဲ့ ကောင်မလေးတစ်ယောက်ပါလေ။

"တော်ပြီ၊ နင့်ကုမ္ပဏီမှာ ငါမလုပ်တော့ဘူး"





"ရမလား နင် Bond တောင် ထိုးပြီးနေပြီ။ ခုတစ်မျိုး တော်ကြာတစ်မျိုး မပြောင်းချင်နဲ့။ နင့်ကို ဦးဦးက ငါ့လက်ထဲ စိတ်ချလက်ချအပ်ထားတာ နင်သိ"

"ကိုကျော်စွာရဲ့ကုမ္ပဏီကို ခေါ်မယ်ဆိုတုန်းကလည်း နင် ပြဿနာရှာတယ်။ အခု နင့်ဆီမှာလုပ်တော့လည်း တစ်မျိုး"

"ငါမကြိုက်တာ နင်မလုပ်ရင် ငါက ပြဿနာရှာပဲ့မလား ဇိုးကွက်မရဲ့"

"ဘာ!. . . သူရ"

စိတ်တိုတိုဖြင့် သူ့ရင်ဘတ်ကို ဘုန်းခနဲထုမိချေပြီ။ အဲ ဒီလိုခေါ်တိုင်း သူ့မ ဆတ်ဆတ်ခါနာတတ်မှန်း သူသိသိကြီးနဲ့ တမင်သက်သက်ခေါ်တာလေ။ သူက လက်တစ်ဖက်တည်းဖြင့် ထုလိုက်သည့်သူ့မလက်ကို တစ်ခါသာ အနာခံပြီး ဖမ်းဆုပ်ထား လိုက်ပါ၏။

"အဲဒါတွေက နင့်ကုမ္ပဏီစာချုပ်ရဲ့စည်းကမ်းချက်တွေ ထဲမှာ တစ်ခုမှမပါဘူးဟဲ့ နောရဲ"

"ဟုတ်တယ် မှန်တယ်. . . ဒါပေမဲ့ ဒါက နင့်အတွက် သီးသန့်ထားရှိတဲ့ Special Rule ပဲ။ နံပါတ်(၁) ယွန်းသဒ္ဒါဆို တာ မိုးမြင့်စံကုမ္ပဏီနဲ့အတူ ကျော်စွာမိုးမြင့်နဲ့ လုံးဝမပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ရ။ နံပါတ်(၂) ဒီကုမ္ပဏီဝန်ထမ်းတွေနဲ့အတူ အာကာမင်းနဲ့လည်း လုံးဝမပတ်သက်ရ။ နံပါတ်(၃) ငါကလွဲပြီး ဘယ်သူစိမ်းယောကျ်ား နဲ့မှ ပတ်သက်ဆက်နွယ်မှု လုံးဝမရှိစေရ. . . ဒါပဲ''

''တောက်!''

သူမ အောက်နှုတ်ခမ်းကို ကိုက်လိုက်ပါ၏။ ဒေါသက ငယ်ထိပ်အထက်ကို ရောက်နေပြီလေ။ ဒင်းတော့ ခုချိန်မှာသာ သူမလက်ထဲ ဆယ်ပေါင်တူရှိရင်တော့ စိစိညက်ညက် မွမွကျေ တော့မှာလေ။ ဘယ်လောက်ဒေါသပေါက်ကွဲစရာကောင်းလိုက် ပါသလဲ။

''အရှူးစုတ်! အရူးပြတ်ရဲ့၊ ငါဒေါသထွက်လာပြီနော်''

''I don't care. နင်တခြားလူကို နာမည်ပဲခေါ်ရမယ်''

''ကိုအာကာ့ကို အစ်ကိုခေါ်တာ ဘာဖြစ်လဲ''

''ဘယ်သူ့ကို အစ်ကိုပဲခေါ်ခေါ်၊ ကိုကိုလို့ပဲခေါ်ခေါ်၊ ကို ကြီးလို့ပဲခေါ်ခေါ်၊ အဲဒါဆိုရင် ငါ့ကို နင် 'မောင်'လို့ခေါ်ရမယ်''

''ဘာ!''

''အေး. . . တခြားလူကို မောင်လို့ခေါ်ရင်တော့ ငါ့ကို နင် 'ကို'လို့ခေါ်ရမယ် မိဒါ''

''သေလိုက်! လဲသေလိုက်၊ အဲဒီနံရံနဲ့ ခေါင်းပစ်ဆောင့်





ပြီးတော့သာ သေလိုက် မြတ်သူရကိုရေ့၊ တောက်!''

သူက အနိုင်ရသူဟန်ပန်ဖြင့် ညစ်ကျယ်ကျယ်ပြုံးလေ ၏။ ဒေါသထွက်နေတာမို့ ကိုယ်ခန္ဓာတုန်နေသည့် သူမ၏လက် မောင်းနုစ်ဖက်ကို ကိုင်လိုက်ပြီး ဘာမပြော ညာမပြော ပွေ့ဖက် လိုက်သဖြင့် တစ်ကိုယ်လုံး ထူပူသွားရပါသည်။

''နင်နော်''

''ချော့တာ. . . ချော့တာပါ မိဒါရ''

''လူကို ဒေါသထွက်အောင်လုပ်ပြီးမှ ဘာချော့တာလဲ။ တောက်!''

''ဟိုကလေးနှစ်ယောက် အခုထိမပြန်ကြသေးဘူးလား''

အခန်းပြင်မှ ဦးဦးအသံပေးလိုက်တာမို့ သတိရကာ သူ က သူမကိုပြန်လွှတ်ပေးလိုက်ပါ၏။ ရင်တွေ ဗရမ်းဗတာခုန်သွား တာ မပြောပါနှင့်။ သူပွေ့ဖက်လိုက်လို့များလား၊ ဒါမှမဟုတ် အပြင် ကနေ ရုတ်တရက် ဦးဦးအသံပေးလိုက်လို့များလား။ ဝေခွဲလို့ မရပါချေ။

''အဲဒီကတိကိုတော့ နင်ပေးရမယ်''

''ဘာလို့ပေးရမှာလဲ၊ မဆိုင်လိုက်တာ''

''မပေးလို့မရဘူးလေ၊ မယုံရင် နင်ဆက်ပြီးလုပ်ကြည့်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့အကြောင်းသိရမယ်''

''ငါက နင်ပိုင်တဲ့အရုပ်မှမဟုတ်တာဟဲ့''

''အရုပ်ဆို ငါ့ဗီရိုထဲထည့်သိမ်းထားမှာပေါ့ မိဒါရဲ့။ အရုပ်မဟုတ်လို့ နင့်ကို ငါဒီလောက်အထိ စိုးရိမ်နေရလို့ပေါ့''

''ငါက အရွယ်ရောက်နေတဲ့လူဟဲ့၊ ဖေဖေ့လို နင် ငါ့ကိုလိုက်မဆုံးမချင်နဲ့။ ငါ့ဘာသာငါ ရည်းစားထားထား ယောကျ်ားယူယူ နင့်အပူလား''

''ဟုတ်တယ်''

''ဘာရယ်''

''ဟုတ်တယ်လေ၊ နင် မတော်တရော်လူစားမျိုးနဲ့ကြိုက်သွားရင် ငါရင်ကျိုးရမှာပေါ့ မိဒါရဲ့။ ငါ့လက်အောက်မှာ နင်အဲဒီလိုလူနဲ့ကြိုက်ရင် ဦးဦးက ငါ့ကိုသတ်မှာပေါ့''

''ဒါဖြင့် ငါက ဘယ်လိုလူကို ကြိုက်ရမှာလဲ။ ပြောစမ်းပါဦး''

''ငါသဘောကျတဲ့လူနဲ့''

မျက်စောင်းကို ခဲလိုက်မိတော့၏။ ဒင်းသဘောတူတဲ့လူနဲ့သာ ရှာပေးစားရင် ဒီတစ်သက်တော့ ယောကျ်ားရမှာမဟုတ်တော့ဘူးလေ။ ဒင်းအကြောင်းကို အူမချေးခါး သူမအသိဆုံးပင်





မဟုတ်ပါလား။

''ကိုအာကာက ဘာမို့လို့လဲ''

''နိမ့်မယ်ထင်လို့''

''ဒါဖြင့် ကိုကျော်စွာကရော''

''မြင့်လွန်းအားကြီးလို့''

''နင် ဒီလိုကြပ်ကြပ်လုပ်၊ သိလား သူရ။ ငါ့ဝဋ်တွေ နင်ကောင်းကောင်းကြီးလည်မှာ အသေအချာပဲ''

''လည်စမ်းပါစေ မိဒါရာ၊ လည်တောင် စင်းပေးလိုက်ဦးမယ်''

သူက သူ့လည်ပင်းကိုကိုင်ပြီး ပြောတာမို့ အမြင်ကပ်ကပ်နှင့် သူ့ပခုံးကိုတိုက်ပြီး ရုံးခန်းတံခါးကိုဖွင့်ပြီး ထွက်သလို သူက သူမနောက်မှ လိုက်ဆွဲရင်း Lift ထဲဝင်လိုက်စဉ် သူမတို့နောက်မှ မျက်လုံးတွေကို မမြင်ခဲ့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ဟိုနေ့တုန်းက သမီးဆီကို မောင်ကျော်စွာ Phone ဆက်တယ်ဆို"

မနက်စာစားရင်း ဖေဖေမေးတာမို့ ခေါင်းညိတ်ပြလိုက်ရပါ၏။ မိုးလင်းတာနဲ့ ဒီနာမည်ကိုရေရွတ်တာများ ဒင်းသိရင် ဒေါပွတော့မှာလေ။

"ဖေဖေ့ကို ကိုကျော်စွာပြောလို့လား"

"အင်း"

"ပြောစရာရှိလို့တဲ့၊ သမီးက ကုမ္ပဏီ Phone မို့ စကားမပြောချင်တာနဲ့ Phone ချလိုက်တာပါဖေဖေ"

"သမီးကိုယ်တိုင် Phone ချလိုက်တာလား၊ သားသူရ



www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်တာလား''

နှုတ်ဆိတ်သွားရပါ၏။ ဟုတ်လည်းဟုတ်နေတာကိုး။ ဒင်းဆီမှာ အလုပ်လုပ်နေရင်တော့ ဒီတစ်သက်လုံး အကျဉ်းချုပ်လှူသားဖြစ်တော့မှာပဲလေ။

''သမီးနဲ့သားသူရကာ ဘယ်အခြေအနေရှိနေပြီလဲ''

''ဘာလို့မေးတာလဲ ဖေဖေရဲ့၊ သူငယ်ချင်းတွေဟာကို''

''သူငယ်ချင်းဆိုရင်လည်း စည်းတော့ ထားသင့်တာပေါ့ သမီး။ ကိုယ်ရေးကိုယ်တာအထိ စွက်ဖက်လာတာတော့ ဘယ်ကောင်းပါ့မလဲ''

''မဟုတ်ဘူးဖေဖေ''

''သူစိမ်းတွေရဲ့လက်အောက်မှာ ဖေဖေ့သမီး မျက်နှာငယ်ရမှာဆိုပြီး သူပြောလို့ သူတို့ကုမ္ပဏီမှာပဲ သမီးကိုအလုပ်ခန့်ဖို့ ဖေဖေခွင့်ပြုပေးလိုက်တာနော်''

''ဟုတ်ကဲ့''

''ဒါဆိုလည်း ရာထူးအဆင့်နဲ့ဝန်ထမ်းကို ခွဲခြားပြီး ပြောဆိုသင့်တာပေါ့သမီး။ အဲဒီလောက်ကြီး ပါလေရာဖြစ်နေတော့ မောင်ကျော်စွာအပေါ်မှာ ဖေဖေမျက်နှာပူရတယ်''

''ရှင်!''





မျက်နှာပူရတယ်တဲ့။ ဘာသဘောပါလိမ့်။ ကိုကျော်စွာနဲ့ဖေဖေ့ကြားမှာ ဘာစကားတွေများ ကတိရှိလို့ပါလိမ့်။ အလုပ်မှာ ကိုအာကာနဲ့တောင်မှ သူ့ရှေ့မှာ ရင်းနှီးပြီး စကားအပိုအလိုမပြောရတာမို့ သတိထားရတာလေ။ ခပ်ဝေးဝေးရှိနေသည့် ကိုကျော်စွာကိုတောင်မှ သူမအမှတ်မရဖြစ်ခဲ့တာအမှန်ပါ။

''ဖေဖေ့ကို ဘာပြောထားလို့လဲ''

''ဘာမှတော့ ပြောမထားပါဘူး။ ဒီကိစ္စက သမီးတို့လူငယ်ချင်းပဲ ပြောရတာမျိုးလေ''

''ဟင်!''

''ဦးမိုးမြင့်ကတော့ စကားတောက်သလိုမျိုးပြောဖူးတယ်၊ သမီးမှာ ချစ်သူရှိနေပြီလားတဲ့''

စားနေသည့် ပဲပြုတ်နှင့်ထမင်းနယ်ထားသည့်အရသာက ပျက်ချေပြီ။ ဘာသဘောပါလိမ့်။ သူမမှာ ချစ်သူရှိနေပြီလို့ ပြောရရောလား။ ကိုကျော်စွာနဲ့သူမက လူချင်း တစ်ကြိမ်နဲ့ Phone တစ်ခါသာ ပြောဖူးတွေ့ဖူးကြတဲ့သူတွေပါလေ။

''အဲဒီတော့ ဖေဖေဘာပြန်ပြောလိုက်သလဲ''

''မရှိလောက်သေးဘူးပေါ့၊ ဖေဖေ့သမီးက ဘာမဆို ဖေဖေနဲ့တိုင်ပင်တဲ့သမီးမျိုးမှန်း သူတို့သိထားတာကိုး''



www.burmeseclassic.com

www.burmeseclassic.com



''သမီး နည်းနည်းရိပ်မိသလောက် ရှိနေပြီ''

''ဘာကိုလဲ''

ခေါင်းခါလိုက်ပါ၏။ ဆွေကြီးမျိုးကြီးထဲက မရွေးရ မြင့်လွန်းသည်တဲ့။ သူသတိပေးထားတာကို သတိရနေတာပါပဲ။ ကို အာကာမင်းကိုကျ သိပ်အချမ်းသာကြီးမဟုတ်ဘူးဆိုပြီး နိမ့်တယ်လို့ပြောခဲ့တာလေ။

''သမီးကို စိတ်ဝင်စားနေသလားလို့ပါ''

''ဟုတ်မယ်၊ ဖေဖေလည်းထင်တယ်''

''အဲဒါဆိုရင်တော့ သူတွေ့ချင်တာကို သမီးသွားမတွေ့တော့ဘူးဖေဖေ''

''ဟေ! ''

'ဟုတ်တယ်လေ၊ သူဘာပြောချင်သလဲဆိုတာ ကြိုတွေးမိထားရင် မျက်နှာပူရမှာပေါ့ဖေဖေရဲ့''

''မောင်ကျော်စွာက ငြင်းပယ်သင့်တဲ့လူစာရင်းမှာ ပါရောလို့လား သမီးရယ်''

ကြည့်စမ်း! သူရတို့အိမ်ကို မသွားသင့်ဘူးဆိုတဲ့ဖေဖေက ကိုကျော်စွာကိုတော့ ဘာလို့လက်ခံစေချင်တာပါလိမ့်၊ ဖေဖေ့ဦးနှောက်ထဲကို သူမ မမြင်ရပါလားနော်။





''သိပ်ချမ်းသာလွန်းရင် သမီးကိုနှိမ်လိမ့်မယ်လို့ ဖေဖေပဲပြောခဲ့တာလေ''

''ဪ. . . အဲဒီတုန်းက သူရတို့အိမ်ကို သမီးမသွားစေချင်လို့လေ''

''အန်တီမေတို့က ဘာပြောင်းလဲမှုမျိုးမှ ဒီနေ့အထိ မရှိပါဘူးဖေဖေ''

''ဟုတ်ပါတယ်လေ''

''အဆင့်ချင်းမတူတာကို ကြိုမြင်ထားရင် ငြင်းလို့ရတာပေါ့ဖေဖေ''

''မောင်ကျော်စွာတို့က ပြည့်တဲ့သူတွေပါသမီးရဲ့။ အဖေ တစ်ခုသားတစ်ခုမို့ လိုက်ဖျက်မယ့်လူ မရှိလောက်ဘူး''

ကျိတ်ပြုံးလိုက်ရပါ၏။ ဘယ်သူမဆို ကိုယ့်ငါးချဉ်သာ ကိုယ်ချဉ်ပေမယ့် ကိုကျော်စွာတို့က သူမရဲ့သူစိမ်းတွေပဲမဟုတ်ပါလား။

''ဒါဆိုရင် ကိုကျော်စွာကိုတော့ ဖေဖေ ထောက်ခံချင်တယ်ပေါ့လေ''

''ဟုတ်တယ်''

''ဘာလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားသင့်တဲ့လူမို့လို့"

"သမီးမှမကြိုက်တာ ဖေဖေရဲ့"

"ဦးနှောက်နဲ့ဆုံးဖြတ်ပါသမီးရဲ့၊ အသက်ငယ်သေးတာ မှန်ပေမယ့် သမီးအဆင့်အတန်းက နှလုံးသားကိုဦးစားပေးပြီး စိတ်လှုပ်ရှားသင့်တာမျိုးမှမဟုတ်တာ"

"လက်မြှောက်ပါတယ်"

"ဒီလိုပဲဖြစ်ရမယ်လေ"

ပေါ့ပေါ့ပါးပါးရယ်ဖြစ်ကြ၏။ ဒီဆွေးနွေးပွဲကိုသာ သူမ သိရင် ဘီလူးဆိုင်း'က'တော့မှာလေ။ စားပြီးသားပန်းကန်တွေကို ဆေးကြောပြီး ထမင်းချိုင့်ခူးနေစဉ် ဘေးခြံတံခါးပေါက်မှအသံ ပြည်လာလေ၏။

"မဒါ"

"ဝေ့. . . ဘာလဲ မကြူ"

"မေမေကြီး အခေါ်လွှတ်လို့ပါ။ ရေမိုးချိုးပြီးရင် လာခဲ့တဲ့။ ထမင်းချိုင့်မယူလာနဲ့လို့ပြောခိုင်းလိုက်တယ်"

"ဘာလို့လဲ"

"အစ်ကိုလေးနဲ့ဘဘကို ထည့်ပေးတဲ့ချိုင့်ကို အတူတူပဲ စားပါတဲ့"





"အို! မဟုတ်တာ မကြူကလည်း"

"သွားလိုက်ဦး သမီးရေ တော်ကြာ ဘာပြောချင်မှန်း သိ။ သူရရဲ့ကားနဲ့ပဲ သမီးကိုခေါ်တာဆိုတော့ အချိန်လည်း သက်သာတယ်လေ"

"ဟုတ်ကဲ့ပါဖေဖေ"

ဖေဖေ့အတွက် ထမင်းချိုင့်ခူးပေးလိုက်ပြီး (ရေချိုးပြီး ပြီမို့) အဝတ်အစားလဲကာ ဘုရားစင်ရှေ့ ဦးချ ပြီးမှ ဖေဖေ့ကို ကန်တော့လိုက်ပြီး အိမ်ပေါ်မှဆင်းခဲ့လိုက်ပါ၏။ ဒါလည်း ဒင်းရဲ့ စီမံချက်ပဲထင်ပါရဲ့။ လူကို ဒီ့ထက်ပိုနိုင်စားချင်တာနဲ့ ထမင်းချိုင့် မယူဖြစ်အောင် လုပ်နေသေးတာလေ။

"အန်တီမေ"

"လာလေ သမီးရဲ့"

အိမ်ရှေ့မှပင် ဝင်ခဲ့၏။ ထမင်းစားခန်းမှာ မနက်စာပိုင်း ကို အန်တီမေက မကြူနှင့်အတူ ပြင်ပေးနေတာပါလေ။

"ဘာချက်စားလို့လဲ အန်တီမေ"

"ဒီမှာလေ၊ သားတော်မောင် စားချင်တယ်ဆိုလို့ ခေါက်ဆွဲကြော်ပေးနေရတာလေ။ မကြူကို ဈေးအစောကြီးလွှတ်လိုက် ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



''ထမင်းချိုင့်ကို မနက်ကတည်းက ယူသွားလည်း ဖြစ်တာပါပဲ အန်တီမေရယ်။ နောက်မှလာပို့တော့ အလုပ်ပိုတာပေါ့''

''မပိုပါဘူးသမီးရယ်၊ သမီးဦးဦးက ပူပူနွေးနွေးပဲ စားချင်တယ်ဆိုလို့ပါ။ အလိုတော်! ငါ့သမီးက ကုမ္ပဏီ Uniform နဲ့ သိပ်လှနေတာပါလား''

ဆံပင်ရှည်လာတာမို့ ကျစ်ဆံမြီးနှစ်ဖက် ကျစ်ထားတာကိုကိုင်ရင်း ကျေနပ်စွာပြုံးလိုက်မိလေ၏။ ကိုယ့်ကိုကြည့်ကောင်းတယ်ပြောရင် ဘယ်သူမဆို နှစ်သက်တာအမှန်ပဲကိုး။

''မိဒါ''

''ကြည့်! ရောက်တာနဲ့သိတာပဲ''

''သွားလိုက်လေ သမီး၊ အန်တီအဆင်သင့်ပြင်ပြီးပြီလို့ ပြောခဲ့ချည်''

''ဟုတ်. . . ဦးဦးရော''

''လမ်းလျှောက်မပြန်သေးဘူး။ စောပါသေးတယ် သမီးရဲ့''

လှေကားထစ်တွေကို တက်ခဲ့ပါ၏။ အခန်းထဲရောက်တော့ ဒင်းက ရေချိုးခန်းထဲရောက်နေတာပါလေ။ ထုံးစံအတိုင်း ဒီနေ့ဝတ်ဖို့ဝတ်စုံတစ်စုံကို သူမထုတ်ပြီး မီးပူတိုက်နေလိုက်လေ





သည်။

''မိဒါ''

''ဘာတုန်း''

''ရောက်ရင်လည်း အသံပေးလေဟာ။ ငါ့ကို Towel ပေးဦး။ ဟိုအကြီးကြီးကိုပြောတာနော်။ ငါမေ့ခဲ့လို့''

သေဦးမယ်။ ရေချိုးခန်းထဲကို ဘာမှမပါဘဲ ဝင်ရတယ်လို့။ အဲဒီကောင်ဟာလေ, တခြားလူတွေသာ သိရင်တော့ ပြောကြမှာ အများကြီးပါပဲလား။ ကုတင်ခြေရင်းမှာ တင်ထားသည့် အသားရောင်တဘက်ခေါက်ကိုယူကာ ရေချိုးခန်းတံခါးကိုခေါက်တော့ သူက တံခါးဟပြီး လက်ထုတ်လေ၏။

''ငါမပေးရင် နင်ဘယ်နှယ့်လုပ်မလဲ''

''နင်ကြည့်ရဲရင် လုပ်ပေါ့၊ ငါက ဒီအတိုင်းပဲထွက်လာမှာ''

''ကောင်စုတ်''

လက်ထဲသို့ တဘက်ကို ထိုးထည့်ပေးလိုက်ရတော့၏။ ဒီကောင်က ခပ်ရွတ်ရွတ်မဟုတ်လား။ တန်းမှာချိတ်ထားသည့် Hunger မှ တဘက်အပြာကို ယူလိုက်ပြီး ရေချိုးခန်းဝ ပြန်ရောက်စဉ် သူထွက်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ကြည့်စမ်း! လိမ္မာလိုက်တဲ့ညီမလေးပါလား။ ယောက်ျားယူရင်လုပ်ပေးဖို့ အခုကတည်းက ကျင့်ထား။ သိလား"

"ဘာညီမလေးလဲ၊ ငါ့ကိုအဲဒီလိုခေါ်တာ ကိုကျော်စွာ တစ်ယောက်ပဲရှိတယ်။ နင်ခေါ်စရာမလိုပါဘူး"

"အံမာ! နေရင်းထိုင်ရင်း ဒီကောင့်နာမည်ကို မ'တ'ချင် ပါနဲ့။ ငါ အာကာ့ကိုမှာထားပြီးသား။ ဦးဦးကလွဲပြီး နင့်ဆီကို Phone ဆက်ရင် ခေါ်မပေးနဲ့လို့"

"ဟွန်း! စိတ်ပုပ်တာ သူ့အပြင် နှစ်ယောက်မရှိဘူး။ ဖေဖေကဖြင့် သဘောတူထားပြီးသား"

"ဘာပြောတယ်"

"ငါ့တာဝန်ပြီးလို့သွားပြီ၊ ဒါပဲ"

"မိဒါ"

မကြားချင်ယောင်ဆောင်လျက် ပြေးဆင်းလာခဲ့သည်။ အပေါ်ထပ်မှာတော့ သူ့အော်သံက ကျွက်ကျွက်ညံလို့ပါလေ။ တမင်ဆွပေးသလိုများ ဖြစ်သွားပြီလား။

"ဟော့ကောင်!. . . နင် အဲဒီကောင်ကိုယူရင် နင့်မင်္ဂလာ ဆောင်ကို ငါမဲ့ရရအောင် ဖျက်မှာ။ သတ္တိရှိ လုပ်ကြည့်စမ်း"

"ယူကိုယူဦးမှာ"





"ဘာကိုလဲ သမီး"

"ဘာမှမဟုတ်ပါဘူး အန်တီမေရဲ့"

သူအော်ပြောတာကို တီးတိုးရေရွတ်ရင်း ရယ်လိုက်မိ သေး၏။ သူ့အပေါ်ထပ်မှဆင်းလာတော့ အန်တီမေ့ရှေ့မှာပင် သူမ ကျစ်ဆံမြီးနှစ်ဖက်ကိုဆွဲလေတော့ နာပြီး အော်လိုက်မိလေသည်။ နှင် ငါ့ကိုနိုင်စားပေါင်းများပြီ သူရဲ့ရေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

Attendent File ကိုကိုင်လျက် သူ့ရှေ့မှာ ထားလိုက်ပါ၏။ Phone ပြောနေတာကိုအကြောင်းပြုကာ လက်မှတ်မထိုးသေးတာမို့ သူမ မတ်တပ်ရပ်နေရလေသည်။ နှိပ်စက်ထားဦးပေါ့ သူရရယ်။

"ဟုတ်ကဲ့. . . နောက်လထဲရောက်အောင် ကျွန်တော်အတတ်နိုင်ဆုံးကြိုးစားပေးပါ့မယ်အန်ကယ်။ ဟုတ်ကဲ့, ကျွန်တော်က ကျေးဇူးတင်ရမှာပါဗျ။ ဟုတ်ကဲ့ခင်ဗျာ. . . ဒါပဲနော်. . . ဟုတ်ကဲ့"

"ဟီ!"

"ညှိသည်ရောက်နေပါတယ် GM"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတဲ့လဲ"

"GM ရဲ့ Classmate လို့ပြောပါတယ်၊ ရဲထက်ဘုန်းတဲ့"

"လွှတ်လိုက်ပါ အာကာ"

"ဟုတ်ကဲ့"

Intercon ခလုတ်ကို သူပြန်ပိတ်လိုက်ပြီး File ထဲမှာ လက်မှတ်ထိုးပေးလိုက်ပါ၏။ File ကို ချက်ချင်းပြန်မပေးသေးတာမို့ ရပ်စောင့်နေရပြန်ပါသည်။

"ညှိသည်လာမယ်ဆိုတာ ကြားလား"

"ကြားတယ်"

"လေသံကိုက မာမာနဲ့ ဒီကောင် ဘာကြိုက်သလဲမေး ပြီးရင် ဖျော်ပြီးလာပို့ဦး"

"သိတယ်"

"ဒေါက်! ဒေါက်! "

"ဝင်ခဲ့ပါ"

ရုံးခန်းတံခါးပွင့်သွားပြီး လူတစ်ယောက် ဝင်လာလေ၏။ Classmate ဆိုပြီး တစ်ခါမှမမြင်ဖူးတာမို့ သူမအံ့ဩသွားရတာလေ။ ဘယ်တုန်းက ဘယ်သင်တန်းကများ သူငယ်ချင်းပါလဲ။





"Hi!... သူရ"

"အေး. . . ဘယ်တုန်းက ပြန်ရောက်တာလဲ။ မတွေ့တာတောင်ကြာပြီ၊ လာ. . . ရဲထက်၊ ထိုင်"

"အေးကွာ၊ ငါးနှစ်နေပါ့မယ်ဆိုတာကို မာမီက ငါ တစ်နှစ်ပဲရှိသေးတယ်၊ လွမ်းလို့ဆိုပြီး အလုပ်ထွက်ရတာကွ။ သိတဲ့အတိုင်း သဘော်လိုင်းက ပင်ပန်းပေမယ့် ပင်ပန်းရကျိုးနပ်တာလေ"

"အဲဒီတော့ မထွက်ဖြစ်တော့ဘူးဆိုပါတော့"

"အေးကွာ၊ မာမီကတော့ ဒီမှာ Shopping mall အသေးစားလေး လုပ်ပေးမယ်ပြောတာပဲ"

အကြည့်က သူမထံရောက်လာတာမို့ မျက်နှာလွှဲလိုက်ရပါ၏။ ညှိသည်ဖြစ်ပြီး အကြည့်ကလည်း ရဲပါ့နော်။ နာမည်နဲ့လူ လိုက်ပါ့။

"ဘာသောက်ချင်လဲ သူငယ်ချင်း"

"သောက်ချင်တာတော့ Beer ပဲ"

"Beer တော့မရှိဘူးဟေ့၊ အပူနဲ့အအေးပဲ တစ်ခုခုရမယ်။ ပြော"

"ဒါဆိုလည်း Cold ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"သွားလို့ရပြီ မိဒါ"

မိဒါက File ကိုယူပြီး ထွက်သွားစဉ် သူငယ်ချင်းဖြစ်သူက လည်ပြန်မတတ် ကြည့်လိုက်တာမို့ စာရွက်ဖိသည့်ဖန်တုံးကို စားပွဲထက် အသံမြည်အောင်ခေါက်လျက် သတိပေးလိုက်ရသေး၏။ ဘာအထာလဲကွ။

"မိုက်တယ်ကွာ"

"ဘာမိုက်တာလဲ"

"မင်းဝန်ထမ်းလေးကိုလေ၊ ဒီလို Colour skin မျိုးကို ဟိုဘက်နိုင်ငံတွေက သိပ်သဘောကျကြတာကွ။ ညိုညက်ညက်လေး။ လုပ်လေကွာ. . . ငါနဲ့မိတ်ဆက်ပေး"

တောက်! စေစောစီးစီး မီးလာမွှေးနေတာပါလားနော်။ ဒီနေ့မှပဲ မရွှေစာက ထူးထူးဆန်းဆန်း Frenchrole ဆံထုံးနှင့် လန်းဆန်းတက်ကြွနေပုံဖြစ်နေတာကိုး။ ငါနော်. . .

"အဲဒါ ငါ့ Secretary ကွ"

"နာမည်က ဘာတဲ့လဲ"

"ယွန်းသဒ္ဒါ"

"လှနဲ့ကွက်တိ၊ မိုက်တယ်ကွာ"

"ဟောကောင်. . . ဟောကောင်. . . မင်းနော်၊ နိုင်ငံခြား





ရောက်ပြီးတာနဲ့ အကျင့်ဆိုးတွေ ဒီကိုယူမလာနဲ့။ ငါ့ဘော်ဒါ အေးအေးနေပါစေ"

"ဘော်ဒါ"

"အေး"

"မင်းသူငယ်ချင်းပဲပေါ့"

"သူငယ်ချင်းမှ ငယ်သူငယ်ချင်းအရင်းခေါက်ခေါက်။ အတွင်းသိအစင်းသိ"

"အကြောင်းသိဆိုတော့ ပိုမိုက်တာပေါ့ကွ။ လုပ်ပါကွာ၊ ပြောပေး"

ငါနော်၊ မျက်ခွက်ကို ဆယ်ချက်လောက် အားရပါးရ ထထိုးလိုက်ရ မကောင်းပါဘူး။ မိဒါကို အဲဒီလိုလူစိမ်းတွေကြည့်ချင်ပြောရင် သူနည်းနည်းလေးမှမကြိုက်တာလေ။ အခုတစ်ခါ နိုင်ငံခြားပြန်သဘော်သားက ထကြွနေပြန်တာလေ။ ရောဂါတိုးရပါလားနော်။

"မိဒါက ခပ်အေးအေးကွ"

"အေးလေ ကြိုက်လေပဲ"

"မလုပ်ပါနဲ့ကွာ၊ သူ့ဘာသာသူ တည်တည်ငြိမ်ငြိမ်လေး နေနေတာ အပျော်သွားမနှောင့်ယှက်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ! ဒါမျိုးကို ငါကအပျော်ကြံပဲ့မလားသူရဲ့။ အတည်ကွ အတည်၊ စေ့စပ်ထိမ်းမြား လက်ထပ်ချင်တာပါကွာ"

သေစမ်း! ပြောမှပိုလို့တောင် ဆိုးလာတာပါလေ။ မိမိကိုများ လက်ထပ်ချင်လို့တဲ့။ မဖြစ်ဘူး. . . မဖြစ်ဘူး၊ ဒင်းအဖို့မှာနေရင်း မဒီကညာဘယ်နှယောက်နဲ့များ ရှုပ်ခဲ့တာမသိ။ ရှေ့ဂါပေါင်းစုံတွေ ဒင်းခန္ဓာကိုယ်ထဲမှာရှိရင် ဘယ်လိုလုပ်မှာလဲ။ သူ့တန်းဖိုးထား စောင့်ကြည့်နရတဲ့ ငယ်သူငယ်ချင်းလေးကိုတော့ ဒီလိုငပွေးမျိုးလက်ထဲကို ထည့်မပေးနိုင်ပါလေ။

"မဖြစ်ဘူး"

"ဘာမဖြစ်တာလဲကွ"

"မင်းနဲ့မိဒါက Type မှမတူတာကွ"

"အဲဒါ ငါတို့အချင်းချင်းညှိရင် ရပါတယ်သူရရာ။ ငါ့ကနားလည်မှုရှိတဲ့ကောင်ပါကွ"

တောက်! ငါဒေါသထွက်လာပြီနော်။ လက်ထဲချွေးစေးပျံလာသလို တစ်ကိုယ်လုံး အိုက်စပ်စပ်ဖြစ်လာတာမို့ Aircon ခလုတ်ကိုဖွင့်ပြီး မြှင့်လိုက်ပါ၏။ မိဒါဝင်လာရင် အော်ပေတော့မည်။ မိဒါက အအေးဒဏ်ကို မခံနိုင်သည့်သူလေ။

"သူကြိုက်မှာမဟုတ်ပါဘူးကွာ"





"မင်းကလည်း ပြောပေးမယ်မရှိဘူး။ အပျက်ကပဲ ပြောနေတာပဲ"

ပြဿနာပဲ။ အခုတွေ့ အခုစိတ်ဝင်စားနေပါတယ်ပြောတာကို ယုံရမှာတဲ့လား။ မိုးမြင့်စံကမှုဆိုက ကျော်စွာမိုးမြင့်ကိုတောင် သူကြည့်မရဘူးဆိုပြီး ကန့်ကွက်ခဲ့ပါလျက် ဒီလို နိုင်ငံလှည့်လူလည်နဲ့ ဘယ်လိုမိတ်ဆက်ပေးရမှာပါလိမ့်။

မိဒါသိရင် သူ့ကိုအထင်လွဲပြီး ဒေါသနဲ့အော်တော့မှာလေ။

"အအေးရပါပြီ"

အသံပြုရင်း မိဒါဝင်လာတာမို့ ရဲထက်ဘုန်းက ထိုင်ခုံနောက်မှီကို ကျောမှီလိုက်လေ၏။ ညှို့သည်ရှေ့မှာ အအေးဖန်ခွက်နှင့် လက်သုတ်ပဝါပန်းကန်ကိုချပေးစဉ် ရဲထက်ဘုန်းက မိဒါလက်ကိုငုံ့ကြည့်နေတာမို့ သူ ဒေါသမျိုချနေရလေသည်။

"လှလိုက်တာ"

"ရှင်!"

"လက်ချောင်းကလေးတွေက လှလိုက်တာလို့ပြောတာလေ"

စတီးလင်ပန်းကို နောက်မှာကွယ်ဖွက်ပြီး လက်ကိုဝှက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။ ရဲထက်ဘုန်း၏ခပ်အုပ်အုပ်ရယ်သံက သူ့စိတ်ကို ကလိကလိဖြစ်စေတာအမှန်ပါလေ။

''ကပ်စေးနဲလိုက်တာကွာ''

''သွားလို့ရပြီ မိဒါ''

''ဟုတ်ကဲ့''

''ကိုယ့်နာမည် ရဲထက်ဘုန်းပါ။ . . . . . . သဘော ကုမ္ပဏီက အင်ဂျင်နီယာပါ ယွန်းသဒ္ဒါ''

မှတ်တမ်းရပ်ကာ လက်ကမ်းပေးနေသည့် ရဲထက်ဘုန်း ကြောင့် သူမ ခြေတစ်လှမ်းနောက်ဆုတ်လိုက်မိလေ၏။ ဘာကြီး လဲ၊ ဒီလိုမျိုး လက်ဆွဲနှုတ်ဆက်ဟန်က သူမတစ်သက် တစ်ကြိမ် မှမရှိခဲ့တာလေ။

''Shaken မလုပ်ချင်ဘူးလား''

''မနောက်ပါနဲ့ ရဲထက်ရာ''

''မနောက်ပါဘူးကွ၊ ကိုယ်အတည်နှုတ်ဆက်နေတာပါ ယွန်းရယ်။ ကိုယ့်ဒက်ဒီက ပုဂ္ဂလိကဘဏ်မှာ ရှယ်ယာဝင်တစ် ဦးပေါ့။ မာမီကတော့ မြို့ထဲမှာ စိန်တိုက်ဖွင့်ထားတယ်။ နာမည် တွေက''

''ရဲထက်''





သူက ဖျတ်ခနဲထကာ သူမအနီးသို့ ရောက်လာလေ၏။ အွက်သွားချင်နေပြီမှန်ပေမယ့် ညှို့သည်က အတင်းနှုတ်ဆက် နေတာမို့ ထွက်သွားရင် ရိုင်းသလိုဖြစ်မှာလေ။ ဒုက္ခပဲ၊ သူ့ဆီမှာ ဒီလိုရဲတင်းတဲ့မိတ်ဆွေမျိုး ရှိနေရတာလဲ။

''ကိုယ့်ကို Phone နံပါတ်လေး တဆိတ်! ပေးပါလား''

''ဟင့်အင်း. . . ကျွန်မ Phone မကိုင်ပါဘူး''

''ကျစ်!. . . Secretary ဖြစ်ပြီး Hand Phone လေး တောင် ပေးမကိုင်ဘူးလားကွ သူရရဲ့။ မြန်မာပြည်မှာ Phone တွေ ဘယ်လောက်ပေါများနေတာ သိရဲ့သားနဲ့''

''မလိုအပ်လို့ပါကွာ''

''ဟ! မလိုပဲရှိပါ့မလားကွ၊ အလုပ်ကိစ္စအရေးတကြီးရှိ တဲ့အခါ မင်းဘယ်လို Message ပို့မှာလဲ''

''သူက ငါခေါ်ပြောနိုင်တဲ့ဧရိယာမှာ အနီးဆုံးရှိနေတာ မို့ပါ ရဲထက်ရာ''

ညှို့သည်က မချိုမချဉ်ပြုံးလိုက်သဖြင့် သူမလှည့်ထွက် ရန် ပြင်လိုက်ပါ၏။ ထိုလူက သူမရှေ့ကို လက်တားလိုက်တာမို့ ခြေလှမ်းရပ်လိုက်ရလေသည်။ ကိုးယို့ကားယားလုပ်ပြန်ပြီလေ။

''ဘယ်မှာနေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အိမ်ဘေးခြံမှာ"

"*Oh!* နီးနီးလေးပါလား"

"ကျစ်! အအေးသောက်ပါတော့ ရဲထက်ရာ၊ မိဒါလည်း အလုပ်လုပ်စရာရှိတယ်ကွ။ ငါလည်း အားဟာမဟုတ်ဘူး။ မင်း ခြေထောက် မြေပေါ်ရောက်တာနဲ့ မင်းက အားလပ်တာလေ။ ငါတို့က ပိတ်ရက်က Sunday ရက်ပဲ OFF ရှိတာကွ"

"OK! Sunday ပိတ်ရက် ကိုယ်လာလည်လို့ဖြစ်တယ် မဟုတ်လား"

"အို. . . ဘာကိစ္စလာမှာလဲ"

မျက်လုံးဝိုင်းလျက် အလန့်တကြားအော်လိုက်မိလေ၏။ ဘယ်လိုလဲ၊ တစစနဲ့ ရှေ့ကိုတိုးသလိုပြောနေတာလေ။ စိတ်တို လိုက်တာနော်။ မျက်နှာကို လက်ထဲမှာရှိတဲ့လင်ဗန်းနဲ့ ကိုင်ပြီး ရိုက်ချင်လိုက်တာ မပြောပါနဲ့။

"လာချင်လို့ပေါ့ ယွန်းရဲ့"

'လာစရာမလိုပါဘူး။ ရှင့်ကို ဘယ်သူက ဖိတ်နေလို့လဲ"

"အားပါး! အစွာစားလေးပါပဲလား"

"ရဲထက်"

"ဘာလဲကွာ"





"ငါမပြောချင်ပေမယ့် ပြောရတော့မှာပဲ။ မိဒါက ငါ့ချစ်သူကွ"

"ဘာ!"

"လူကြီးချင်းလည်း သဘောတူထားပြီးသား။ မင်းက စွတ်တင်နေတာနဲ့ မပြောလို့မဖြစ်တော့ဘူး။ သွားတော့ မိဒါ"

သူ့မလက်မောင်းကို ဖျတ်ခနဲဆွဲကာ ပါးကိုမွှေးလိုက်သဖြင့် အငိုက်မိသွားရလေ၏။ ကြည့်စမ်း! ကူညီတာတော့ ကူညီတာပေါ့။ သူ ဤသို့လုပ်စရာလိုလို့လား။

ရှက်လိုက်တာနော်. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

Sunday ဝိတ်ရက်မို့ တော်ပါသေးရဲ့။ မျက်နှာပူလိုက်တာနော်။ လူကိုများ သူ့ချစ်သူတဲ့။ ပိုင်စိုးပိုင်နင်းနဲ့တောင်မှ အနမ်းခံလိုက်ရသေးတာ။ စိတ်တိုတယ်။

"သမီးရေ"

"ရှင်. . . ဖေဖေ"

"ဘယ်လိုဖြစ်ပြီး အခန်းအောင်းနေတာလဲကွ။ ထူးထူးဆန်းဆန်း"

မနက်စောစောထပြီး ခြံထဲမှာရှင်း၊ ပန်းပင်ရေလောင်းကာ အိမ်အလုပ်တွေလုပ်၊ ကြမ်းတိုက်၊ အဝတ်လျှော်၊ ရေမိုးချိုးပြီး အခန်းထဲလှိမ့်နေတာကို ဖေဖေတောင် သတိထားမိနေချေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ အိပ်ရာထက်မှလူးလဲထကာ တွန့်ကျေနေသည့်အင်္ကျီကို ဆွဲဆန့်လိုက်ပြီး အခန်းထဲမှထွက်လိုက်ရလေ၏။

"ဒီညနေ ဖေဖေ Dinner ပွဲတစ်ခု တက်ရမယ်"

"ဒါဖြင့် ဖေဖေ တိုက်ပုံဝတ်လို့မရဘူးပေါ့"

"ရှပ်အင်္ကျီနဲ့သွားလည်း ရတာပါပဲသမီးရယ်။ ကိစ္စမရှိပါဘူး"

"မိုးချုပ်မှာလား"

"အေးပေါ့။ ဘာလဲ. . . တစ်ယောက်တည်းကျန်ခဲ့ရမှာ ပျင်းနေမယ်ပေါ့လေ"

"မပျင်းပါဘူး ဖေဖေရ"

"ပျင်းရင် မသီတာတို့အိမ် သွားလည်ပေါ့။ ဟိုဘက်ကလည်း ပိတ်ရက်လေးတောင်မှ သမီးမျက်နှာလေးကိုမတွေ့ရရင် မနေနိုင်ဘူးဖြစ်နေတာမဟုတ်လား"

မျက်နှာအလိုလိုရဲသွားရလေ၏။ ဖေဖေက ခါတိုင်းလို ပြောရိုးပြောစဉ် ပြောလိုက်ပေမယ့် (သူ့လုပ်ရပ်ကြောင့်) အနေခက်နေရတာပါလေ။ မနက်ဖြန်များစွာကို မည်သို့ဖြတ်သန်းရပါ့။ သူ့လက်အောက်ဝန်ထမ်းမို့ သူနဲ့မျက်နှာချင်းမဆိုင်လို့မှ မရတာလေ။

ဘယ်လိုလဲ။ Sorry လို့ ခပ်ပေါ့ပေါ့လေးပဲ ပြောထွက်





လာ။ ဟုတ်မှာပါ။ တစ်သက်လုံး ဖြူဖြူစင်စင်နေဖြစ်ခဲ့ပြီးမှ အရောင်ဘယ်လိုပြောင်းဝံ့ပါ့မလဲ။ ငါမှာသာ. . .

"ဒီညနေပွဲကိုသွားရင် ဦးမိုးမြင့်တို့လည်း လာကြမှာ"

"ဟုတ်လား"

"အေး. . . မောင်ကျော်စွာကတော့ သမီးဆီကို လာမယ်ထင်တာပဲ"

အဲ! အဲဒါမှဒုက္ခ။ ဒင်းကိုရှောင်ချင်ပါတယ်ဆိုမှ ကိုကျော်စွာကလည်း တစ်မှောင့်ပါပဲလားနော်။ စိတ်ကြီးရယ် ညစ်ပါ့။ အိမ်ကိုလာပြီးတွေ့မှတော့ သူ့မ ဘယ်လိုရှောင်ရှားလို့ရပါတော့မလဲ။ တော်ကြာ ဟိုဘက်ခြံကနေ ဒင်းလှမ်းမြင်ရင် ပြဿနာကတက်ဦးမှာ။

"ဖေဖေ့ကိုပါ ဖိတ်တာဆိုတော့ ဆွေကြီးမျိုးကြီးတွေလုပ်တဲ့ ညစာစားပွဲဟုတ်ပါ့မလား"

"မဟုတ်ပါဘူးသမီးရဲ့၊ မိတ်ဆွေလင်မယား မင်္ဂလာသက်(၅၀)ပြည့်အထိမ်းအမှတ်မျိုးနဲ့လုပ်တဲ့ပွဲပါ။ ကိုမြတ်ကိုတို့နဲ့လည်း ရင်းနှီးတာဆိုတော့ သူတို့လည်း သွားကြမယ်ထင်ပါရဲ့"

ဟင်! ဒါနဲ့များ ဟိုဘက်အိမ်သွားလည် ညွှန်းရတယ်လို့။ အန်တီမေမရှိမှတော့ ဘာသွားလုပ်ရမှာတဲ့လဲ။ ဒင်းနဲ့မျက်နှာချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရင် မတွေ့ချင်လို့ပါပဲ။ တစ်ယောက်နဲ့တစ်ယောက် မသိချင်
ယောင်ဆောင်ရင်တော့ ကောင်းတာပေါ့နော်။

တစ်သက်လုံးမှာ ဖေဖေနဲ့မေမေသာ သူမကိုချစ်ပြီး နမ်း
ရှိုက်ခဲ့တာ အများဆုံးပါ။ အရွယ်ရောက်နေသည့်သမီးကို (ဖေဖေ
ကို သတိအရမ်းရပြီး ပြောကြတဲ့အခါ) ဖေဖေက သူမနဖူးကိုသာ
နမ်းတတ်တာပါလေ။ အခုတော့ ဘာမှသွေးသားမတော်စပ်တဲ့
လူတစ်ယောက်ရဲ့ လျှပ်တစ်ပြက်ဒဏ်ရာက သူမရဲ့ညာဘက်ပါး
ပေါ်မှာတဲ့။

စိတ်တိုတယ်နော်. . . စိတ်တိုတယ်။ အဲဒါ ခင်းရဲ့ညှော်
သည့် ဟိုသဘော်သားကြောင့် ဖြစ်ရတာ။ ဒီလိုနှုတ်ရဲလျှာရဲ
ယောကျ်ားမျိုးသာ သူ့ရုံးခန်းထဲရောက်မလာခဲ့ရင် ဒီလိုမှမှန်တဲ့
အခြေအနေတွေ ဖြစ်လာမှာမှမဟုတ်တာ။ ဟုတ်တယ်၊ အဲဒါ
ဘုန်းထက်ဆိုတဲ့ အဓိကတရားခံကြောင့်ပါပဲ။

''တောက်!''

''ဘာဖြစ်ရပြန်တာတုန်း။ နေရင်းထိုင်ရင်း''

''ဘာမှမဟုတ်ပါဘူးဖေဖေရဲ့၊ မနေ့က အလုပ်မှာ စိတ်
တိုရတာကို တွေးမိလိုက်လို့ပါ''

''ငါ့သမီးကတော့လေ''





ဟွန်း!. . . ယောကျ်ားတွေများနော်၊ သူတို့နဲ့စကားပြော
ချင် လူကို ရေလာမြောင်းပေးချင်သလိုလို့များ ထင်ကြသလား။
ပြောတော့ဖြင့် အတောင်နှစ်ဆယ်ဝတ်အမျိုးသားတွေဆိုပြီး သူမ
တို့ကို သုံးတောင်ဝတ်အမျိုးသမီးတွေလို့ အထင်သေးနေတာပဲ
မဟုတ်လား။

ဒီခေတ်မှာ ဖလန်းဖလန်းထနေကြတဲ့မိန်းကလေးတွေ
အများကြီးရှိပေမယ့် သူမက အဲဒီလိုမိန်းမမှမဟုတ်တာ။ ရုပ်ရည်
က ရွက်ကြမ်းရေကြို့မို့ ကိုယ့်ကိုယ်ကို သိပ်မလှတဲ့ကောင်မလေး
မှန်းသိပါလျက် ဘာကြောင့် မထိတထိ စနောက်ချင်ကြတာပါ
လိမ့်။ လူတကာအပေါ် ပုံမှန်ဆက်ဆံတတ်သည့်သူမက သူရဲဆို
သည့် ငယ်သူငယ်ချင်းတစ်ဦးတည်းကိုသာ ရင်းရင်းနှီးနှီးဆက်ဆံ
ခဲ့တာ နှစ်ပေါင်းကြာခဲ့တာပါ။

အခုလို တစ်ကြိမ်တစ်ခါမှ မတွေ့မဆုံဖူးသေးတဲ့ သူစိမ်း
ယောကျ်ားတွေနဲ့ ဆက်ဆံပြောဆိုရေးမှာ ဘာကြောင့်မှန်းမသိ
အထစ်အငေါ့တွေရှိနေတာလေ။ ကဲ. . . ညနေကျ ဖေဖေ့ Boss
ရဲ့သားက လာဦးမှာတဲ့။

နင်တော့ သေဦးမယ် ယွန်းသဒ္ဒါရေ။

''ဖေဖေသွားပြီ သမီးရေ၊ ခြံတံခါးနဲ့အိမ်တံခါးကို သေ



www.burmeseclassic.com

ချာပိတ်ထားဦး''

နှုတ်ခမ်းက အလိုလိုရှုသွားရပါ၏။ အခုမှ ထူးထူးဆန်းဆန်းလုပ်,ပြောရတယ်လို့။ ခါတိုင်းတော့ဖြင့် စိတ်ချလက်ချထားခဲ့ပြီးတော့များ။ ဖေဖေထွက်သွားပြီးတော့ ခြံတံခါးကို လိုက်ပိတ်စဉ် တစ်ဖက်ခြံထဲမှ ရှိုးအပြည့်ဖြင့်ထွက်သွားသည့်သူ့ကို လှမ်းမြင်လိုက်ရပါ၏။ လူက အလိုလို တံခါးအကွယ်ကို ဖျတ်ခနဲထိုင်ချလိုက်မိသည်။ မမြင်လောက်ပါဘူးနော်။

အခုမမြင်တော့ရော ဘာအကြောင်းလဲ။ မနက်ဖြန်ရှာဒီမျက်နှာကို မတွေ့ဘဲနေလို့ရမှာမှမဟုတ်တာ။ ဒီလိုမှန်းသိရင်ဟိုးအစကတည်းက ဖေဖေနဲ့ပဲ ကုမ္ပဏီမှာ အတူတူလုပ်လိုက်ပါတယ်။ ဘုရားရေ! ဘယ်နှယ်ကြောင့် သူမ နောင်တရနေပါလိမ့်။

''ဟောဗျာ. . . ဒါက ဘာထိုင်လုပ်နေတာလဲ''

''ဟင်!''

ငုတ်တုပ်လေးထိုင်နေလျက်မှ အလန့်တကြားဖြစ်ကာ ထရပ်လိုက်မိ၏။ အပေါ်မှငုံ့ကြည့်နေသည့် ကိုကျော်စွာကို တိုက်လိုက်မိသလိုဖြစ်သွားသဖြင့် တစ်ခဏမျှရှုပ်သွားရချေပြီ။ လက်ထဲကိုင်လာသည့်ပန်းစည်းက ခြံထဲကျတာမို့ သူမ အလျင်အမြန်ဖမ်းလိုက်မိစဉ် သူကလည်း ပြန်အဖမ်းနှင့် သူမလက်ကို ဆုပ်ကိုင်





သလိုဖြစ်သွားရတာပင်။

''ဟာ!''

''လန့်လိုက်တာ၊ အသံမပေးဘဲ ရောက်လာရလားလို့''

''Sorry, Sorry...ညီမလေးရယ်၊ တံခါးကလန့်ဖြုတ်ပြီးသော်လိုက်မလို့ရွယ်လိုက်တာပဲ။ ရုတ်တရက်မြင်လိုက်တာမို့ပါ''

ဖြေရှင်းချက်က ပြည့်စုံမစုံမသိပါ။ လန့်သွားရတာတော့ အမှန်ပါပဲ။ မပေးရသေးခင် လက်ထဲအလိုလိုရောက်နေသည့် ပန်းစည်းထံမှ နှင်းဆီရနံ့တို့က မွှေးကြိုင်လို့ပါလေ။ အခုမှပဲ ညညကြည့်ဖြစ်တဲ့ Korea ဇာတ်ဝင်ခန်းနှယ်ပါလား။ ရှူးချင်လာပြီနော်။

''အိမ်ပေါ်မခေါ်တော့ဘူးလား''

''ဝင်ပါရှင်''

တံခါးကလန့်ကို ဖွင့်ပေးလိုက်မိ၏။ မိနစ်ကလေးတစ်ယောက်တည်းသာရှိနေတဲ့အိမ်ထဲကို ဘယ်လိုစိတ်ထားမျိုးနဲ့ သူရောက်လာတာပါလိမ့်။ အိုလေ! ကိုကျော်စွာဆိုတာ ဖေဖေ့ကိုအိမ်ထိ စောင့်ရှောက်ကြည့်ရှုပေးနေတဲ့ မိသားစုဝင်ထဲကပဲဟာ။ …ပ်သယဝင်မိတာကိုတောင် အားနာသင့်ပြီလေ။

''အမှန်တော့ အပြင်ကိုခေါ်ပြီး ဆိုင်တစ်ဆိုင်ဆိုင်မှာ တွေ့ချင်တာ''



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



''. . .''

''ဒါပေမဲ့ ကိုယ်ခေါ်ရင် လာမှာမဟုတ်လို့ အခုလို ညီမလေးကို အိမ်မှာပဲ လာတွေ့လိုက်ရတာ''

ထိုင်ခုံမှာ သူဝင်ထိုင်လျက်ပြောတော့ သူ့ရှေ့ဆက်တီမှာ အသာထိုင်ချလိုက်မိ၏။ လက်ထဲမှပန်းစည်းကိုလည်း စားပွဲထက်သို့ တင်ထားလိုက်ပါသည်။ ဘာပြောချင်လို့လဲ။ ဖေဖေ့ ဖမ်းသံဖမ်းပြောထားတာကို နားထဲပြန်မကြားမိအောင် စိတ်ကို တင်းထားမိတာလေ။

''ကိုယ် မွေးမထားဘူးနော်''

''ရှင်!''

''ပန်းတွေကိုပြောတာလေ၊ ညီမလေး ဘုရားတင်လို့ ရအောင်''

မျက်နှာက အလိုလိုပူသွားရလေ၏။ ဘယ့်နှယ်ကြောင့်များ ဒီအသုံးအနှုန်းမျိုးကို ဒီရက်ပိုင်းအတွင်းမှာ မကြာခဏကြား နေရတာပါလိမ့်။

''အဟမ်း!''

တမင်ချောင်းဟန့်သံပြုလိုက်တာမို့ အကြည့်ကို သူ့ထံသို့ ပို့လိုက်ရ၏။ ပြောစရာရှိလို့ဆိုပဲ။ သူပြောမယ်ဆိုမှတော့ နား





ထောင်ဖို့တာဝန်က သူမထံ အလိုလိုရောက်နေရပြီလေ။

''ကိုယ်ပြောလို့ဖြစ်ရဲ့လား''

''ရှင်!''

''ဩော်. . . ကိုယ်ပြောရင် ညီမလေးများ စိတ်အနှောင့်အယှက်ဖြစ်သွားမလား စိုးရိမ်မိလို့ပါ''

''ဟို. . . မဖြစ်ပါဘူး၊ ပြောပါ ကိုကျော်စွာ''

သူက သဘောကျဟန်ဖြင့် ဣန္ဒြေရရပြုံးလိုက်လေ၏။ အရွယ်ကြောင့် တည်ငြိမ်ရင့်ကျက်ဟန်က အပြည့်ပါပဲလား။ ဘာသိညာမသိ ခွင့်ပြုလိုက်မိပါ၏။ ဒုက္ခပါပဲ၊ ကိုယ့်ကို ရည်းစားစကားပြောမယ့်လူကို မီးစိမ်းပြလိုက်မိသလိုများ ဖြစ်သွားပြီလား။ အိုလေ! သူမကိုတော့ ကိုကျော်စွာ အထင်တသေး မဖြစ်လောက်ပါဘူး။

''တကယ်တော့ ဒီကိစ္စကို လူကြီးတွေအချင်းချင်းပြောမှုနဲ့ အဆင်ပြေပြေဖြစ်နိုင်မယ်မှန်း ကိုယ်သိပါတယ်။ ဒါပေမဲ့''

သူက သူမထံမှအကြည့်ကိုလွှဲကာ ရှေ့မှ Polish တင်ထားသည့်စားပွဲထံ ပြောင်းသွားပါ၏။ ဘာကိုဆိုလိုပါသလဲ။ သူမ နားမလည်ပါချေ။ စကားကိုခဏရပ်ကာ သူသက်ပြင်းကျိတ်ရှိုက်လိုက်တာကိုတော့ အလိုလိုမြင်ရတာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ကိုယ်က လူငယ်ချင်းညှိပြီးမှပဲ လူကြီးတွေကို သိစေချင်လို့ပါ"

"ကျွန်မ ဘာကိုပြောနေလဲဆိုတာမသိဘူး ကိုကျော်မှာ ရဲ့"

"အင်း. . . သွယ်ဝိုက်နေလို့လည်း အကြောင်းမှမထူး တာ။ ရှေ့မျက်နှာနောက်ထားပြီး ပြောရတော့မှာပဲ"

"ဟုတ်ကဲ့"

"ကိုယ် ညီမလေးကို လက်ထပ်ပါရစေ"

"ရှင်!"

"ညီမလေးရဲ့ဖေဖေနဲ့လည်း ကိုယ့်မိဘတွေက ရင်းနှီး ပြီးသားလေ။ ကိုယ့်မိဘတွေကလည်း ညီမလေးကို ကိုယ်ချစ်ရ မှန်း သိနေတာမို့ အခုလိုဖွင့်ပြောရတာပါ"

စိတ်ဆိုးရမှာလား။ စိတ်တိုရမှာလား။ ရှက်ရမှာလား ဘာဆိုဘာမှမသိဘဲ အရုပ်တစ်ရုပ်နှယ် တောင့်တောင့်ကြီး ထိုင် နေမိတာလေ။





## ချစ်ခြင်းရဲ့ကဗျာ

အရမ်းချစ်တယ်....
မလပြည့်လေးနဲ့ ပြောခဲ့တာမှန်ပေမယ့်
ဒီ့ထက်လေးနက်တဲ့စကားရှိရင်
တိုးတိုးလေးပြောပြချင်ပါတယ်....
ကာရန်မဲ့နေတဲ့ ငါ့ဘဝကြီးထဲ
ပျော်စရာတွေ အနားကွပ်ပြီး
မော်ဆရာရဲ့ ပဒ္မလက်ပြကွက်လို
တိတ်တိတ်လေး မင်းရောက်လာခဲ့တယ်....
ဖျော့လင့်ခြင်းတွေ ပြည့်သိပ်
လှဲ့ဖြာနေတဲ့မျက်ဝန်းတစ်စုံနဲ့
နှလုံးသားလေးက
စကားပြောတတ်လာခဲ့တော့
နွေးနွေးလေးစုန်နေတဲ့ ရင်ခုန်သံနဲ့
ချစ်ခြင်းကိုခံယူဖို့
ဒူးထောက်စားလိုက်မိတယ်....
အကြင်နာတွေ ပေါင်းစပ်ထားတဲ့
လှပတဲ့အချစ်မှာ
ငြိမ့်ငြိမ့်လေး ပျော်ဝင်လို့



www.burmeseclassic.com

www.burmeseclassic.com



ငါကိုယ်တိုင် (လှမသီအောင်)
ရှုးမတတ်ချစ်ခဲ့ဖူးတယ်....
တစ်ချိန်ချိန် ခွဲရမယ်ဆိုရင်တောင်
ချစ်ခွင့်ရတဲ့
နောက်ဆုံးစက္ကန့်လေးအထိ
နှလုံးခုန်သံ မရပ်မချင်း
ချစ်နေချင်ပါသေးတယ်....
ခဏလေး မမြင်ရရုံနဲ့
ငါ့နှလုံးသားမှာ
ပူလောင်မှုတွေ အပြည့်အသိပ်နဲ့
ရူးမတတ်ချစ်နေမိခဲ့ပြီ....
ချစ်ခြင်းတစ်ခုမှာ
အပူတွေ ရောစပ်နေတယ်ဆိုရင်
ငါ့ရင်တစ်ခုလုံး
လောင်ကျွမ်းသွားပါစေတော့
ခုနှမင်းစွာ ထွေးဖက်ထားလိုက်မယ်
အဲဒီလောက်ထိ
နင့်ကိုငါချစ်တယ်....



## အခန်း (၁၅)

"မိဒါ. . . ဟေ့!"

"သွားပြီ သားရေ၊ စောစောလေးကတင် ထွက်သွား
တာ"

ကျစ်!. . . ဘာအထာလဲကွ။ ဟိုတစ်နေ့က ကိစ္စကိုများ
ကျနပ်လို့များလား။ ဟိုကောင့်ကြောင့်သာ မိဒါကို မထိတထိ
နှပ်နေတာမို့ သူက ချစ်သူရည်းစားလို့ပြောရင် မယုံမှာစိုးလို့
ပါးပြင်ကို ဖျတ်ခနဲမွှေးလိုက်မိတာလေ။

စိတ်ဆိုးစရာလား။ ငယ်စဉ်ကတည်းက လည်ပင်းဖက်
း မိဒါကို သူနမ်းတတ်တဲ့အကျင့်ရှိခဲ့တာကြာပြီလေ။ အရွယ်
က်မှသာ သူဆင်ခြင်ပြီး မိဒါကိုခပ်ခွာခွာနေခဲ့တာပါ။ ဒါတောင်



www.burmeseclassic.com

www.burmeseclassic.com



မှ အိမ်ကိုခေါ်ပြီး သူ့အဝတ်အစားတွေကို လျှော်ခိုင်းသလို တိုက်ရန် သူခိုင်းစားခဲ့တာ သူ့အသိဆုံးပါပဲ။

ကားစက်နိုးလိုက်ပြီး ခြံထဲမှမောင်းထွက်လိုက်ပါ သွယ်ထဲမှာ ရှေ့တူရူကြည့်ပေမယ့် သူမရဲ့အရိပ်အယောင် မတွေ့ပါချေ။ ကြည့်စမ်း! ဦးဦးပြောတော့ ခုနလေးပဲဆို၊ ခဏ အချိန်က ထွက်တဲ့လူက အရိပ်တောင်မရှိတော့ပါလား။

"တောက်!"

မကျေမနပ် တက်ခေါက်လိုက်မိပြီး ကားကိုစက် ခဲ့စဉ် လမ်းမကြီးအချိုးကွေ့ရဲ့ Plaform ပေါ်မှာ ကားဂိတ်ကို နေသည့်သူမကို သူမြင်လိုက်လေ၏။ တော်သေးတာပေါ့၊ ပေါ်ပါမသွားခင် မိပေလို့။

"မိဒါ"

"ဘာလဲ"

အမယ်. . . ဒင်းကပဲ ဆောင့်ကြီးအောင့်ကြီးပြန် အော်ရတယ်လို့။ ကားကိုစက်နိုးခဏရပ်ကာ ပြတင်းပေါက်မှ ထပ်အော်လိုက်မိပြန်လေ၏။

"ဒါက ဘာအချိုးချိုးပြတာလဲ၊ မနက်တိုင်း အိမ်ကို ပါလို့ပြောထားတယ်လေ။ ကားနဲ့အတူသွားနေတာ သိရဲ့သာ





သလဲကွ"

ကျစ်! ဒင်းကပဲ လူကိုခိုင်းဖတ်လို ပြောနေပြန်တာလေ။ နေ့ကကိစ္စကြောင့် မျက်နှာပူရမှာကို မသိချင်ယောင်များဆောင သလား။ သူမက ကိုကျော်စွာရဲ့စကားတွေကို ပြန်ကြားယောင် တာမို့ စိတ်ရှုပ်လိုက်တာမပြောပါနဲ့။ ဒါကြောင့်လည်း တစ်ည လုံး ကောင်းကောင်းအိပ်လို့မရဘဲ မိုးစင်စင်လင်းသွားတော့ ပါလေ။

"ငါ့ကို နင့်ခိုင်းဖတ်လို့ချည်း တစ်သက်လုံးမြင်မနေနဲ့ ကောင်ရဲ့"

"ဘာ!"

သူက အံ့ဩသည့်ဟန်ပြလိုက်ပြီး တဟားဟားအော်ရယ် လိုက်လေ၏။ တွေ့လား. . . ယောကျာ်းတွေများ ကိုယ်ပြုဖူးတဲ့ အပြစ်ကို တောင်းပန်ဖို့ဝေးစွ။ လျစ်လျူရှု မသိယောင်ဆောင်ပြ နေတာပါလေ။

သူက ကားတံခါးဖွင့်ကာ သူမရှေ့မှာ ပိတ်ရပ်လိုက်လေ၏ ဒါက ဘာလုပ်ချင်ပြန်တာပါလိမ့်။

"နင့်ကို ဘယ်သူကများ တစ်သက်လုံးခိုင်းစားမယ်လို့ ပြောနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!"

"ဟုတ်တယ်လေ၊ အရင်ကတော့ ငါ့အပေါ်မှာ မောင်လေးလို့စေတနာ ဖြူဖြူသန့်သန့်လေးနဲ့ နှင်မညည်းမညူလုပ်ပေးခဲ့တာလေ။ အခုတော့ နှင့်စေတနာတွေက မည်းညစ်ပုပ်သိုးနေပြီမဟုတ်လား ကျိုးကန်းမရဲ့"

"သူရနော်၊ စောစောစီးစီး ငါ့ကိုလာပြီးတော့ ပြဿနာမရှာနဲ့"

"ပြဿနာရှာတာက နှင်၊ ငါမဟုတ်ဘူး"

ငါးဖယ်က ပြောင်းပြန်ပြောရတယ်ရှိသေး။ မုန်းချင်လိုက်တာနော်။ ရင်ထဲမှာ လက်ကျန်သံယောဇဉ်လေးသာ မရှိတော့ရင် ဒင်းကိုတော့ ကမ္ဘာမကျေလို့ ကြေငြာလိုက်ချင်ပြီ။ အဟုတ်ပဲ

"လာ. . . ကားပေါ်တက်"

"မတက်ပါဘူး"

"မတက်လို့မရဘူး၊ နှင့်ကို ငါရင်ဖွင့်စရာတွေ ရှိနေလို့ ခေါ်တာ"

"ဘယ်လို"

ဘုရားရေ! ရင်ဖွင့်စရာတဲ့။ ထူးထူးဆန်းဆန်းပါပဲလား ဘာအကြောင်းကိစ္စတွေ ရှိနေလို့များ ဒင်းမှာ ရင်ဖွင့်စရာရှိနေတာ





ပါလိမ့်နော်။ သူက ပြောပြောဆိုဆို သူ့လက်ကောက်ဝတ်ကို ဆွဲကိုင်ခေါ်နေပြီမို့ လိုက်ခဲ့ရတော့၏။ ဒင်းကတော့ လူရှေ့သူရှေ့မှာ လူအမြင်မသင့်အောင် လုပ်ပြန်ပြီလေ။

"နှင် Breakfast ဘာစားခဲ့လဲ"

"ဘာမှမစားဘူး။ စားချင်စိတ်မရှိလို့"

"လမ်းမှာ တစ်ခုခုဝင်သောက်ကြမလား"

"သောက်ချင်ပါဘူး"

"ရော်. . . ဒီလောက်စကားကောင်းပြောနေတဲ့ဟာကို ဘာလို့ ဘုပြောချင်နေတာလဲ မိဒါရာ။ နှင်ဆေးလွှပ်ပြီး သောက်ခဲ့ရဲ့လား"

"နှင်ပဲသောက်. . . နှင်သာ အရူးမို့ သောက်ဖို့လိုတာ။ ခွေးကောင်"

စိတ်တိုတိုဖြင့် သူ့လက်မောင်းကို လက်သီးဆုပ်ဖြင့် ခပ်နာနာထုလိုက်မိပါ၏။ သူက ခါတိုင်းလိုစိတ်မဆိုးဘဲ ရပ်ကာ၊ မျက်နှာပေါ်မှာ အပြုံးတွေဝေနေတာ မပြောပါနှင့်။ အလို! သူ့ရင်ထဲ ဘာတွေများရှိနေလို့ ဒီလိုအပြုံးတွေ လှိုင်လှိုင်ဝေနေတာပါလိမ့်။

"ဟုတ်တယ်၊ ငါရူးနေတာပဲဖြစ်မှာ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ညတုန်းက ပါတီမှာ ကောင်မလေးတစ်ယောက်ကို ငါတွေ့ခဲ့တယ်ဟ။ Amazing Angle ပဲ၊ ငါ့ Heart beat ကို မီးတောင်လို ဝုန်းခနဲပေါက်သွားစေတာ ပထမဦးဆုံးအကြိမ်ပဲ။ အား. . . တစ်ညလုံး သူ့ပုံရိပ်တွေပဲ တရေးရေးမြင်နေခဲ့တာ အိပ်လို့တောင် မပျော်ဖြစ်ခဲ့ဘူးကွ"

ဘုရားရေ! သူမကဖြင့် သူ့ကိုမည်သို့ရင်ဆိုင်ရပါ့မလဲ ဆိုပြီး မျက်နှာတွေပူနေခဲ့တာ။ သူကဖြင့် တစ်ခါသာဆုံဖူးလာတဲ့ မိန်းမချောလေးကြောင့် ရူးသွပ်မှုတွေနဲ့ အပြုံးစားခံနေရတာကို။

ရှက်စရာပါပဲလား ယွန်းသဒ္ဒါ။ တစ်ဖက်သတ်ဆိုတဲ့ ခံစားချက်ကို ဘယ်ပြဟ္မာကြီးတွေကများ ဖန်ဆင်းပေးခဲ့ကြတာပါလိမ့်။ သူရရယ်. . . ငါ့ကို နင်ကချစ်နေပြီလို့များလားဆိုတဲ့ တစ်ဖက်သတ်သံသယခံစားချက်ရှိနေတာမို့ မျှော်လင့်ချက်က ခပ်ရေးရေးလေးပေါ်ခဲ့ပြီး ခုတော့ ဆပ်ပြာပူဖောင်းနှယ် ဖျတ်ခနဲပေါက်ကွဲသွားရချေပြီလေ။

"ရက်ရက်စက်စက်လုလိုက်တာ မပြောပါနဲ့။ တကယ့်ကြွေယမင်းရုပ်လေးလို ထိတောင်မထိရဲသလိုမျိုး လှတာကွ။ သိလား"

မျက်နှာကို မဲ့လိုက်မိ၏။ ရူးပဲ့။ မထိရဲအောင်လှတဲ့ ကြွေ





ဖြစ်နေမှတော့ သူမသာဆို လက်ညှိုးနဲ့ထိအောင် ထိုးတွန်းချ လိုက်ချင်တော့တာလေ။ ကျကွဲသွားရင် ပွဲသိမ်းပြီပေါ့။ မဟုတ် ဘူးလား။

"နာမည်ကလည်း သိပ်ကဗျာဆန်တာဟ၊ နွေသံစဉ်တဲ့"

ကားမောင်းရင်း တစ်ချိုးတစ်ခုပြောနေသည့်ဒင်းကို မျက် စောင်းတွေ တဒိုင်းဒိုင်းထိုးနေမိတာမို့ ခေါင်းတောင်မူးနေပြီလေ။ ဘုရားပါးပါး ကြံဖန်ပေးထားတဲ့နာမည်ကိုများ ကဗျာဆန်တယ် နဲ့ ပြောနေရတယ်လို့။ 'ယွန်းသဒ္ဒါ'ဆိုတဲ့သူမနာမည်လှလှလေး ကျဖြင့် ကဗျာဆန်တယ်လို့ တစ်ကြိမ်မှမပြောဖူးဘဲ 'မိဒါ'လို့သာ တစ်လျှောက်လုံးခေါ်ဝေါ်ခဲ့တာလေ။

တင်းတယ်နော်. . . တင်းတယ်။ 'အေသင်ချိုအွေ'လို သာ မိုက်ကိုင်ပြီး အသံကုန် ဟစ်ချင်လိုက်တာနော်။

"နင့်ကို မြင်စမ်းစေချင်တာ မိဒါရေ။ နင်မြင်ရင် မနိုးမွမ်း ဘဲ နေမှာမဟုတ်ဘူး"

"မသိဘူး။ နွေသံစဉ်ဆိုတာနဲ့ ငါ့မျက်စိထဲမြင်တာတော့ ညည်းမည်းသေးသေးဥသြငှက်ပဲမြင်တယ်"

"ဒါက ၂ ဝင်တာပေါ့လေ၊ နင့်ယောင်းမဖြစ်လာမယ့် သူအပေါ် နာလိုစမ်းပါ မမရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို လက်ဖြင့် ဖိတွန်းလိုက်တာမို့ ခေါင်းပြီးထော
သည့်ဆံပင်တွေ ပွသွားတာလေ။ ဆံပင်တွေကို သေသပ်စေ
လက်ဝါးဖြင့် အသာဖိသပ်ချလိုက်မိပါ၏။ ဘာယောင်းမလဲ၊ မ
နိုင်ပေါင်။ အလုပ်ဝင်ခါစတုန်းကလို မနန္ဒီရဲ့မျက်နှာမဲ့ မထေ့
လို စကားခနဲ့ပြောချင်လိုက်တာ မပြောပါနဲ့။ ခက်တာက သူ
စကားလုံးမကြွယ်ဝတာပါလေ။

"ဥညဲဆိုတာ အကောင်သေးပေမယ့် အသံသာသာ
ပေးတာပါ မိဒါရဲ့။ နင့်လိုအသံဖြကြီးနဲ့ အော်တတ်တဲ့ကျီးကန်း
ထက်တော့ သာတာကြီးပဲ"

ကြည့်စမ်း! ပျစ်ပျစ်နှစ်နှစ်ပြောပြန်ချေပြီ။ လူကို ဒီ
မျိုး ချိုးချိုးနှိမ်နှိမ်ပြောလိုက်ရမှ အိပ်ပျော်စားဝင်သလား သူရ
ပြောပါ. . . ပြောပါ၊ ငါက နင်လိုချင်တဲ့အချိန်ခေါ်နိုင်။ နင်မ
တော့တဲ့အခါ လျစ်လျူရှု ပစ်ပယ်တတ်တဲ့ အိမ်ဖော်လိုအဆ
လောက်သာရှိမှန်း ငါသိနေပြီးသားပါလေ။

ကိုယ့်ကို Propose လုပ်တဲ့ ကိုကျော်စွာအကြောင်း
ပြောပြရင် ကောင်းမလားဆိုတဲ့စိတ်ကူးကို ချက်ချင်းမျိုချလိုက်
ပါ၏။ ပြောတော့ကော ဘာထူးမှာမို့လို့လဲ။ ဒင်းက ဒင်းစိတ်
နဲ့ပဲ ချာချာလည် ရူးသွပ်နေတာလေ။





ကိုကျော်စွာလာလည်ရင် ပြဿနာမရှိ ပြဿနာရှာတဲ့ ကောင်က အခုတော့ ရင်ခုန်သံမြန်ပြီး မိန်းကလေးတစ်ယောက် ကြောင့် သူမကိုဘာမှမပြောတော့ပါလေ။ ကောင်းပြီ 'မြတ်သူရ ကို'ရေ။ နင်လည်း နင်ကြိုက်တာလုပ်၊ ငါလည်း ငါလုပ်ချင်တာ လုပ်ရတာပေါ့။ Good တယ်ထင်ရင် Do သာ Do ကြတာပေါ့ လေ။

"နည်းနည်းပါးပါး Follow လိုက်လေ မိဒါရာ"

"ငါက ဘာပြန်ပြောရမှာတုန်း"

"ငါ့ကိုပေါ့"

"နင့်ဟာလေးကိုဖြင့် ငါမတွေ့ဖူးဘဲ ဘာပြောစရာရှိမှာ တုန်း။ နင့်ဘာသာနင် ကောင်မလေးဘယ်နှယောက်ရှိရှိ၊ ဘယ် နှယောက်ကြိုက်ကြိုက်၊ ဘယ်နှယောက်ယူယူ၊ ကလေးဘယ်နှ ယောက်မွေးမွေး ငါ့အပူတစ်ပြားသားမှမပါဘူးမှတ်!. . ."

"ပြောပြန်ပြီ တစ်တစ်ခွခွ၊ ဒီအပေါက်ဆိုးဆိုးပြောပုံမျိုး နဲ့ နင်တစ်ကိုယ်တည်း အပျိုကြီးဖြစ်မှာသေချာပြီ"

ကြည့်စမ်း! ပြောပြန်ပြီ။ လူကိုတော့ သူပြောချင်သလို ပြောပြီး သူ့ကိုပြောရင်တော့ သူမကြိုက်ချင်တာလေ။ ဘာလဲ၊ အတ္တခပ်ကြီးကြီးလို့များ ဝေဖန်ချင်သလား။ တကယ်တမ်း အတ္တ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတာက နှင်ပါ သူရရယ်။

''ငါ့ဘာသာငါ အပျိုကြီးပဲလုပ်လုပ်၊ ယောကျ်ားပဲယူယူ နှင်ပူစရာမလိုပေါင်''

''အံမာ! စကားထဲက ဇာတိပြချင်ပြန်ပါပြီ။ ဟိုကောင်ရဲထက်ဘုန်း လာချွေတာနဲ့ မကြွေပြချင်ပါနဲ့မိဒါ။ အဲဒီလိုကောင်စားမျိုးက အိုင်တွေ့ရင် ခြေဆေးတတ်တဲ့ကောင်စားမျိုး။ စိတ်ကူးတွေ လျှော့လိုက် အပျိုကြီးပေါက်စရေ။ ငါမွေးမယ့်သားသားမီးမီးတွေကိုပဲ နှင်ဝိုင်းထိန်းပေးစမ်းပါဟာ''

''သေလိုက်''

နှိမ်ပြန်ချေပြီ။ ငါက အဲဒီနှင့်သူငယ်ချင်းလောက်တစ်ယောက်ကိုပဲ စိတ်ကူးယဉ်တယ်တဲ့လား။ မှားမယ် သူရရေ့၊ နှချိန်မှာ နှင့်ကိုအမြင်ကပ်ပုဒ်မ (၅၂၈)နဲ့နှုတ်ပြီး ကိုကျော်စွာ့ကိုသာ Yes! လို့အဖြေပေးလိုက်ရင် နှင့်လက်ထဲကို ငါ့ဘက်က Wedding Card တောင် ကြိုထည့်ပေးလို့ရပါတယ်။ နေနှင့်ဦးပေါ့သူရရယ်။ ငါ့မှာလည်း နှင်မသိအောင် ဖုက်ဖဲတစ်ချပ်လောက်တော့ ရှိထားသင့်တာမဟုတ်လား။



## အခန်း (၁၈)

''မိန်းမတွေ ဘာကြိုက်တတ်သလဲ''

လက်မှတ်ထိုးရန် File ကိုပေးလိုက်ပေမယ့် သူက Sign မထိုးသေးဘဲ သူမကိုမော့ကြည့်ပြီး ပြောနေပြန်ပြီလေ။ ငါနော်၊ အရွဲ့တိုက်ပြီးပြောရင် စကားများမိတော့မှာကို။ အိမ်မှာ အပြင်မှာဆို ကိစ္စမရှိ၊ ကုမ္ပဏီမှာ သူနဲ့စကားများရင် GM နဲ့ Secretary ရာထူးမို့ ခက်တာပါပဲ။

''မေးနေတာ ဖြေလေဟာ''

''ဘယ်သိမှာလဲ''

''ဟ! နှင်လည်း မိန်းကလေးလေကွာ။ ဒါလေးတောင်မှမသိဘူးလား၊ ညံ့ပါ့''



www.burmeseclassic.com

www.burmeseclassic.com



''ညှံ့တာကမှ နှင်။ ကိုယ်ကြိုက်တဲ့မိန်းကလေးက ဘာ၊ နှစ်သက်သလဲဆိုတာ စုံစမ်းပေါ့ဟဲ့။ မှတ်ထား! မိန်းကလေးတိုင်း မှန်သမျှ အလှအပကြိုက်တတ်တယ်''

''ဒါဆို နှင်ကရော''

''ရှင်မတောင်သနပ်ခါးစစ်စစ်ဟဲ့၊ ကဲ! လက်မှတ်ထိုးရမယ့်ဟာ ထိုးပေးဟာ။ ငါလုပ်စရာတွေ အများကြီးရှိတယ်ဟ''

''အံမာ! ကြီးကြီးကျယ်ကျယ်နဲ့ပြောနေပြန်ပါပြီ။ နှင်က ငါမနိုင်းဘဲ ဘာလုပ်စရာတွေများ ရှိလို့တုန်း''

''ငါ့ရုံးခန်းမှာ ဒီနေ့ ငါနဲ့အစ်ကိုပဲရှိတာလေ။ မနန္ဒီက တုပ်ကွေးဖြစ်နေလို့ Leave ယူထားတယ်''

''ဘာ. . . ဘာ, . . ဘယ်လိုပြောလိုက်တယ်''

''မနန္ဒီလေ''

''နန္ဒီ့ကိုပြောတာမဟုတ်ဘူး။ အာကာမင်းကို နှင်ဘယ်လိုခေါ်လိုက်သလဲပြောတာ။ ငါ့ကို နားပင်းလို့မထင်နဲ့ မိဒါ''

ကျွစ်! ကြားလိုက်တာပဲလား။ ခေါ်နေကျမို့ နှုတ်ကလွှတ်ခနဲထွက်သွားမိပါတယ်။ ကြားလိုက်တာပါပဲလားနော်။

''အစ်ကိုလို့ခေါ်လိုက်တာလေ၊ ဘာဖြစ်လဲ''

''နှင်နော်၊ ငါဒီလောက်ပြောထားရဲ့သားနဲ့ မြင်းကမလှုပ်





ဘာလှုပ် မဖြစ်ချင်ပါနဲ့''

''ငါက ဘာများလုပ်နေလို့လဲ''

''အာကာ့ကို နှင် ညှိုမြလုပ်ပြချင်နေတာလေ။ ငါမသိဘူးထင်နေလား''

''ဟဲ့! အစ်ကိုခေါ်တာနဲ့ပဲ ညှိုမြလုပ်တယ်ထင်နေရလား။ နင့်ဘာသာနှင် နွေသံစဉ်ကြောမှာ မျောပါနေသူရဲ့''

''အဲဒီလိုမခေါ်နဲ့ ငါမကြိုက်ဘူး။ ဘာလဲကွ၊ အာကာကိုကိုအာကာလို့ပဲခေါ်ပေါ့။ ဘာအစ်ကိုလဲ၊ ဘဂ်လားအစ်ကိုလား''

ကြည့်! ရှာကြံပြီး အူတိုပြန်ပြီလေ။ ကိုယ့်လမ်းကိုယ်သွားပါတော့လား။ ဘယ်လိုဖြစ်ပြီး သူမလုပ်သမျှ မျက်စိဒေါက်ထောက်ပြီး စေ့စေ့စပ်စပ်လိုက်ပြောနေတာပါလိမ့်နော်။ စိတ်ကြီးရယ် ညစ်ပါ့။

''နှင်ကြိုက်ဖို့ မလိုပါဘူး။ ငါ့စိတ်ကြိုက် ငါနေချင်သလိုနေ၊ ပြောချင်သလိုပြော၊ ခေါ်ချင်သလိုခေါ်ခွင့်ရှိတယ်။ အစ်ကိုတပြောင်းခေါ်စေချင်ရင်တောင် ကိုကိုလို့ခေါ်ဖို့ စိတ်ကူးပြီးသား''

''မိဒါ! ''

သူ Sign ထိုးပြီးပြီမို့ File တွေကိုပိုက်ကာ လှည့်ထွက်လိုက်ပါ၏။ ဒေါသကုမ္ပာရကတော့ ရုံးခန်းထဲမရှောင် အော်ချေ



www.burmeseclassic.com

www.burmeseclassic.com



ပြီလေ။ အမြင်ကပ်လိုက်တာနော်။ ဒါလေးခေါ်မိတာကို...
ပြဿနာရှာရတယ်လို့။

''ငါခေါ်နေတာ မကြားဖူးလား''

''အလုပ်ကိစ္စရှိမှ Intercon ကခေါ်လိုက်ပါ GM. Per-
sonal case ဆိုရင် Sorry ပဲ''

''ဘာ!''

ရုံးခန်းတံခါးကို စေ့ပိတ်လိုက်ပါတော့၏။ ဒင်း ဘယ်...
လောက်ဒေါသထွက်နိုင်မလဲ စောင့်ကြည့်ရတော့ပေါ့လေ။ ...
ဘာသာနှင့် နွေသံစဉ်ကိုကြိုးစားပါတော့လား။ ငါ့ကိုများ နှင်လိုက်...
ရှုပ်ချင်ရတယ်လို့။

''သဒ္ဒါ''

''ရှင်၊ အစ်ကို''

''ဒါလေးရိုက်ပေးပါလား။ ကိုယ် Boss ဆီသွားမေး...
မယ့်ဟာ လုပ်ရမှာမို့လို့''

''ရပါတယ် အစ်ကိုရဲ့''

''နန္ဒီခွင့်ယူရင် ကိုယ်အရမ်းပင်ပန်းတယ်ကွ။ သဒ္ဒါရှိ...
တော်ပါသေးရဲ့''

''ဒါနော်. . . စာလုံးက ဘယ်အရွယ်လောက်လဲ''





''Normal ပဲဖြစ်တယ်လေ၊ သူ့ Blot နဲ့ဆန့်လောက်
ပါတယ်''

သူမ Computer ဖွင့်ပြီး စာရိုက်နေတာမို့ ကိုအာကာ
က စိတ်မချတာမို့ ထိုင်ခုံနောက်တန်းကိုကိုင်ပြီး ကြည့်နေပါ၏။
ခါတိုင်းတော့ ဟိုလျှောက်ဒီပြေးအလုပ်မှန်သမျှ သူမလုပ်ရပြီး ဒီ
Computer ကို မနန္ဒီသာ အကိုင်များတာလေ။

''မိဒါ''

''. . .''

''ခေါ်နေတာ မကြားဘူးလား''

Intercon မှတစ်ဆင့်ခေါ်ပါလို့ မှာထားတာတောင်မှ
မခေါ်ဘဲ သူမတို့ရုံးခန်းစားပွဲရှေ့မှာ လာရပ်ပြီးခေါ်နေပြန်ပြီလေ။
ဒီမှာ အလုပ်ကိုအာရုံစိုက်နေပါတယ်ဆိုမှပဲ။ ဒင်းက တစ်မျှော့။

''မိဒါ''

''ခဏလေးပါ GM. စာရိုက်နေလို့ ဘာများခိုင်းချင်လို့
ပါလဲ''

''ခင်ဗျားကိုမပြောပါဘူး''

''ဟုတ်ပါတယ်၊ သဒ္ဒါမအားသေးလို့ပါ GM ရဲ့''

''ခင်ဗျားကျ ဘာမှမလုပ်ဘဲ မိဒါကိုဖိနှိပ်နေရလားဗျ''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် Boss နဲ့သွားတွေ့ရမှာမို့လို့ပါ GM. ရေ"

ပြောသွားသည်။ OK! အဲဒီအတိုင်းလေးပဲ ဆက်ရိုက်သွား။ ကိုယ် အန်ကယ် ခေါ်ထားလို့ သွားဦးမယ်"

"ဟုတ်"

မန်နေဂျာက သူ့မအနီးမှထွက်သွားလေပြီ။ တောက်! ဒါက ဘာ Style လဲ။ ရုံးခန်းထဲကနေ အလစ်ထွက်လိုက်တာနဲ့ ခင်းတို့နှစ်ယောက်က နီးနီးကပ်ကပ်ရှိနေတာကို မြင်ရတာလေ။ တစ်ယောက်က ကိုယ်နဲ့သည်။ ဟိုတစ်ယောက်ကလည်း အစ်ကို ဆိုပြီး ချွဲချွဲပျစ်ပျစ်။ လိုက်လည်းလိုက်ပါ့။

"မိဒါ"

"ခဏလေးပါဟယ်၊ ဒီမှာအလုပ်များနေတာမြင်ရဲ့သား နဲ့။ ဘာခိုင်းမလို့လဲ"

"ဗိုက်ဆာတယ်"

"ဆာရင် ကိုယ့်ဘာသာ မှာစားပေါ့ဟဲ့။ အခုမှ မူကြို ကျောင်းသားလို့များ ထင်နေလားမသိ"

"ဘာကွ"

မနက်ကတည်းက ဘာမှမစားခဲ့ရတာမို့ ဗိုက်ဆာနေတာ လေ။ ခင်းက သူ့ကိုတစ်ချက်ကလေးတောင်မကြည့်ဘဲ အလုပ်





လုပ်နေတာမို့ သူနှာကစ်နေပြီ။ နင်တော့နာချင်ပြီလား မိဒါရေ။

"ငါ မနက်ကတည်းက ဘာမှမစားရသေးဘူးကွ"

"ငါကရော ဘာစားခဲ့လို့လဲ၊ အခုပဲ ဆယ်နာရီခွဲကျော် နေပြီ။ ထမင်းစောစောစားပေါ့"

"ထမင်းချိုင့်မှရောက်မလာသေးတာ"

"ဒါဆိုလည်း ငါ့ချိုင့်ဖွင့်စားချည်၊ ရော့"

အလူမီနီယံအံဆွဲအောက်ဆုံးထပ်ကို ဆွဲဖွင့်လိုက်ပြီး သုံးဆင့်ချိုင့်ကိုယူပြီး စားပွဲပေါ်တင်ပေးလိုက်လေ၏။ ကြည့်ပါလား။ လူကိုငဲ့မကြည့်ဘဲ ဝေ်နေလို့လာတောင်းတဲ့ သူတောင်းစားကို ကျွေးသလိုမျိုး လုပ်ပြရတယ်လို့။

"မိဒါ"

"ကျစ်!. . . ဘာလဲဟာ၊ စိတ်ရှုပ်လာပြီ"

အခုမှ ဆုံလည်ခုံကိုလှည့်ကာ ကြည့်ဖော်ရလေ၏။ မှုံကုပ်ကုပ်ရပ်ကြည့်နေသည့်သူ့ကို အားကျမခံ ဂျစ်ကန်ကန်ပြန်ပေး ကြည့်နေတာပါပဲလား။ နင်ဘယ်လိုလဲ ယွန်းသဒ္ဒါ။

စားပွဲထက်မှ Phone သံမြည်သွားတာမို့ စကားပြော ရန်ပြင်နေတာကို ရပ်လိုက်ရပါ၏။ ရုံး Phone မှန်သမျှ အရေး ကြီးတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို! အမိန့်ရှိပါရှင်၊ 'မြတ်တံခွန်' ကုမ္ပဏီက Phone လက်ခံပြောနေပါတယ်"

"ညီမလေးလား. . . ကိုယ်ပါ"

"ရှင်"

အကျိုးနည်း! ဘယ်လိုဖြစ်ပြီး ဒင်းရှေ့မှာရှိနေတဲ့အချိန်မှာမှ Phone ဆက်ရတယ်လို့ ကိုကျော်စွာရယ်။ သေချင်လိုက်တာနော်။

"ညီမလေးဟုတ်တယ်မှတ်လား"

"ဟုတ်. . . ဟုတ်ပါတယ်"

"နေ့လယ်ထမင်းစားချိန် အပြင်ထွက်လို့ရမလား။ တစ်ခုခုလိုက်ကျွေးချင်လို့"

"မရဘူးရှင့်၊ ကျွန်မတို့ Assistance Manager မရှိတာနဲ့ အလုပ်များနေလို့ပါ"

"ဪ. . . ဒါဖြင့် ညနေဘက်ရော"

"ဟမ်! ညနေလည်းမရဘူး နောက်ကျမှ ပြန်ရကိန်းရှိနေလို့"

"ဒါဖြင့် ညနေနည်းနည်းမှောင်မှ ပြန်ရမယ်ဆိုရင် ကိုယ်လာကြိုမယ်လေ. . . နော်၊ ဒါမှ ညီမလေးနဲ့စကားအေးအေးဆေး





ဆေးပြောဆိုဆွေးနွေးနိုင်မှာ"

ကျစ်!. . . ဒုက္ခပါပဲ။ ရှေ့မှာ သူတည့်တည့်ကြီးရပ်နေတဲ့အချိန်မှာမှ တိုက်တိုက်ဆိုင်ဆိုင် Phone ဆက်ရတယ်လို့ ကိုကျော်စွာရယ်။

သူက သူမစကားအသွားအလာကို မျက်မှောင်ကြုတ်စောင့်ကြည့်နေပေမယ့် သေချာ ဂဃနဏမသိနိုင်ပါလေ။

"ဘယ်သူနဲ့ပြောနေတာလဲ"

Phone ကို နေသားတကျပြန်ချလိုက်ရင်း ပန်းတွန့်ပြလိုက်မိပါ၏။ စကားဆက်များနေရင် အလုပ်ပျက်မှာ...ဘ သေချာသလောက်ပဲမဟုတ်ပါလား။ သူက သူမကိုစူးစိုက်ကြည့်နေလျက်ခါသက ပိုထွက်လာပြန်လေ၏။

"မိဒါနော်၊ ငါတင်းလာပြီ။ မေမေသေချာမှာထားရဲ့သားနဲ့ ထမင်းချိုင့်ယူလာတာက တစ်ပြစ်။ ငါမေးနေတဲ့မေးခွန်းကိုဖြေချင်သလိုက တစ်ပြစ်ရှိနေပြီ"

"ငါပြောရင် နင်က ထပ်ပြီးပြဿနာရှာနေဦးမှာပေါ့ဟ"

"ဘာကိုလဲ"

"Phone ဆက်တာလေ"

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်စွာ"

"ဘာ!"

ကဲ! ဒင်းကျတော့ 'နွေသံစဉ်'ဆိုပြီး အရှုးထပြနေမယ့် သူမကိုကျ ဘယ်သူစိမ်းနဲ့မှအဲဆက်အသွယ်မလုပ်စေချင်တာ တရားပါ့မလား။ နာမည်ထွက်တဲ့သဘော်သားကိုတော့ ထားပါ။ ကိုကျော်စွာလို ကုမ္ပဏီမှာ ဦးစီးနေတဲ့ အေးဆေးတည်ငြိမ်သည့် လူချမ်းသာမျိုးကိုတော့ သူ မကန့်ကွက်သင့်ပါလေ။

"သူက ဘာတဲ့လဲ"

"တွေ့ချင်လို့တဲ့၊ Date တာ"

"အံမာ! ရာရာစစ ကုမ္ပဏီ Phone ကို အစိပ္ပာယ်မဲ့ သုံးစရာလား။ တန်ရာတန်ရာမှန်းစမ်း မိဒါ"

ဒေါသက ထောင်းခနဲဖြစ်တည်လေ၏။ မဟုတ်သေးပါဘူး။ သူ့ရမှာ ဒီလိုအဆင့်ခွဲတတ်တဲ့အကျင့်စရိုက်မျိုးမှ မရှိခဲ့တာလေ။ ဘာကြောင့် ဤသို့သူပြောရပါသနည်း။

"ကောင်းပြီလေ၊ နောက်ကို ဒီကို Phone မဆက်ဖို့ သူ့ကို ငါပြောထားပါ့မယ်။ ကျေနပ်ပြီလား"

"မိဒါ"

မျက်နှာကို ဆတ်ခနဲလွှဲလျက် အလုပ်ထဲ အာရုံစိုက်လိုက်





ရပါ၏။ အဖြစ်အပျက်ရဲ့အစဟာ ကတောက်ကစဖြစ်ပြီး သူမနှင့် သူ့ကို အဝေးဆုံးဝေးကွာစေရန် တွန်းအားဖြစ်နေခဲ့တာကိုတော့ မသိခဲ့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ကျွန်တော့်မှာ ချစ်ရမယ့်သူရှိနေပြီ"

ဖေဖေနှင့်မေမေရှေ့မှာ သူပွင့်လင်းစွာ ဖွင့်ပြောတော့ အံ့သြဟန်မပြကြ။ ဘာကြောင့်ပါလဲ။ မိန်းကလေးတွေကို အပျော်သဘောပေါ့ပျက်ပျက်မတွဲရဟု သူ့ကိုအမိန့်ထုတ်ထားတာမို့ သူအတည်တွဲသည့်မိန်းကလေးဟာ သူနဲ့ဘဝလက်တွဲဖော်အဖြစ် သတ်မှတ်ထားသည့်မိန်းကလေးပင် ဖြစ်မှာလေ။

"ဟာ. . . ဘယ်သူလဲလို့ မမေးဘူးလား"

"အင်း. . . သားပြောရင် သိမှာပဲဟာ"

"ဘယ်သူလေးလဲ သား"

စကားစပေးမှပဲ အလိုက်သင့်မေးဖော်ရလေ၏။ ဘာလဲ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဝင်စားတာလား။ မိဒါကိုလည်းပြောဖူးထားတာမို့များ မေမေ့ ကိုပြန်ပြောထားလေသလား။ ကြိုသိနေပုံလည်း မရတာမို့ သူ့ အံ့ဩနေရတာလေ။

"နွေသံစဉ်တဲ့"

"ဘယ်သူ"

"နွေသံစဉ်ပါ မေမေ၊ ဘာဖြစ်လို့လဲ"

ဖေဖေနှင့်မေမေ အကြည့်ဆုံသွားသလို မျက်နှာလည်း တစ်မျိုးဖြစ်သွားကြသည့်နှယ်။ ဘာသဘောပါလိမ့်။ နွေ့အကြောင်း များ သိထားလို့လား။ မေမေကတော့ အိမ်ထဲနေသူမို့ သိမည် မဟုတ်။ ဖေဖေကတော့ ကုမ္ပဏီဒါရိုက်တာတွေနဲ့ ပါတီအများဆုံး တက်လေ့ရှိသူမို့ သိကောင်းသိနိုင်လေ၏။

"ဘယ်သူ့သမီးလဲ"

"ဒေါက်တာချစ်ဖေရဲ့သမီးပါ ဖေဖေ။ သူ့မာမီက စိန် တိုက်ပိုင်ရှင် ဒေါ်သိင်္ဂီနွေးပါ"

"အင်း. . . ငါ့သားက ရှာမယ့်ရှာတော့လည်း တကယ့် ဒိတ်ဒိတ်ကျဲအသိုင်းအဝိုင်းထဲကပါလား။ ဘယ်မှာတွေ့ခဲ့တာလဲ"

"ဟိုတလောလေးက သူငယ်ချင်းတစ်ယောက် နိုင်ငံခြား က ပြန်ရောက်တဲ့အထိမ်းအမှတ်နဲ့ ပါတီပေးတဲ့ပွဲမှာ ဆုံခဲ့တာပါ





ဖေဖေ"

"တော်တော်မှ လှရဲ့လား"

"လှတာပေါ့မေမေရ"

"သိပါတယ်၊ မေမေ့သားလောက် အလှမက်တာ ဘယ် သွားရှာမှာလဲ"

ဟုတ်ပါတယ်လေ၊ သူဘယ်လောက်အလှမက်၊ အမွေး အကြိုင်ကြိုက်သလဲဆိုတာကို မေမေတို့သိကြသလို မိဒါလည်း သိနေတာပင်။ ဒါဖြင့် နွေလေးကရော အလှမမက်လို့လား။ သူနဲ့ စဆုံတဲ့နေ့တုန်းက စိုလက်နေတဲ့မျက်လုံးလေးတွေထက်မှာ ကော့ နေတဲ့မျက်တောင်လေးတွေ၊ မျက်ခွံပေါ်မှာ တင်ထားတဲ့ Colour. နှုတ်ခမ်းဖူးဖူးလေးတွေကိုတော့ သူတို့လို ပုရိသတွေ ရင်ခုန်စိတ် လှုပ်ရှားစေမယ့် ရွှေအိုရောင်ဆိုးဆေးကို ခပ်ရွှဲရွှဲလေးဆိုးပြီး ဂါဝန် လှလှလေးနဲ့ လင်းလက်တောက်ပနေခဲ့တာ အမှန်ပါလေ။

"အခြေအနေဘယ်အထိရောက်နေပြီလဲ"

"အဆင်ပြေပါတယ် ဖေဖေ"

"သားကိုလက်ခံလိုက်ပြီဆိုတဲ့သဘောလား"

"အဲဒီလိုမျိုးပါပဲ၊ သိပ်မကြာခင်မှာ သူ့ဒက်ဒီနဲ့လာတွေ့ ဖို့ ပြင်ထားတယ်လို့ပြောပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သားကို ဘယ်သူဘယ်ဝါမှန်းသိရဲ့လား"

"သိတာပေါ့ဖေဖေရဲ့၊ သူ့ကိုချဉ်းကပ်ချင်မှတော့ ကိုယ့်မှာ ဘာပိုင်ဆိုင်မှုရှိသလဲဆိုတာ လျှို့ဝှက်ဖို့မှမလိုတာ"

ဖေဖေကသာ ဂရုတစိုက်မေးနေပေမယ့် မေမေက နှုတ်ဆိတ်နေသည့်နှယ်ပါ။ နွေလေးကိုတော့ အဖေဖြစ်သူက အသည်းစွဲမို့ ဒက်ဒီနဲ့တော်တော်လေးအတိုက်အခံပြောရမှာဟု သူ့ကိုပြောပြခဲ့တာလေ။ အခုတော့ ဘာထူးလို့လဲ။ မေမေက သူ့ကိုအသည်းတုံးမို့ နှမြောတသရှိနေသည့်နှယ်ပါ။

"အဲဒီတော့ နှစ်ဖက်တွေ့ဖို့ အဆင်ပြေတဲ့တစ်နေ့ ဖေဖေတို့ဘက်က လိုက်တောင်းပေးရမယ်ပေါ့။ ဟုတ်လား"

"ဟုတ်ကဲ့"

"ဘယ်ရွှေ့ဘယ်မျှတင်တောင်းရမှာလဲဆိုတာကို အစောကြီးကတည်းက ကြိုမေးထားဦးနော်"

"ဗျာ"

'ဘယ်ရွှေ့ဘယ်မျှ'တဲ့လား။ မေမေဝင်ပြောလိုက်သည့်စကားက သူ့ရင်ကိုအောင့်သွားစေပါ၏။ ဘယ်လိုဖြစ်ပြီး ငွေကြေးစကားကို မေမေပြောရတာပါလိမ့်။ သူနားမလည်ပေ။

"မေကလည်းကွာ"





"ကြိုသိထားတော့ ပြင်သင့်တာ ပြင်ပေးထားလို့ရတာပေါ့။ အစ်ကိုသားက သနပ်ခါးကိုပဲ မက်မက်မောမောရှိတဲ့မိန်းကလေးမျိုးကို ရွေးတာမှမဟုတ်တာ"

"နွေက စိတ်သဘောထားပြည့်တဲ့သူပါမေမေ"

"လပိုင်းလောက်ကာလလေးနဲ့တော့ သူ့အတွင်းစိတ်ကို ခန့်မှန်းနိုင်လောက်သေးဘူးသား။ အနှစ်နှစ်ဆယ်ကျော် မျက်စိရှေ့ရှိနေတဲ့ကလေးမျိုးဆို ခန္ဓာကိုယ်ထဲအထိ မေမေတို့မြင်နိုင်စွမ်းရှိတာကို သားသိပါ"

"မေမေက နွေ့ကိုမှလိုလားတဲ့သဘောလား"

"မဟုတ်ပါဘူး။ ယေဘုယျသဘောတရားကိုပြောပြတာပါ သားရဲ့။ လူရှေ့သူရှေ့မှာ ဟန်ဆောင်ပြုံးပြနေရတာလောက် စိတ်ရှုပ်စရာကောင်းတာမရှိဘူး။ ဒါကြောင့်လည်း သားဖေဖေခေါ်သမျှပွဲတိုင်း မေမေဘယ်မှာလိုက်တက်ခဲ့လို့လဲ။ ငြင်းမရနိုင်မှသာ မလွှဲသာလို့သွားခဲ့တာ"

"နွေတို့ကို ရေပေါ်ဆီမျိုးရိုးလို့ မေမေ ယူဆသတ်မှတ်ချင်တာလား"

"အစ်ကိုသားက မိန်းမဖြင့်မရသေးဘူး၊ မွေးထားတဲ့မအေကို ဝေဖန်တတ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ! မဟုတ်ရပါဘူးမေမေ"

ညနေခင်းက ပိုပြီးတော့များ အမှောင်မြန်နေသလိုနှယ် ရင်ပေါ့မလားလို့ ဖွင့်မိပါတယ်၊ စကားက အဆင်မချောပါလား မေမေ့မျက်နှာ အနည်းငယ်တင်းလာတာမို့ သူဆင်ခြင်လိုက်ရပါသည်။

"ဘဝနှစ်ခုပေါင်းစပ်တာ အလွယ်လေးလို့ မယူဆလိုက်နဲ့ မြတ်သူရကို့။ လူနှစ်ယောက်လက်ထပ်လိုက်ရုံနဲ့ ပြည့်စုံသွားတာမျိုးမဟုတ်ဘူး။ ဟိုဘက်ဆွေမျိုးနဲ့ဒီဘက်ဆွေမျိုးကို ပေါင်းကူးတံတားထိုးပေးပြီး စည်းလုံးစေတာမျိုးပါ"

"ကျွန်တော်နားလည်ပါတယ် မေမေ"

"ချစ်သူထားတာနဲ့ လက်ထပ်တာကို အလောသုံးဆယ် ဆုံးဖြတ်လို့မရဘူးသား။ တွဲကြည့်ပြီး သေချာလေ့လာကြည့်ပါဦး အချိန်ယူတယ်ဆိုတာ အကောင်းဆုံးပဲ"

ဘာကြောင့်လဲ။ ဘာကိုအချိန်ယူစောင့်ဆိုင်းရဦးမှာလဲ။ အချစ်ဆိုတာရဲ့နောက်ပိုင်းမှာ အတူတကွပေါင်းသင်းခြင်းဆိုတာ ရှိမှသာ လက်ထပ်ထိမ်းမြားခြင်းဖြစ်လာမှာလေ။ တူနှစ်ကိုယ် တည်ဆောက်တဲ့ကမ္ဘာကို ပြည့်စုံမှုမသတ်မှတ်ရင် ဘယ်အရာကို သတ်မှတ်နိုင်မှာတဲ့လဲ။





"သုံးနှစ်သုံးမိုးဆိုတဲ့ကာလသတ်မှတ်ချက်က Date out နေပါပြီဖေဖေရာ"

ဖေဖေက မျက်မှန်ကိုပင့်ကြည့်လျက် သူ့ကိုစူးခနဲကြည့်လိုက်လေ၏။ ဖေဖေတို့ခေတ်တွေတုန်းကလိုသာ တွဲရရင် လူပြောစရာတွေဖြစ်ကုန်မှာလေ။ ခေတ်ကမှ မတူတော့တာကိုး။

"သုံးနှစ်ကျော်လေ့လာခဲ့တာတောင်မှ ကွဲသွားပျက်သွားတဲ့အိမ်ထောင်တွေ မနည်းပါဘူး သား"

"ကျွန်တော်တို့စကားဝိုင်းကို ဆက်လို့ဖြစ်ပါ့မလား။ မေမေပြောသမျှ အပျက်တွေလိုချည်းပဲ"

"မြတ်သူရ"

"ကန့်တော့ပါမေမေ၊ မေမေ့ကိုမရိုသေလို့မဟုတ်ပါဘူး"

"သားနဲ့အဲဒီကောင်မလေးကို သဘောမတူဘူးလို့ပြောချင်လို့မဟုတ်ပါဘူးသား။ မိတနဲ့သားသမီးဆိုတာ (၅၂၈)မေတ္တာနဲ့ တစ်နေ့နေ့မှာ ရင်ခွဲ သေခွဲရမှာကို မေမေတို့သိတယ်။ တရားသည်းရှိပါတယ်။ မေမေဆိုလိုတာက သားအတွက် လက်တွဲဖော်ကို သေချာ ဆုံးဖြတ်စေချင်တာပါ။ ဘဝမှာ အစစပြီးပြည့်စုံတဲ့ သားကို စိတ်ဒဏ်ရာမျိုး မရစေချင်သလို နောက်ကျတဲ့နောင်တဆိုတဲ့အရာကို မရှိစေချင်တဲ့ စေတနာကြောင့်ပါပဲ မြတ်သူရကို့။



www.burmeseclassic.com

www.burmeseclassic.com



ဆက်မဆွေးနွေးစေချင်ရင်လည်း နောက်ကို သားတို့သားအဖရဲ့ စကားဝိုင်းထဲ မခေါ်ပါနဲ့။ မေမေပြောချင်တာ ဒါပါပဲ''

''မေမေ''

''မကြူရေ''

မေမေ ခုံမှထရပ်လိုက်စဉ် ခြံဘေးမှ မိဒါခေါ်သံထွက် လာလေ၏။ ခပ်ကင်းကင်းဖြစ်နေသည့်သူငယ်ချင်းကို စကားတွေ အများကြီးမပြောဖြစ်တာ ကြာပြီကော။ ရုံးခန်းထဲရောက်တိုင်း လုပ်စရာရှိတာသာလုပ်ပြီး အပိုစကားတွေ မပြောဖြစ်တာပါလေ။

''မကြူ''

''ရှင်. . .''

''ခြံဘေးမှာ သမီးအော်ခေါ်နေတာ တံခါးသွားဖွင့်ပြီး ခေါ်လာခဲ့''

''ဟုတ်ကဲ့ပါ ကြီးမေ''

မှောင်ရိပ်ပျိုးပြီချိန်မှာမှ သူမ ဘာလာလုပ်ပါသလဲ။ ဒီအိမ် ကိုဝင်ထွက်နေတာ အဆန်းမှမဟုတ်တာဘဲ။ ဦးဦးတားမြစ်ခဲ့ပြီး ကတောင် သူမခံနိုင်ဘဲ ပြောခဲ့မိသေးတာလေ။ မိဒါဆိုတာ သူ့ အခန်းထဲအထိ ခေါ်လည်စေခဲ့တဲ့ သူငယ်ချင်းလေးမဟုတ်ပါလား။

မကြူခေါ်လာသည့်နောက်မှာ ခြေသံတဖျတ်ဖျတ်ကြား





နေရလေ၏။ ပါလာပြီကော။ ဒီကအခြေအနေကိုသာသိရင် သူ့ ကို မည်သို့ဝေဖန်ပြောဆိုမည်နည်း။ ယွန်းသဒ္ဒါဆိုတာ မေမေ့ သမီးတစ်ပိုင်းပါပဲ။

''ဦးဦးတို့မအိပ်ကြသေးဘူးကို။ ညနေစာစားပြီးကြပြီ လား''

''ပြီးပြီသမီးရဲ့၊ အိပ်ဖို့လည်းစောပါသေးတယ်''

''မကြူစဲ သွားတက်သိမ်းပေးပါနော်''

''ဟုတ်ကဲ့ပါ မဒါ''

လက်ထဲပိုက်လာသည့် သူ့ရှပ်အင်္ကျီအဖြူတစ်ထပ်ကြီး ကို မကြူလက်ထဲသို့ထည့်ကာ မေမေ့ကိုဦးတည်ခြံပြောနေတာ မို့ သူဘာမှဝင်မပြောမိ။ အလုပ်ကပြန်ရောက်တာနဲ့ မနက်ကလျှော် ပေးထားတဲ့သူ့အင်္ကျီတွေကို မီးပူတိုက်ပြီး လာပို့တာကို။

''သမီးပြန်ပါဦးမယ်''

''ချက်ချင်းကြီးလား သမီးရဲ့၊ ခဏလောက်နေပါဦး''

မိဒါကိုကျ မေမေက စကားအကောင်းပြောတာပါလား။ လက်မောင်းကိုပါဆွဲ၍ ထိုင်ခိုင်းလိုက်တာမို့ သူထိုင်နေသည့်နှစ် ယောက်ခုံထက်မှာ သူမဝင်ထိုင်လိုက်စဉ် နှာခေါင်းထဲရောက်လာ သည်က ရှင်မတောင်သနပ်ခါးရနံ့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလေ သမီးသူငယ်ချင်းက သူ့မှာ ချစ်သူရှိနေပြီလို့ပြောနေတာ။ သမီးရော ဒီကိစ္စသိထားပြီးသားလား"

"ဩော်. . . သူပြောတော့ပြောပါတယ် အန်တီမေ၊ သေချာတော့ သမီးမသိလို့ပါ"

"သူ့စိတ်ကြိုက်သူရွေးပြီးပြီဆိုတော့ သမီးပဲကျန်တော့တာပေါ့။ အဲဒီတော့ သမီးမှာလည်း ချစ်သူအဖြစ် လက်ခံလောက်တဲ့သူရှိနေပြီဆိုရင် အန်တီတို့ကို မိဘလိုသဘောထားပြီး ဖွင့်ပြောနော်။ ကိုဘဒွန်းကိုမပြောရဲရင် အန်တီပြောပေးမယ်"

သူမမျက်နှာ အနည်းငယ်ရဲသွားသလို မျက်လွှာကိုအံ့သာချသွားလေ၏။ သေးချင်းကပ်လျက်ရှိနေသော်ငြား စိတ်ချင်းက ဝေးနေသည့်နှယ်ပါလေ။



## အခန်း (၂၀)

"မိဒါ"

ခြံထဲလိုက်ပို့ပေးစဉ် သူမအသံမထွက်မိ။ ချစ်သူရှိပြီတဲ့။ ကြေငြာမောင်းခတ်ပြီပဲ၊ ဘယ်လိုဖွင့်ပြောရမလဲလို့တောင် အကြံတောင်းခဲ့တာ ဘာကြာသေးလို့လဲ။ သုံးလလား။ လေးလလား။ ဒီလောက်ပဲရှိသေးတာလေ။ ဒီအချိန်လောက်လေးနဲ့ အဲဒီကောင်မလေးက သူ့ကိုခပ်မြန်မြန်ခေါင်းညိတ်လိုက်သတဲ့လား။

သူမနဲ့ကိုကျော်စွာလိုတော့ မဟုတ်ပါလေ။ ချစ်ခွင့်ပါမကာ လက်ထပ်ခွင့်ကိုပါ တစ်ခါတည်းတောင်းခံနေတဲ့ ကိုကျော်စွာကို သူမစောင့်နိုင်းတာမဟုတ်ပေမယ့် ခြောက်လကျော်အထိ တကျိကျိပူဆာတာမျိုးမရှိဘဲ ဣန္ဒြေရရစောင့်နိုင်သူမို့ သူမချီးမွမ်းမိတာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို စိတ်ဆိုးနေတာလား"

"ဘာကိုလဲ"

"နေ့ကစွကို နင်နဲ့မတိုင်ပင်လို့လေ"

"မဆိုင်ပါဘူး။ ဒါက နင့်ကိုယ်ရေးကိုယ်တာကိစ္စပဲဟာ။ ငါနားလည်ပါတယ်"

"နင်ဘာမှမပြောချင်ဘူးလား"

"ဘာပြောရမှာလဲ"

"တစ်ခုခုပေါ့"

ဘေးတံခါးလေးအနီးမှာ နှစ်ယောက်သား ရပ်လိုက်မိကြ၏။ တစ်ခုခုတဲ့။ နင်သိပ်ရက်စက်တာပဲလို့ ပြောရအောင်တာလည်း သူမနဲ့သူက သူစိမ်းသက်သက်မဟုတ်ပါလား။ ခက်တယ် သူရရယ်၊ ငါ့ဘက်က ငယ်သံယောဇဉ်နဲ့ ဘယ်လိုပဲအရိပ်ယောင်ပြချင်နေဦးတော့၊ မတူညီတဲ့အလွှာဆိုတာကို ညှိလို့မှမရနိုင်တာပဲ။

"မိဒါ"

"ဟင့်အင်း. . . ပြောစရာမရှိဘူး"

"ရှိတော့ရှိနေမှာပါ၊ နင်မပြောချင်တာပဲရှိမယ်"

"ကျစ်! မရှိပါဘူးဟာ"





ခေါင်းပေါ်တည့်တည့်သာနေသည့်လမင်းကြီးကို မော့ကြည့်လိုက်မိသည်။ ရင်ထဲမှာ ပင်ပန်းနေသလို လမင်းတောင်မှ အပြည့်မသာနိုင်ဘဲ ခပ်ပိန်ပိန်လေးဖြစ်နေလေသည်။ နောက်ဆုံးတော့ သူမဘယ်လိုသဘောထားမိပါစေ သူစိမ်းက သူစိမ်းလို ဝေးဝေးမှာပဲ နေဖြစ်တော့မှာပါလေ။

"ငါသွားတော့မယ်"

"နေဦး"

လက်ကောက်ဝတ်ကို ဖျတ်ခနဲကိုင်လိုက်တာမို့ သူမ ရုန်းလိုက်ပါ၏။ သူက မလွှတ်ပေးပါလေ။ လမိုန်မှိန်အောက်မှာ ငါ မျက်ရည်ကျနေတာကို နင်မမြင်စေချင်ဘူး။ ငါ့ကိုလွှတ်လပ်စွာ ပေါက်ကွဲခွင့်တော့ ပေးလှည့်ပါလေ။

"ဒါ ပုံမှန်မဟုတ်ဘူး မိဒါ"

"ဒါဖြင့် ဘာက ပုံမှန်ဖြစ်ရမှာလဲ"

"အနည်းဆုံးတော့ နင့်ဆီက မနာလိုတဲ့ခနဲ့သံဖြစ်ဖြစ် ထွက်လာသင့်တယ်လို့ ငါထင်တယ် မိဒါ။ ခါတိုင်းလို ရန်တွေ့သံမျိုးပေါ့"

သက်ပြင်းကို ကျိတ်ရှိုက်မိပြန်၏။ ပြဿနာပါပဲလား။ အိမ်ကိုအမြန်ဆုံးပြန်ချင်နေပြီဆိုကာမှ သူကဆွဲထားတာလေ။ မနာ



www.burmeseclassic.com

www.burmeseclassic.com



လိုသံတဲ့။ သူ့တစ်သက်တာမှာ သူ့အပေါ် ဘယ်တုန်းကမှ သူမ မနာလိုစိတ်မရှိပါချေ။ ဘာကြောင့်များ ဒီလိုပြောနေတာပါလိမ့်။ ခက်ပါရောလား သူရရယ်။

"နှင်နဲ့ငါက ဘာလဲ သူရ"

"ငယ်သူငယ်ချင်းတွေလေ"

"အေးလေ၊ နှင်အသိဆုံးပဲမဟုတ်လား။ နှင်နဲ့ငါ ဘာဆိုင်လို့လဲ။ နှင် ဘယ်သူ့ကိုပဲကြိုက်ကြိုက် ဘယ်သူ့ကိုပဲလက်ထပ်လက်ထပ် ငါနဲ့ဘာမှမသက်ဆိုင်ဘူး မြတ်သူရကို"

"မိဒ်"

"နှင့်ဘက်ကသာ ငါ့ကိုဘယ်သူ့ကို ဒီလိုမခေါ်နဲ့၊ ဒီလိုမကြည့်နဲ့၊ နှင်သဘောမကျဘူး။ ဒီလူနဲ့စကားပြောတိုင်း နှင်မနှစ်သက်ဘူးဆိုပြီး အမြဲတမ်းပြဿနာရှာခဲ့တာ ကြာခဲ့ပါပြီ"

"မိဒ်. . . ငါ"

"ဒီမှာသူရ၊ သူငယ်ချင်းဆိုသူတွေရဲ့ကြားထဲမှာ အကြည်ရောင်ပဝါပါးပါးလေးပဲ ခြားထားတာပါ။ ဒီအလွှာကို ဘယ်သူပဲလာဖြတ်ဖြတ် ဘယ်တော့မှပြတ်မှာမဟုတ်ဘူး။ ကာယကံရှင်ဖြစ်တဲ့နှင်နဲ့ငါ တစ်ယောက်ယောက်ကသာ ဖျက်ဆီးမှ ပျောက်ပျက်နိုင်မှာမှန်း နှင်လည်းသိနေမှာပေါ့။ မျက်နှာချင်းဆိုင်ပဲရပ်ရပ်၊ ကျောပေးပြီးပဲရပ်ရပ်၊ ကြိုက်သလိုနေလို့ရပေမယ့် နှင်လက်တွဲခေါ်မယ့် ဘေးချင်းကပ်နေရာကိုတော့ ငါမနေရဘူးဆိုတာ ငါလည်းသိပါတယ်"

ဘုရားရေ! စကားတွေလွန်ကုန်ပြီလား။ မဟုတ်သေးပါဘူး။ သူပြောစေချင်တဲ့စကားလုံးတွေကို သူမ မပြောချင်ပေမယ့် ရင်ဘတ်ထဲက သိုဝှက်ထားတဲ့စကားတွေက တစ်ခုပြီးတစ်ခု တိုးထွက်နေပါပြီရော့။ မောပါ့ သူရရယ်။

"နှင်ဘယ်လိုပြောလိုက်တာလဲ"

". . ."

"နှင်နဲ့ငါက ဘယ်တော့မှမခွဲရမယ့် ထာဝရသူငယ်ချင်းပါ မိဒ်"

"ယုံပါတယ်၊ ငါယုံပါတယ် သူရ"

"ဒါနဲ့များတောင် နှင်ဘာလို့ ဒီလိုပြောနေတာလဲ။ ငါချစ်သူရသွားတာနဲ့ပဲ နှင်နဲ့ငါ ရန်သူတွေဖြစ်ရတော့မှာလား"

"မဖြစ်ပါဘူး။ ငါ့ဘက်က မဖြစ်စေရဘူးလို့ပြောတာပါ"

"ဒါဆို ငါ့ဘက်ကတော့ အဲဒီလိုဖြစ်နိုင်တယ်ပေါ့လေ၊ ဟုတ်လား"

ကျစ်! ကိုယ့်ကိုယ်ကိုတော့ သေရွာမဆန်းစစ်တတ်ပါဘဲ







www.burmeseclassic.com

www.burmeseclassic.com



သူများကို မေးနေရတယ်လို့။ ရုံးက မန်နေဂျာကိုအာကာမင်းနဲ့ တရင်းတနှီးမနေနဲ့ဆိုပြီး ခဏခဏပြောလေ့ရှိတာမျိုး။ တစ်ခါ တလေရောက်လာတဲ့ သူ့(ယောကျ်ားလေး)သူငယ်ချင်းအံချို့ရဲ့ ရိသဲ့သဲ့ပြောတာကို သူမကျေမနပ်ဖြစ်ပြီး သူမကို သူ့ရဲ့ချစ်သူလို့ ပြောခဲ့တာလည်း ရှိပါရဲ့။

ဖေဖေနဲ့ပတ်သက်ပြီး အိမ်ဝင်ထွက်ခွင့်ရလာတဲ့ ကိုကျော် စွာကိုသာ တိုက်ရိုက်ရန်မရှာဖြစ်ပေမယ့် သူမကိုဖြင့် မရမက ပြဿနာရှာတတ်တာကို သူသိပေမယ့် ဘာကြောင့်မသိသလိုနေ တာပါလိမ့်။ လူဆိုတာ ကိုယ့်ကိုယ်ကိုတော့ မှန်ထဲကြည့်ရင် မြင် တတ်ပါတယ် သူရရယ်။

"နင်ဘယ်လိုသဘောထားမျိုးနဲ့ ဒီလိုမျိုးပြောရတာလဲ မိဒါရာ။ နင့်အပေါ်မှာ ငါဘယ်လောက်သံယောဇဉ်ရှိသလဲဆိုတာ ကို နင်သိရဲ့သားနဲ့ကွာ"

"တော်ပြီ သူရရယ်၊ ငါ့ကို ဖေဖေအော်ခေါ်တော့မှာပဲ"

"အခုမှ ရှစ်နာရီထိုးဖို့ ဆယ်မိနစ်တောင် လိုသေးတဲ့ဟာ၊ စောပါသေးတယ် မိဒါရာ"

"နင့်အဖို့က စောပေမယ့် ငါက မနက်စောစောထရမှာ လေ။ မနက် ဘုရားဆွမ်းတော်တင်ဖို့၊ ဖေဖေ့အတွက် ထမင်းချိုင့်





ထည့်ဖို့ ချက်ပြုတ်ရမှာ။ လျှော်ဖွပ်စရာတွေကို ညကတည်းက ဆိမ်ပြီး မနက်လျှော်ရမှာ။ အလုပ်တွေရှိသေးတယ်။ ငါ့ရဲ့အိပ်ချိန် က ညဆယ်နာရီမကျော်ရဘူးဟဲ့"

"အဲဒါတွေကို အိမ်မှာ မေမေနဲ့မကြုံချက်ပြုတ်ပေးရင် Washing Machine နဲ့လျှော်ပေးရင် ရတာပဲလေကွာ"

"ကျစ်! နင်ဟာလေ ခုချိန်ထိ ဘာကိုမှမသိတတ်သေး ဘူး"

"ငါ့ကိုများ အသက်ဆယ်နှစ်ကျော်အရွယ် ထင်နေလား မိဒါ"

ခက်ပါရဲ့။ ဘယ်လိုပြောပြော နားမလည်နိုင်တဲ့သူ့ကို သူမအတော်ဒေါသထွက်နေပြီလေ။ ဘာမဆို ကြုံတွေးကြုံမြင်ဖို့ မစဉ်းစားဘဲ ရှုးရှုးဒိုင်းဒိုင်းလုပ်ကျင့်က ဘယ်အသက်အရွယ်ထိ ရှိနေမှာလဲ။

ချစ်သူရှိနေပြီလို့ ကြေငြာပြီးရင် ငါတို့တွေ ခပ်ကင်းကင်း ပဲနေကြစို့လို့ ဆိုလိုတာပဲမဟုတ်လား မြတ်သူရကို။ ဘာကြောင့် အခုလို ငါနဲ့လိုက်ပတ်သက်ချင်နေရပြန်ပါသလဲ။

"မေမေနဲ့နင်ကမှ သားအမိဖြစ်သင့်တာ"

"ဘာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ငါ့ကို နွေအဖြေပြန်ပေးလို့ ချစ်သူဖြစ်တာမှ ဘာကြာသေးလို့လဲ။ နင်နဲ့မေမေက လေသံအတူတူပဲ နေတာလေ"

"အဲဒါ နင့်အပေါ် စေတနာထားတတ်လို့ပေါ့"

"ဘာစေတနာလဲ၊ ကဖျက်ယဖျက်လုပ်နေတာ စေတနာလား"

"ကျစ်! နေစမ်းပါဦး။ နင်နဲ့နွေသံစဉ်တို့ ချစ်သူဖြစ်နေတာကို ငါတစ်ခွန်းကန့်ကွက်ခဲ့ဖူးသလား. . . ပြော"

"အဲ. . ."

သူက အန်တီမေ့ကို မကျေမနပ်ဖြစ်နေတာနဲ့ သူ့ကို လိုက်ပြီး ဝေ့ရမ်းချင်နေတာပါပဲလား။ အမေဖြစ်သူအပေါ်မှာ မကြည်မလင်ဖြစ်ရင် ကံကြီးထိုက်မယ်မှန်း နင်မသိဘူးလား သူရ ရယ်။

"အဲဒီလိုတော့မပြောဘူးပေါ့၊ ဒါပေမဲ့ နင်မကြိုက်တာတော့ မျက်နှာမှာပေါ်နေတာပဲ။ မဟုတ်လို့လား"

ဒုက္ခပါပဲလားနော်။ စိတ်မကောင်းဖြစ်နေတာကို မနည်းဖုံးဖိနေရပါတယ်ဆိုမှ ဒင်းက လမ္ဘန်မှန်အောက်မှာ အမိအရလိုက်ဖမ်းပြနေရတယ်လို့။ ကောင်းပြီသူရရေ၊ နင်လည်း နင့်လမ်းနင်





လျှောက်သလို ငါလည်း ငါ့လမ်းငါလျှောက်ရင် မနှောင့်ယှက်ကြေးပေါ့။

"မကျေနပ်တာမဟုတ်ဘူး သူရရဲ့။ စိတ်မကောင်းဖြစ်သွားရတာပါ။ အချစ်ဆုံးလို့ နင်သတ်မှတ်ထားတဲ့သူငယ်ချင်းကိုတောင် ဒီကိစ္စအရင်ဆုံးမတိုင်ပင်ခဲ့တာလေ ။ ငါ့ကို နောက်ဆုံးမှာ နင်ထားသလိုမျိုး နင့်အပေါ် ငါထားရင် နင်ခံနိုင်ရည်ရှိအောင် ကြိုးစားပေါ့"

"ဘာသဘောလဲ"

"နင့်လိုပဲ ငါချစ်သူရသွားရင်လေ"

"မိဒါနော်၊ ငါ့ကိုမကျေနပ်တာနဲ့"

"မဆိုင်ပါဘူး၊ နင်တောင်မှ လုပ်နိုင်သေးတာ၊ ငါမလုပ်နိုင်စရာဘာမှမရှိဘူး။ စောင့်ကြည့်လိုက်ပါ။ ဒါပဲ"

ပြဘောတံခါးကို တွန်းဖွင့်လျက် အိမ်ဆီသို့ အပြေးတစ်ပိုင်းဝင်ခဲ့မိပါ၏။ ရင်ထဲမှာ တင်းကျပ်နေမှုက ထိန်းမရခဲ့။ အိပ်ခန်းထဲရောက်စဉ် ခေါင်းအုံးထက် မျက်နှာကိုမှောက်ချလိုက်ပြီး ကျိတ်ရှိုက်လိုက်စဉ် မျက်ရည်တို့က ဒလဟောစီးကျလာလေ၏။

တစ်ဖက်ခန်းမှာ ဖေဖေဖွင့်နေသည့် FM လိုင်းမှ L ဆိုင်းဖီ၏ ဆွေးဆွေးမြွေမြွေသီချင်းသံက ညဥ့်ယံမှာ သဲ့သဲ့လေး လွင့်



www.burmeseclassic.com

www.burmeseclassic.com



ပျံ့နေလေသည်။ ကျေးဇူးပါဖေဖေ။ ဒီသမီးလေးရဲ့ခံစားချက် တစ်ဖက်သတ်ချစ်ခြင်းတွေကို လူမမြင်သူမမြင်အောင် ကျိတ်ငိုကြွေးနေသမျှ ဖေဖေဖွင့်နေတဲ့သီချင်းသံက ဖုံးလွှမ်းပေးလို့ပါပဲ။

'ငါတွေဝေနေသလားကွယ်× × × ညမှောင်မိုက်တို့ ရိုးဝေအုံ့မှိုင်းလို့နေဆဲ× × × သူ မကြွင်နာချင်လည်းပဲ ငါ့အချစ်တွေကို ထိန်းမရခဲ့× × × ကိုယ်သိရဲ့သားနဲ့ စွတ်မိုက်ချစ်နေတုန်း× × ×

ပုံရိပ်တွေကိုပဲ ငါ့စိတ်က မသေချာနိုင်ခဲ့× × × သူ့စိတ်သဘောက ဘယ်လိုလဲ× × × ငါ့မှာမတွေးရက်နိုင်ဘူး× × × ကိုယ်ရောင်စုံခြယ်ရင်းနဲ့ နှင့်စိတ်တွေကို မှန်းဆခဲ့သမျှ× × × တို့များမှားခဲ့ ဒီအချစ်ရဲ့ရလာဒ်များ× × ×

ဝေခွဲမရပါလား× × × တကယ်ပဲ ရက်စက်မလား× × × စိတ်ထဲရှိလေသမျှ× × × မင်းကိုဖွင့်ပြောလိုက်ချင်တယ်× × ×

နှင်အရူးမလုပ်ပါနဲ့× × × နှင်မလှည့်စားပါနဲ့× × × ရင်ထဲအချစ်တွေက တစ်သက်လုံးမပျောက်နိုင်× × × (အို)မင်းအတွက်× × × မင်းအတွက်× × × (အို)ထာဝရအမြဲ× × ×

ပုံရိပ်တွေကိုပဲ ငါ့စိတ်က မသေချာနိုင်ခဲ့× × × သူ့စိတ်သဘောက ဘယ်လိုလဲ× × × ငါ့မှာမတွေးရက်နိုင်ဘူး× × × ကိုယ်ရောင်စုံခြယ်ရင်းနဲ့ နှင့်စိတ်တွေကို မှန်းဆခဲ့သမျှ× × × တို့များ





မှားခဲ့ ဒီအချစ်ရဲ့ရလာဒ်များ× × ×

ဝေခွဲမရပါလား× × × တကယ်ပဲ ရက်စက်မလား× × × စိတ်ထဲရှိလေသမျှ× × × မင်းကိုဖွင့်ပြောလိုက်ချင်တယ်× × ×

နှင်အရူးမလုပ်ပါနဲ့× × × နှင်မလှည့်စားပါနဲ့× × × ရင်ထဲအချစ်တွေက တစ်သက်လုံးမပျောက်နိုင်× × × (အို)မင်းအတွက် × × × မင်းအတွက်× × × (အို)ထာဝရအမြဲ× × ×

ဝေခွဲမရပါလား× × × မင်းအတွက်× × × ထာဝရအမြဲ × × × ဝေခွဲမရ× × ×'

တကယ်ပဲ ဝေခွဲမရဖြစ်ခဲ့တာ အမှန်ပါ သူရရယ်။ ငါ့အပေါ်မှာ သူငယ်ချင်းအဆင့်ထက် နှင်ပိုချစ်တယ်လို့ ငါထင်ခဲ့ပေမယ့် အဲဒီခံစားချက်ကို အခုတော့ တစ်ခါတည်းရုတ်သိမ်းလိုက်ပါပြီ။ နှင်ပြောတော့ နှင့်ထက်ပိုပြီး ဘယ်သူစိမ်းတွေကိုမှ ငါမချစ်ရဘူးဆို။

အဲဒီသူစိမ်းတွေကို နှင်ရန်ရှာခဲ့သလို ငါ့ကိုလည်း နှင်ပြဿနာခဏခဏရှာခဲ့တာမို့ ငါ့အပေါ် နှင်သံယောဇဉ်ပိုခဲ့တယ်လို့ ထင်ခဲ့မိတဲ့အတွက် ငါ့ကိုယ်ငါ မုန်းတီးလိုက်တာ မပြောပါနဲ့တော့။ လောကကြီးမှာ ဘယ်သူကရော ကိုယ့်ကိုယ်ကိုထက် ဘယ်သူ့ကိုပိုချစ်တတ်လို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



ငါသိလိုက်ပါပြီလေ၊ နင်နဲ့ငါဟာ နောက်ဆုံးတော့ ကျောချင်းကပ်အနေအထားနဲ့ ဆန့်ကျင်ဘက်လည်တဲ့အကြွေစေ့လို ဖြစ်ဖို့ ကံပါလာတာပဲဖြစ်မယ်ထင်ပါရဲ့။

ညာဘက်ပါးပြင်ကို လက်ဝါးဖြင့် အသာပွတ်မိစဉ် ပါးပြင်ထက်သို့ မျက်ရည်စီးကြောင်းက ပေါက်ခနဲကျသွားလေ၏။ အနမ်းဦးရဲ့နိဒါန်းက အိပ်မက်ပုံပမာပါပဲကွယ်။



## အခန်း (၂၁)

နောင်တမရချင်ပါ။ မရလောက်ဘူးလို့လည်း ထင်ပါ၏။ ကြမ်းကျွံတော့ ခြေကိုနုတ်လို့ရပေမယ့် နှုတ်လွန်ပြီးသွားရင်တော့ အသက်သေဆုံးချိန်အထိ ဒီကတိကိုစောင့်ထိန်းသွားရတော့မယ် မှန်း သူမသိနေပါသည်။

မှားစရာမရှိလောက်ပါဘူး။ အသက်ခြောက်နှစ်ဆိုတာ သိပ်ကြီးကွာဟလွန်းတာမှမဟုတ်တာနော်။ ပြီးတော့ အစစပြည့်စုံတဲ့လူတစ်ယောက်ရဲ့ကမ်းလှမ်းချက်ကို လက်သင့်ခံ ခေါင်းညိတ်အဖြေပေးမိတာဟာ နှလုံးသားကို ထည့်မတွက်မိတောင်မှ ဦးနှောက်နဲ့တွက်ချက်ရုံနဲ့ အကြွင်းမဲ့ရလာဒ်တစ်ခုပဲမဟုတ်ပါလား။

"ကိုယ်ဘာပြောရမယ်မှန်းတောင် မသိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ယုံပါ့ဏ်။ စိတ်လှုပ်ရှားနေမှုကို ပြေလိုပြေငြား လက်ဖါး နှစ်ဖက်ကို ဆုပ်နယ်နေရုံနဲ့ သိသာလွန်းနေတာလေ။ မျှော်လင့် မထားသေးတဲ့အချိန်ကာလအခိုက်အတန့်လေးမှာ သူမ၏ခေါင်း တစ်ညိတ်က သူ့ကို ဤမျှအထိ လှုပ်လှုပ်ရှားရှားဖြစ်သွားလိမ့် မည်ဟု မမျှော်လင့်ထားတာအမှန်ပါပဲ။

"အန်ကယ်တိုက်တွန်းလို့များ ကိုယ့်ကိုလက်ခံလိုက်တာ လား ညီမလေးရယ်၊ ကိုယ်ဖြင့် ယုံရခက်ခက်ပဲ"

"ကျွန်မအရွယ်က သူများတိုက်တွန်းလမ်းညွှန်မှ လိုက် လုပ်တတ်မယ့်အရွယ်မှ မဟုတ်တာဘဲ ကိုကျော်စွာ။ ကိုယ့်စိတ် နဲ့ကိုယ့်ကိုယ် လက်ခံလိုက်တာပါ"

"ဝမ်းသာလိုက်တာ ညီမလေးရယ်၊ တကယ်ပြောတာ။ မာမိတို့သာသိရင် လက်ထပ်ဖို့အတင်းတိုက်တွန်းကြတော့မှာပဲ"

မျက်နှာနွေးသွားရပါ၏။ 'ချစ်ပါတယ်' ဆိုသည့်စကားကို လုံးဝမပြောဖြစ်ပါဘဲ 'ကိုကျော်စွာပြောထားတာကို ကျွန်မလက် ခံပါတယ်' ဆိုတဲ့စကားတစ်ခွန်းက သူမဘဝတစ်ခုလုံးကို လှုပ်မရ နိုင်အောင် တုပ်နှောင်တော့မယ်မှန်း သိသိကြီးဖြစ်ပါလျက် ရှေ့သို့ လှမ်းလိုက်မိပြီလေ။ ဆက်လျှောက်ပေတော့ယွန်းသဒ္ဒါ။ နောက် ပြန်လှည့်မကြည့်စတမ်း မျက်စိမှိတ်ပြီးသာ လျှောက်ပေတော့။





"ကိုယ် အိပ်မက်,မက်နေတာတော့ မဟုတ်လောက်ပါ ဘူးနော်"

မယုံရဲဟန်ဖြင့် ရေရွတ်လိုက်သည့်သူ့ကို စာနာစိတ်ဖြစ် မိလေ၏။ ကျွန်မလည်း အိပ်မက်လိုသဘောထားချင်တာပါ ကို ကျော်စွာ။ ဒါပေမဲ့ လက်တွေ့မှာ စိတ်ကူးယဉ်ဖို့ ကျွန်မဘဝက အခွင့်မပေးတာမို့ပါလေ။

ရှေ့ဆီမှာရှိနေသည့် ရေဖန်ခွက်ကို တစ်ငုံမျှမော့သောက် လိုက်ပြီး မျက်နှာချင်းဆိုင်ခုံမှာရှိနေသည့် သူ့လက်ခုံပေါ်သို့ အနည်း ငယ်မျှလောင်းချလိုက်မိသည်။ ပထမအံ့ဩဟန်ဖြစ်သွားပြီး နောက် မှာတော့ ကလေးတစ်ယောက်၏အပြစ်ကင်းသည့်အပြုံးမျိုးဖြင့် သူ့အသံထွက်မျှ ခပ်တိုးတိုးရယ်လေတော့၏။

"အိပ်မက်မဟုတ်ဘူးဘဲ၊ ကျေးဇူးပါ ညီမလေး"

'ညီမလေး' တဲ့။ ဤနာမ်စားကိုပဲ တစ်သက်လုံး သူသုံး သွားတော့မှာထင်ပါရဲ့။ မခေါ်နဲ့လို့ပြောလိုက်ရမလား။ မဟုတ် သေးပါဘူး။ သူချစ်စနိုးခေါ်ချင်တဲ့နာမည်ကို သူမ ဘယ်လိုကန့် ကွက်လို့ရမှာပါလဲနော်။

"ကိုယ်တို့ တစ်ခုခုလုပ်မှဖြစ်မယ်ထင်တာပဲ"

"ရှင်! "



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ. . . Sorry...Sorry...လန့်သွားလား၊ ဒီလို လေ၊ ကိုယ့်ကို ကိုကျော်စွာလို့ပဲ ခေါ်တော့မှာလား"

"ဒါဆို ကျွန်မကိုရော ညီမလေးလို့ခေါ်မှာပဲလား"

"Law နဲ့ကျောင်းပြီးတာတော့ မဟုတ်ပါဘူးနော်"

မရည်ရွယ်ပါဘဲ မျက်စောင်းရွယ်လိုက်မိလေ၏။ ခုနှ တယ်လို့ပြောချင်တာလား။ ပြုံးမြမြကြည့်နေသည့် သူ့မျက်ဝန်း ရည်လဲ့လဲ့တွေကြောင့် မျက်လွှာကိုပြန်ချလိုက်မိပါ၏။ သူမအပေါ် သူ့အဘယ်မျှ မြတ်နိုးတန်ဖိုးထားသလဲဆိုတာကို ထိုမျက်ဝန်းမှ တစ်ဆင့် သိသာစေနိုင်သည်ပဲ။

"အပေးအယူလုပ်ရင် လက်ခံမှာလား"

"ဘာကိုလဲ"

"ကိုယ့်ဘက်က ယွန်းကလေးလို့ခေါ်မယ်ဆိုရင် ကိုယ့် ကို ဘယ်လိုပြန်ခေါ်မှာလဲပြော"

နှုတ်ခမ်းကို စေ့ပိတ်ထားလိုက်မိပါ၏။ 'မောင်'လို့ စိတ် ထဲက တိတ်တခိုးခေါ်ခဲ့မိတာပါသူရရယ်။ ဒီနာမ်စားကို နင်ကျွ ပြီး ဘယ်သူ့ကိုမှ ဒီလိုခေါ်ဖို့ ငါစိတ်မကူးခဲ့တာကို ဝန်ခံချင်ပါရဲ့ ကြည့်စမ်း! ရှေ့တည့်တည့်မှာထိုင်နေသည့်လူကို အဖြေပေးပြီးပြီ ပါလျက် စိတ်က ဘယ်ကိုလွင့်သွားရပါသလဲ။ ဖြစ်သင့်ပါရဲ့လား





ယွန်းသဒ္ဒါ။

"တော်တော်မှ ဦးနှောက်ကို အလုပ်ပေးနေရသလား"

"မဟုတ်ပါဘူး"

"ကိုကိုလို့ခေါ်ဖို့ရော စိတ်ကူးရှိလား"

တစ်ချက်ရယ်လိုက်မိလေ၏။ လှောင်ချင်တာမျိုးမဟုတ် သော်ငြား ရယ်ချင်စိတ်ကို ထိန်းမရလို့ပါလေ။ သူက သူမနှင့် အတူ လိုက်ရယ်လေသည်။ ပျော်နေတာပဲထင်ပါရဲ့။

"ရယ်တယ်ပေါ့လေ"

"လှောင်တာမဟုတ်ပါဘူးနော်"

"ကိုယ်သိပါတယ်၊ ကိုကြီးလို့မခေါ်နိုင်ဘူးထင်ပြီး မေး ကြည့်လိုက်တာ။ စိတ်မဆိုးပါနဲ့"

"စိတ်မဆိုးပါဘူး၊ ဆိုးစရာမှမဟုတ်တာ"

"တော်သေးတာပေါ့"

"အန့်တီတို့ကို ဖွင့်ပြောတော့မှာလားဟင်"

"ဒါပေါ့၊ ဖုံးကွယ်ထားစရာမှမလိုအပ်တာ။ ဘာဖြစ်လို့ လဲ။ ယွန်းကလေးက စိုးရိမ်နေလို့လား"

'ယွန်းကလေး'ဟု သူပထမဆုံးပြောလိုက်သံက စိမ်း သက်မနေပါချေ။ ခေါ်ဝံ့သားပဲ၊ သူမဘက်ကသာ သူ့ကို တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



ခုခေါ်ဝေါ်ဖို့ နှုတ်မရဲသလိုဖြစ်နေတာလေ။

"အမှန်အတိုင်းပြောရရင် ဟုတ်တယ်"

"ဘာလို့လဲ"

"ကျွန်မတို့နှစ်ယောက် ဘဝအခြေအနေက အရမ်းကွာခြားနေတာကို သိမှာပါ"

"ဒါများကွာ၊ မာမိတို့က အဆင့်အတန်းမခွဲခြားတတ်တဲ့သူတွေပါ။ ဒါကိုတွေးပြီး စိုးရိမ်နေစရာမလိုပါဘူး။ ယွန်းကလေးစဉ်းစားထားဖို့က ကိုယ်နဲ့စေ့စပ်ပြီး မကြာခင်မှာ လက်ထပ်ဖို့ပဲ"

"ဟင်! ချက်ချင်းကြီးလား"

"သြော်! အထိတ်တလန့်ဖြစ်ပြန်ပြီ၊ ကိုယ်က သဘောပြောတာပါ ယွန်းကလေးရဲ့။ ဘာလဲ. . . ကိုယ့်ကိုအပျော်သဘောနဲ့တွဲဖို့ပဲ တွေးထားသလား"

"ကြည့်! "

"နောက်တာနော်. . . နောက်တာ၊ ပျော်လွန်းလို့ပါကွ"

ညနေစောင်းနေက ခပ်နွေးနွေးသာ ရှိတော့သလို မြက်ခင်းထက် စားပွဲမှာ နေရာယူထားတာမို့ လေက ခပ်အေးအေးလေး တဖြူးဖြူးတိုက်ခတ်နေပါသည်။ ကော်ဖီနှစ်ခွက်က လုံးဝမသောက်ဖြစ်ကြတာမို့ အငွေ့သေပြီး အေးစက်စက်အခြေအနေ





ဖြစ်နေလေပြီ။

"ဘယ်တော့လောက် Engage လုပ်ချင်သလဲ"

ခေါင်းကို ခပ်မြန်မြန်ခါပြလိုက်မိ၏။ မှားပြီလား၊ အခုပဲ အပျော်တွဲချင်လား မေးထားပါလျက် ဆန့်ကျင်မိပြန်တာလေ။

"အကြောက်အကန်ပါပဲလား"

"ဖြည်းဖြည်းလုပ်ပါလားလို့"

"သြော်. . . ကိုယ်က ချက်ချင်းကြီးလုပ်ရမယ်ပြောနေမိလို့လား"

"ဒါဆို ဘာလို့မေးလဲ"

"ဒီလိုပဲ သိချင်လို့ပေါ့"

နှာခေါင်းကိုရှုံ့ပြလိုက်တော့ သူက သူ့မခေါင်းကို ခပ်ဖွဖွထုလေ၏။ မျက်ရည်ဝဲချင်လာတာကို ကျိတ်မြေဖြေရချေပြီ။ ဒီအပြုအမူမျိုးကို သူရသာ လုပ်တတ်တာမဟုတ်ပါလား။ ဘယ်လိုလုပ်ရမလဲကွယ်၊ ရှေ့မှာရှိနေတာတစ်ယောက်၊ ရင်ထဲမှာ ရှိနေတာ တစ်ယောက်ဆိုရင်တော့ သူမအဖြစ်က အတော့်ကို စက်ဆုပ်ဖွယ်ကောင်းနေ့ပေပြီ။ ရှူးပါ့ ယွန်းသဒ္ဒါ။

"စိတ်ညစ်သွားလား"

"ခဏခဏမေးရင်တော့ ညစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



''ဒါဖြင့် ယွန်းကလေးကိုယ်တိုင်ပြောမယ်လို့ ကတိပေးနိုင်မှာလား''

ခဏာမျှစဉ်းစားလိုက်ပြီး ခေါင်းကို ခပ်သာသာညိတ်ပြလိုက်မိသည်။ သူကျေနပ်ပါစေလေ။ စားပွဲထက် လက်ထောက်ကာ ခပ်ငေးငေးကြည့်နေသည့်အကြည့်တို့ကြောင့် နေရခက်စွာဖြင့် ရေဖန်ခွက်ကိုယူလိုက်ပြီး မော့လိုက်စဉ် သူရယ်လေ၏။

အလို! ရေက ဘယ်လိုကုန်သွားပါလိမ့်။

''ကိုယ့်ခွက်ကို သောက်လေ''

''နေပါစေ''

''သောက်လိုက်ပါ၊ ရောဘယ်လောက်သောက်သောက် လူကဖြင့် မဝလာဘဲနဲ့များ''

''အစကတည်းက အရိုးချည်းပဲရှိတာ၊ မမြင်ဘူးလားလို့''

''ဟင်းဟင်း. . . မြင်ပါတယ်၊ မြင်လို့လည်း အဲဒီအရိုးလေးကို မြင်မြင်ချင်းစွဲလန်းမြတ်နိုးသွားမိတာပေါ့''

''လူတွေရှိတယ်နော်''

''ရော်! ကိုယ်က ဘာလုပ်မိလို့လဲ''

''ရှက်စရာတွေ မပြောနဲ့ပေါ့''

ရွှေပဒေသာစာပေ



''ဒါလေးပြောတာနဲ့ရှက်ရလား ယွန်းကလေးရဲ့။ Wedding မှာ ကိုယ့်လက်ကိုချိတ်တွဲရရင် ဘယ်လိုမျက်နှာမျိုးထားမှာလဲ''

''ပြန်ချင်လာပြီနော်''

သူရယ်ချေပြီ။ လူကို စနောက်ချင်စရာချာတိတ်မလေးဟု ထင်နေသလား။ အင်းပေါ့လေ၊ သူ့အတွက်တော့ သူမက အသက်ငယ်တဲ့ကောင်မလေးပေကိုး။

''ကမ္ဘာ့ကြီကထွက်ဖို့ အစီအစဉ်ရှိရဲ့လား''

''ချက်ချင်းကြီးမထွက်ပါရစေနဲ့ဦး''

''ရပါတယ်၊ ကိုယ်နဲ့လက်ထပ်ပြီးရင်တော့ အိမ်ရှင်မတာဝန်ကိုပဲ အပြီးယူရမှာနော်''

''ပြောပြန်ပြီ''

''ဒီလောက်လေးတော့ လျှာအရသာခံပါရစေလား ယွန်းကလေးရဲ့။ ဒါတောင်မှ ကိုယ့်အတွက် သားသားလေးနဲ့ မီးမီးလေး မွေးပေးဖို့မပြောရသေးဘူး''

''တော်ပြီ. . . တော်ပြီ၊ ပြန်တော့မယ်''

ဝှန်းခနဲထရပ်မိစဉ် သူက သူမကိုလက်ကာပြလိုက်သလို Waiter ကို လက်ဖျောက်တီးခေါ်လိုက်ပြီး Bill ရှင်းလိုက်လေ၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ရှက်စရာပါပဲ။ သူနောက်ပြောင်တာမဟုတ်မှန်း သိတာမို့ ပိုပြီးရှက်ရတာပါလေ။

လက်ဖျားကိုဆုပ်ကိုင်လျက် ကားဆီသို့လျှောက်လာခဲ့စဉ် ရင်ထဲမှာ နွေးသွားရပါ၏။ မမှားလောက်ပါဘူး၊ သူမကိုအလိုလိုက်တဲ့အမျိုးသားကို ရွေးချယ်လိုက်တာ အမှန်ပါလေ။

"နေ့တိုင်း ကြိုပို့ခွင့်ရှိပြီပေါ့နော်"

ခပ်ပိုင်ပိုင်ပြောတာကို စိတ်မခုဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်မိ၏။ သူပျော်နိုင်သည်ပဲလေ။



## အခန်း (၂၂)

ရေချိုးခန်းထဲမှထွက်လာရင်း ရေသုတ်နေကာ ပြတင်းါက်လိုက်ကာကို ဖွင့်လိုက်ပါ၏။ တစ်ဖက်ခြံထဲရှိ သစ်သားအိမ်ကို ငုံ့ကြည့်လိုက်စဉ် မိဒါက ပြတင်းပေါက်ကို ပိတ်လိုက်သည်။ ဘာသဘောလဲ။

သူ့အတွေးမဆုံးခင်မှာပင် သူမတို့ခြံရှေ့ရပ်ထားသည့်က်ဆုံးပေါ်ကားတစ်စီးကို တွေ့လိုက်ရပါ၏။ ဘယ်ကကား ရယ်သံသဲ့သဲ့မျှ ကြားရအပြီးမှာတော့ ဦးဦးနှင့်သူမကို အတူပြီး ကားတံခါးဖွင့်ကြိုသည့်လူကို မြင်လိုက်စဉ် ခေါင်းထဲမှာခနဲအကျယ်ကြီးမြည်ဟီးထူပူသွားရလေတော့သည်။

ဘုရားရေ! ဒါက ဘာလဲ၊ သားအဖနှစ်ယောက်သား



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြုံးရွှင်ကြည်လင်လျက် ပါသွားတာ ဘာကြောင့်လဲ။ ဒီလူကို သူမကြည်မှန်းသိရဲ့သားနဲ့ သူမ ဘာကြောင့် အခုလိုခေါ်တာကို လိုက်ရတာပါလိမ့်။

"မေမေ"

အဝတ်အစားမဝတ်ရသေးတာကို သတိမထားမိဘဲ လှေကားမှ သူအပြေးဆင်းလာခဲ့မိ၏။ မကြားဘူးလား၊ ဒီလောက် သူ အသံမြကြီးနဲ့ အော်ခေါ်နေတာကို မကြားရအောင် မေမေ ဘယ်ရောက်နေတာပါလဲ။

"မေမေ"

"ဘယ်လိုဖြစ်နေတာလဲကွ၊ မင်းအမေ ဈေးသွားနေတယ်လေ"

ကျစ်! အရေးထဲမှာ မေမေက ဈေးသွားနေရတယ်လို့။ Breakfast ကော်ဖီသောက်ရင်း လှမ်းဖြေလိုက်သည့်ဖေဖေ့ကို သူဘာမှပြန်မပြောမိ။ ပြေးလိုက်သွားရမလား၊ မဟုတ်သေးပါဘူး ကိုယ်အပေါ်ပိုင်းဗလာနဲ့ သူပြေးထွက်သွားမိရင် လူတွေက သူ့ကို အရူးလို့ဝိုင်းထင်ကြမှဖြင့် ဒုက္ခ။

"မေမေ"

"ဟော့ကောင်"





"ဟယ်! ဒီသားအဖတွေ ဘယ်လိုဖြစ်နေတာလဲ။ တောဘားစီးစီး အော်ကြီးဟစ်ကျယ်နဲ့"

"မေမေ၊ မိဒါ မေမေ့ကိုဘာပြောခဲ့သလဲ"

"ဘယ်လိုဖြစ်တာလဲသားရယ်၊ ကိုယ်ဗလာကြီးနဲ့များ အောက်ထပ်ကိုဆင်းလာရသလား"

"ကျွန်တော်မေးတာကို ဖြေပါမေမေရ"

"မကြူရေ၊ သိမ်းသင့်တာသိမ်းနှင့်ဦးဟေ့။ ဒီမှာ ကိုကျကောင်နဲ့ ငါဆွေးနွေးရဦးမယ်"

ဈေးအတူလိုက်ဝယ်လာသည့်မကြူက ဈေးခြင်းတောင်းနဲ့ Plastic အိတ်တွေကို သယ်သွားပြီး အိမ်နောက်ဖေးကို ဝင်သွားလေ၏။ ကော်ဖီသောက်နေသည့်ဖေဖေက ဧည့်ခန်းကိုထွက်လာလေပြီ။

"ဒါက ဘာပုံစံဖြစ်နေတာလဲ"

"မြင်တဲ့အတိုင်းပဲ အစ်ကိုရေ"

"ကျွန်တော်မေးနေတယ်လေ မေမေ"

"ဘာကိုမေးနေတာလဲ"

"မိဒါကိစ္စ"

"သမီးက ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေမသိပါဘူးဗျာ၊ မေမေပဲသိမှာ"

"အေး. . . သူကတော့ ဘာမှလာမပြောသေးပေမယ့် လမ်းထိပ်မှာ ကားချင်းဆုံခဲ့လို့ မြင်ခဲ့တာမို့ မေမေသိပြီ"

"ဘာလဲမေမေ"

"ဟိုကောင်လေးကို သူရွေးချယ်လိုက်လို့ပေါ့သားရဲ့"

"ဟာ! မဖြစ်နိုင်ဘူး"

"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ မင်းတောင်မှ ကိုယ်ကြိုက်တဲ့သူ ကိုယ်ရွေးပြီးပြီပဲဟာ။ သူကလည်း ခေါင်းညိတ်ချင်တဲ့လူကို ညိတ်ပြီပေါ့ကွ"

"ကဲ! သူ့ကိစ္စက ဘာမှအရေးမကြီးဘူး။ အကျီ်ရှုတ်ကြီးနဲ့ ဖျားနာမှ ဟုတ်ပေ့ဖြစ်နေဦးမယ် မြတ်သူရရေ့၊ အဝတ်မြန်မြန်သွားဝတ်ချေ။ မြင်မကောင်းရှုမကောင်း"

"မိဒါက အဲဒီကောင်ဖွင့်ပြောခဲ့တာကို ဘာလို့ ကျွန်တော့်ကို မပြောတာလဲ"

"မင်းအမေပြောတာကို အရင်လုပ်စမ်းသားရာ။ ဘယ်လိုဖြစ်နေတာလဲ"

"မသိဘူးဖေဖေရာ၊ အဲဒီကောင်နဲ့မိဒါကို ကျွန်တော်လုံးဝသဘောမတူဘူးဗျာ"





ဆက်တီခုံပေါ်ကို ပစ်ထိုင်လိုက်ပြီး မျက်နှာကို လက်ဝါးနှင့်အုပ်ထားလိုက်ပါ၏။ ရင်ထဲမှာ စူးအောင့်နေမိတာ မပြောပါနဲ့တော့။ ဘာကြောင့်လဲ၊ နွေ့အပေါ်မှာ ထူးခြားတဲ့ရင်ခုန်မှုတွေကြောင့် သူချစ်ခဲ့တာလေ။

မိဒါကို အဲဒီကောင်နဲ့တွဲတာကို သူဘာလို့မနှစ်သက်ရတာလဲ။ ဘာကြောင့်လဲ၊ ဘာလို့ ဒီလိုခံစားမှုတွေ ဖြစ်နေရတာပါလိမ့်။ ကိုယ့်ကိုယ်ကိုပြန်မေးမိတဲ့မေးခွန်းတွေအများကြီးနဲ့ ခေါင်းတစ်ခုလုံး ကိုက်ခဲလာတော့တာလေ။

"မြတ်သူရ"

"သား"

"အဲဒီကောင်ကို ကြည့်လို့မရပါဘူးဆိုနေမှ ဒင်းက ဘာလို့ရွေးရတာလဲ"

"သူချစ်လို့ရွေးလိုက်တာလေ သားရယ်"

"မချစ်ရဘူးဗျာ"

"မတရားသလိုဖြစ်နေမှာပေါ့သား၊ သားတောင်မှ နွေသံစဉ်ကို လက်တွဲဖော်အဖြစ် ရွေးချယ်ခဲ့ပြီပဲဟာ။ သမီးမိဒါကို သားက ပိုင်တဲ့သူမှမဟုတ်တာလေ"

"မရဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမလိုချင်လို့ သူများကောက်သွားတာကို ငါ့ဥစ္စာဆို ပြီးလုရင် မင်းကိုအရူးလို့ပဲ ဟိုက စွပ်စွဲတော့မှာပေါ့ကွ"

"ဖေဖေ"

"တော်ပါတော့အစ်ကိုရယ်၊ ပြောမနေပါနဲ့တော့။ ဒီမယ် သား၊ ငယ်တော့တဲ့အရွယ်လည်း မဟုတ်တော့ဘူး။ ကိုယ့်ဘာ သာစဉ်းစားဆုံးဖြတ်၊ ကလေးကလားနဲ့ မဟုတ်တာကို ဂျစ်မတိုက် စမ်းနဲ့။ အလုပ်နောက်ကျနေဦးမယ်၊ သွားပြင်တော့"

"ကျစ်!"

သူ ခုံမှထကာ အပေါ်ထပ်ကိုတက်ခဲ့ပါ၏။ အခန်းထဲမှာ အဝတ်လဲကာ မှန်ထဲမကြည့်လိုက်ပါ။ Tie စည်းဖို့လည်း သတိ မရသလို အပေါ်ထပ်မှပြေးဆင်းခဲ့၏။ မေမေ့ခေါ်သံကိုကြားခေ မယ့် မနက်စာဘာတစ်ခုမှ မစားမသောက်ဘဲ ကားကိုမောင်းထွက် လိုက်ပါသည်။

အမြင်တွေ ဝေဝါးနေတာမို့ မျက်လုံးကို လက်ခုံဖြင့်ပွတ် သပ်လိုက်စဉ် ခပ်နွေးနွေးအရည်တို့ ပေစွန်းသွားတာမို့ သူအံ့ဩ သွားရလေသည်။ အလို! ဒါ မျက်ရည်တွေလား။ ဘာအကြောင်း ကြောင့်နဲ့ အခုလို သူမျက်ရည်ဝဲရတာလဲ။

"တီ!"





လမ်းဆုံမီးပွိုင့်အရောက်မှာ ကားရပ်ရမှာကို သူမမြင်ဘဲ ရှေ့ကားကို တိုက်မိမလိုဖြစ်သွားပြီး ဘရိတ်ကိုအမြန်နင်းလိုက်ရ လေ၏။ ဘယ်လိုလဲ၊ စိတ်နဲ့လူ မကပ်သလိုဖြစ်နေရတယ်လို့။

ကုမ္ပဏီရောက်တော့ ရုံးခန်းဆီအမြန်ဆုံးရောက်ချင်စိတ် များနေတာမို့ Lift ရှိရာရှေ့ရောက်စဉ် Lift က အပေါ်ထပ်မှ အောက်ကိုမဆင်းသေးပါချေ။ စောင့်ရဦးမှာလား၊ ဘယ်လိုဖြစ် ပြီး ဒီနေ့လုပ်သမျှ အဆင်မပြေဖြစ်နေရတာပါလိမ့်။

"Good morning...GM. ဒီနေ့စောတယ်နော်"

ဝန်ထမ်းတွေနှုတ်ဆက်တာကိုလည်း ဘာမှပြန်မပြော ဖြစ်ဘဲ Lift ရပ်သွားစဉ် သူအရင်ဆုံးဝင်လိုက်ပါ၏။ ကြာလိုက် တာနော်၊ ခါတိုင်း ငါးမိနစ်လောက်သာစီးရသည့်ခရီးက တစ်နှာ ရီလောက် ကြာနေသလိုနှယ်ပါလေ။

"Morning GM."

"မိဒါရော အာကာ"

"မရောက်သေးပါဘူး GM"

"ဘာနိုင်းချင်လို့ပါလဲ GM. နန္ဒီရှိနေတာပဲ၊ ပြောပါ"

"ရတယ်၊ နိုင်းဖို့မဟုတ်ဘူး၊ သူနဲ့ပြောဖို့ရှိတာ"

"ရောက်ရင် လွှတ်လိုက်ပါ့မယ် GM"



www.burmeseclassic.com

www.burmeseclassic.com



မရောက်သေးဘူးတဲ့။ အလုပ်ချိန်စောနေသေးတာပြီ ပေမယ့် စိတ်က လောနေမိတာလေ။ ဘယ်တွေဝင်နေတာလဲ ဘာတွေပြောပြီး အကြည့်ဆိုက်နေလို့ အလုပ်ကိုစောစောမရောက် ရတာလဲ မိဒါ။

"ဟော! အတော်ပဲ မိဒါ၊ နင့်ကို GM ကရောက်တာနဲ့ ရုံးခန်းထဲလာပါတဲ့"

"ဘာဖြစ်လို့လဲ၊ ကျွန်မနောက်မကျပါဘူး နန္ဒီရဲ့"

"ဒါတော့ I လည်းမသိ၊ လွှတ်လိုက်ပါလို့မှာထားတယ် ပြောလို့ပါနော်"

"မြန်မြန်သွားလိုက်ပါ သဒ္ဒါရေ၊ Weather ကတော့ No good sign မှာ ပြနေတယ်။ သတိထားပေတော့"

ကိုအာကာသတိပေးတာကို ခေါင်းညိတ်ပြကာ လွယ် လာသည့်အိတ်ကို အံဆွဲထဲပင် မထည့်ဖြစ်ဘဲ ခုံပေါ်ပင်တင်ထား လိုက်ပြီး သူ့ရုံးခန်းဆီလျှောက်ခဲ့ရပါ၏။ တံခါးခေါက်ရန်ပြင်လိုက် စဉ်မှာပင် တံခါးက ချပ်ခနဲပွင့်သွားရပါသည်။ ဘယ်လိုကြီးလဲ၊ သူမရောက်လာတာကို သူသိနေပါရောလား။

"ဘာပြောစရာရှိလို့လဲ"

"အများကြီးရှိနေတာပေါ့ကွ"





"အားပါး! စောစောစီးစီး ဒေါခီးတဲ့အသံကြီးနဲ့ပါလား။ အိမ်မှာ ဘယ်သူနဲ့ဘာဖြစ်လာပြန်တာလဲ"

"ဘယ်သူနဲ့မှ ဘာမှဖြစ်မလာဘူး။ နင့်ကြောင့်ပဲ မိဒါ"

"ဘယ်လို"

သူက သူမလက်မောင်းကို ဆွဲခေါ်လိုက်ပြီး မှန်ချပ်အနီး ကိုခေါ်လိုက်လေ၏။ ကြည့်စမ်း! ဒီနေ့မှ သူမမျက်နှာထက်မှာ မသိမသာခြယ်သမှုတွေ ရှိနေတာလေ။ ခါတိုင်းလို သနပ်ခါးနဲ့ သင်းသင်းလေးမွှေးတဲ့ မိဒါတစ်ယောက် ဘာတွေဖြစ်ကုန်ပြီလဲ။

"လာဦး"

"ဘာလဲဟာ"

"နင်နဲ့အဲဒီကောင်က ဘာလဲ မိဒါ"

"ကျစ်! အစမရှိအဆုံးမရှိ ပြောပြန်ပြီ"

"ဒီမနက် နင်တို့သားအဖကို ကားနဲ့လာကြိုတဲ့ကောင် လေ မိဒါရဲ့"

"နင်မရိုင်းနဲ့နော် သူ့ရဲ ကိုကျော်စွာက နင့်ထက်အသက် ကြီးတဲ့လူကြီးလေ"

"ရိုင်းရိုင်းကွာ၊ နင့်ကို ငါသတိပေးထားရဲ့သားနဲ့ ဒါက ဘာအချိုးလဲ. . . ပြော"



www.burmeseclassic.com

www.burmeseclassic.com



ခက်လိုက်တာနော်၊ ဒီလောက်အပြတ်ပြောထားပါလျက်နဲ့ ဒီအခြေအနေကိုပဲ ရောက်ပြန်တာလေ။ နှင့်အပေါ် ငါဘယ်လိုနားလည်ပေးရမလဲသူရရယ်။ ဘယ်လိုပဲ အကျိုးသင့်အကြောင်းသင့် နားချပေးခဲ့ပေမယ့် ဘယ်လိုမှနားမလည်ပါလားနော်။

"ကိုကျော်စွာလား"

"အေး"

"ငါ့ချစ်သူလေ"

"မိဒါ"

"ဘာဖြစ်လဲ"

"နှင်နဲ့သူ့ကို ငါ. . ."

"နှင်နဲ့ဘာဆိုင်လို့လဲ၊ ငါချစ်တဲ့သူကို နှင့်ရန်သူလို့လိုက်မရှုပ်ပါနဲ့ သူရရဲ့"

"အဲဒီကောင် ဘယ်တုန်းက ဖွင့်ပြောခဲ့တာလဲ"

"နှင်သိစရာမလိုပါဘူး"

"မသိလို့ရမလားကွ၊ ငါ့ကိုစွကျ နှင့်ကိုပွင့်ပွင့်လင်းလင်းပြောခဲ့ပါလျက်နဲ့ ဒီလောက်အချိန်တိုလေးနဲ့ သူ့ကိုနှင်ပြန်ကြိုက်တာ လုံးဝမဖြစ်နိုင်ဘူး"

"ကြိုက်တာမဟုတ်ဘူး. . . ချစ်တာ သူရရဲ့။ ရင်ထဲကလိုက်လိုက်လှဲလှဲနဲ့ ချစ်လွန်းလို့ ခေါင်းညိတ်အဖြေပေးလိုက်တာ"

"မိဒါ"

"ဒါက ဘယ်လိုဖြစ်နေတာလဲ"

တံခါးပွင့်သွားပြီး အပေါက်ဝမှာရပ်နေသည့်မိန်းကလေးကြောင့် သူက သူမလက်မောင်းနှစ်ဖက်ကိုကိုင်ပြီး လှုပ်နေစဉ် နှစ်ယောက်စလုံး အံ့ဩသွားကြတာပါလေ။







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"နွေ. . ."

"ယူတို့နှစ်ယောက်က ဘာလဲ"

"မဟုတ်ဘူး နွေ"

"မဟုတ်ဘူးလား။ တို့ယုံအောင် ဖြေစမ်းပါ ယူရဲ့။ ဒီလို ဒီလိုတွေ ရှုန်းရင်းဆန်ခတ်ဖြစ်တဲ့အထိ တရင်းတနှီးရှိနေတာကို မျက်မြင်တွေ့နေတာတောင်မှ ဘူးခံနေတာပါလား"

သေစမ်း! ဒီလိုမြင်ကွင်းမျိုးနဲ့မှ လာကြုံရတယ်လို့။ လာမယ်လို့လည်း Message မပို့၊ Phone ကြိုတင်မဆက်ပါဘဲ ဘယ်လိုဖြစ်ပြီး ဒီကုမ္ပဏီရုံးခန်းကိုရောက်လာတာပါလိမ့်။ တကယ်ဆို နန္ဒီနဲ့အာကာက သူ့ကို Intercon ကတစ်ဆင့် ညွှန်သည်ရောက်ကြောင်း သတင်းပို့ရမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် သူနဲ့မိဒါ ပြဿနာရှင်းနေလို့ သတင်းပို့တာကို မကြားမိလို့များလား။ မိဒါက သူကိုင်ထားတာကို ရုန်းထွက်လိုက်လေ၏။ သူက လက်မောင်းကိုလွှတ်ပေးလိုက်ပေမယ့် လက်ကောက်ဝတ်နေရာကိုတော့ လှမ်းဆွဲထားလိုက်မိပါသည်။

"သူရ"

"မသွားနဲ့ဦး၊ ငါပြောစရာရှိသေးတယ်။ နေဦး"

"ကျစ်! နင်ကလည်းဟာ"

"ဒီမယ် ယူ၊ တို့တစ်ယောက်လုံး ရောက်လာတာတောင်မှ ဒီမိန်းမက ယူ့အတွက် တော်တော်များ အရေးပါနေလို့လား"

"ဒီမှာနွေ၊ ဒါ ကိုယ့်ရဲ့ရုံးခန်းပါ"

'ဟုတ်လား၊ သိပါဘူး။ တို့က ယူတို့နှစ်ယောက်အကြည်ဆိုက်နေတဲ့ပန်းခြံလို့ပဲ ထင်နေတာ"

"ကြည့်စမ်း! နင်တော်တော်ရိုင်းလှချည်လား"

"တို့နွတ်က ရဲကောင်းရဲနိုင်ပါတယ်၊ ဒါပေမဲ့ လက်ကတော့ မရဲဘူးရှင့်"

နွေက မိဒါပြောတာကို ဂရုမစိုက်သလိုဖြင့် ပခုံးတွန့်ပြလိုက်လေ၏။ ပြဿနာပါပဲလားနော်။ သူလုပ်ပုံနဲ့ မိဒါကတော့ သိက္ခာတွေ ကျကုန်ပြီလေ။





"ကိုယ်ရှင်းပြပါ့မယ် နွေ၊ အထင်မလွဲပါနဲ့"

"ယူစကားသုံးတာ မှားနေပြီ၊ တို့က အထင်နဲ့ပြောနေတာမဟုတ်ဘူး။ အမြင်နဲ့ပြောနေတာပါ"

"နင့်လူကို နင်ကြည့်ရှင်းပါ သူရ၊ သူမဟုတ်မဟပ် စွပ်စွဲသမျှ ငါငြိမ်မခံနိုင်ဘူး"

"အေးပါ မိဒါရာ"

"ငါ့အလုပ်တွေရှိတယ်၊ ဖယ်ပေး။ ငါသွားတော့မယ်"

"ငါပြောလို့မပြီးသေးဘူးလေကွာ"

"မကြားချင်ဘူး"

"မကြားချင်လို့တယ်ရမလဲကွ၊ ဒါ နင်လုပ်ထားတဲ့အပြစ်ကြောင့်ပဲဟာ"

"ဘာပြောတယ်"

နွေက သူ့စားပွဲရှေ့ရှိခုံမှာ စိတ်ပျက်စွာ ထိုင်လိုက်လေ၏၊ ရည်းစားပူပူနွေးနွေးကို ရှေ့မှာခေါက်ထားပြီး မိဒါနဲ့သူ စကားများနေတာလေ။

"ပွဲကကြည့်မကောင်းလိုက်တာ ယူရယ်"

"ဒါ နင့်ကိစ္စမဟုတ်ပါဘူး"

"တို့ကိစ္စမဟုတ်ပေမယ့် ယူက တို့ချစ်သူကိုအတင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



နော်။ ယူက တကယ့်လူလိမ်ပဲ''

''ဘာကွ!''

ဒေါသစိတ်ကြောင့် တစ်ကိုယ်လုံး ဖျဉ်းခနဲပူသွားရလေ၏။ ဒါချစ်သူကိုစွပ်စွဲတဲ့အသုံးအနှုန်းတဲ့လား။ ချစ်သူဖြစ်တဲ့ကာလက အခိုက်အတန့်လေးပဲရှိစဉ်မှာ ဒီလိုရင့်ရင့်သီးသီးသုံးရတယ်လို့။

''ကိုယ်က. . . ကိုယ်က ဘာကိုမျှား''

''တို့ကို ယူလိမ်တာလေ''

''ကိုယ် ဘာလိမ်လို့လဲ''

''တို့ဆီကအချစ်ကို လိမ်ညာယူတာမဟုတ်ရင် ဘာလဲ ယူရဲ့''

''မှားနေပြီ နွေ့ လုံးဝမှားနေပြီ''

''မမှားဘူး ယူ၊ တို့မမှားဘူး။ မှားတယ်ဆိုရင်တောင်မှ ယူ့ကိုအချိန်တိုတိုလေးနဲ့ အဖြေပြန်ပေးလိုက်မိတာပဲရှိတယ်''

''ကိုယ် မင်းကိုတကယ်ချစ်တာပါနွေ့။ ယုံပါ''

''ဒါဖြင့် ခုနမိန်းကလေးကရော''

''ကိုယ်ပြောပြီးပြီလေ၊ သူငယ်ချင်းပါလို့''

''ဒါဖြင့် အဲဒီသူငယ်ချင်းနဲ့တို့ကို ယူ ဘယ်သူ့ကိုရွေး





မလဲ. . . ပြော''

သူအသံတိတ်သွားရပါ၏။ ဘယ်လိုဖြစ်ပြီး မိဒါနဲ့ယှဉ်ရွေးချင်နေရတာပါလိမ့်။ ခေါင်းတွေမူးနောက်လာရသည်အထိ ဦးနှောက်ပူလာရတာလေ။

''မင်းက ကိုယ့်နှလုံးသားပါနွေ့''

''ဟင်းဟင်း. . . ကောင်းပြီလေ၊ တို့ကို ယူတကယ်နှစ်နှစ်ကာကာချစ်ရိုးမှန်ရင် ယူ့သူငယ်ချင်းကို အဆက်ဖြတ်ပါ။ သူနဲ့ဝေးဝေးနေပါ''

''ဒါတော့ဘယ်ဖြစ်ပါ့မလဲ၊ မိဒါက ကိုယ့်ဝန်ထမ်း နွေ့ရဲ့''

''အဲဒါဆိုလည်း အလုပ်ထုတ်လိုက်ပေါ့ ယူရဲ့။ လွယ်လွယ်လေးပဲဟာ။ ဘာများခက်လို့လဲ''

ကြည့်စမ်း! ပြောတော့လွယ်လိုက်တာ။ ဝေးဝေးနေတဲ့ဦးချင်းကပ်လျက်ရှိနေသူတွေကို ဒီလိုစည်းလာခြားလို့ ဘယ်ရပါ့မလဲ။ အဆက်ဖြတ်တဲ့။ နှုတ်ဖျားက ပေါ့ပေါ့တန်တန်ပြောထွက်ရဲလိုက်တာ။ ဒီမှာ ခံရတဲ့လူက တနင့်တပိုးကြီးပါပဲ။

မြင်နေရပြီး မခေါ်မပြောသာ နေရရင် သူဘယ်လိုမှနေနိုင်မည်မထင်။ တစ်ရက်လောက် မလာရင် မေမေကအစ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်နိုင်းတာ။ ပိတ်ရက်လေးမှာတောင် မိဒါကိုမတွေ့ရရင် သူ တစ်နေ့လုံး နေမထိထိုင်မသာဖြစ်ရတာ သူ့ကိုယ်သူ အသိဆုံးပါ မဟုတ်ပါလား။

မင်းတောင်းဆိုနေတာက ကိုယ့်အတွက် ခက်ခဲလွန်းလှ ပါတယ် နွေသံစဉ်။

"ယူမလုပ်နိုင်ဘူး မဟုတ်လား"

"ကိုယ်"

"ယူက တို့ကိုညာရုံတင်မကဘူး။ ယူ့ကိုယ်ယူလည်း ညာနေတာပဲ မြတ်သူရကို"

"မဟုတ်ဘူး"

"ဟုတ်တယ်၊ တို့သိလို့ပြောနေတာ"

"ကိုယ်က ဘာဖြစ်နေလို့လဲ၊ ပြောပါဦး"

"ယူ့သူငယ်ချင်းကို ယူချစ်နေတာလေ"

"ဘာ!"

သူ့ရှေ့မှာ လက်ပိုက်ရပ်နေသည့်သူမကို မမြင်ဖူးသလို နယ် အကြောင်သား ငေးကြည့်နေမိလေ၏။ သူက. . . သူက မိဒါကိုချစ်နေတာတဲ့။ မဖြစ်နိုင်တာ။ လုံးဝမဖြစ်နိုင်တာကြီး။ ဒီ လောက် တစ်နေ့တစ်နေ့ ရှာကြံစကားများနေတဲ့ကောင်မလေး





ကို သူချစ်နေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ ငါတော့ ရူးချင်ချင် ဖြစ်လာပြီ မိဒါ။

"ဘယ်လိုလဲ၊ ဘာမှပြန်မချေပနိုင်တော့ဘူးမဟုတ်လား။ ယူက အတော့်ကိုလောဘကြီးတဲ့ယောက်ျားပါလား မြတ်သူရကို။ ဘေးမှာရှိနေတဲ့သူကိုလည်း မလွှတ်ချင်သလို. . . တို့ကိုလည်း အလွှတ်မပေးချင်တာ ဘာသဘောလဲ"

"မဟုတ်ဘူး နွေ. . . ကိုယ်"

"ရှော့!"

"ဖြန်း!. . ."

"အဲဒါ ငါးရုံ့နှစ်ကောင်ဖမ်းချင်တဲ့၊ လှေနံနှစ်ဖက်နင်း ချင်တဲ့အတွက် ဆုချပေးတာပဲ။ နောက်ကို တို့ဆီ ဘာအဆက် အသွယ်မှမလုပ်ပါနဲ့တော့ မြတ်သူရကို။ ဤတွင် နိဂုံးချုပ်တော့ပါပဲ"

ဘယ်ဘက်ပါးပြင် စပ်ဖျဉ်းဖျဉ်းဖြစ်သွားတာကို ပွတ်သပ် ရင်း ကျန်ရစ်ခဲ့ရလေ၏။ ဘာတွေဘယ်လိုဖြစ်ကုန်မှန်း သူမသိ တော့ပါလေ။

စဉ်းစားကြည့်ပါဦး။ ပူပူနွေးနွေးရည်းစားက သူ့အတွက် အမှတ်တရလက်ဆောင် ချိုးမြှင့်ပေးသွားတာလေ။

ဘုရားရေ! တကယ်ပဲဖြစ်နေသလား။ မိဒါကို သူချစ်နေ



www.burmeseclassic.com

www.burmeseclassic.com



မှန်း သူ့ကိုယ်သူတောင်မှ မသိတာလေ။ မကြာခဏလည်း ထိ
တွေ့မှုရှိခဲ့တာပဲဟာ၊ ဒီလိုထူးထွေဆန်းပြားတဲ့ခံစားချက်မျိုး တစ်
ကြိမ်မှဖြစ်ခဲ့ဖူးတာမှမဟုတ်ဘဲ။

မဖြစ်နိုင်တာ. . . လုံးဝမဖြစ်နိုင်တာကြီး။

ရုံးခန်းတံခါးကိုဖွင့်၍ ထွက်လိုက်မိ၏။ အတွင်းရေး
ကောင်တာနောက်မှာ အလုပ်ရှုပ်နေသည့်သူမကို ခပ်လှမ်းလှမ်း
ကနေ အငေးသားကြည့်နေမိလေသည်။ နန္ဒီနှင့်ခေါင်းချင်းဆိုင်
လိုက်၊ အာကာပြောတာကို ခေါင်းညိတ်လိုက်ဖြင့် File တွဲတွေ
တစ်ပုံကြီးနှင့် အလုပ်ရှုပ်နေပုံက မမောသည့်နှယ်။

အသားက အနည်းငယ်ညိုချင်သလိုမို့ 'ကျီးကန်းမ' ဟု
သူကျီစယ်ခေါ်ခဲ့ဖူးတဲ့မိန်းကလေး။ သူဝတ်နေကျရှပ်အဖြူတွေကို
ကိုယ်တိုင်လက်နဲ့လျှော် မဲနယ်ဆိုးပြီး မီးပူတိုက်ပေးနေကျကောင်
မလေး။ သူစားချင်တာကို မညည်းမညူချက်ကျွေးလေ့ရှိတဲ့ ချ
ငယ်ချင်းမလေး။

သူ့ဗိုလ်ကျသမျှ သည်းခံ ခွင့်လွှတ်ပေးလေ့ရှိတဲ့မိဒါလေး
ပါလေ။ အဲဒီလိုကောင်မလေးကို သူ့အဆက်ဖြတ်ရရင် ဘယ်လို
အောင်နိုင်ပါ့မလဲ။

ရုတ်တရက် စာရွက်လွင့်ကျသွားတာကို လှမ်းဖမ်းလိုက်





ရင်း အာကာနှင့်မိဒါ နဖူးချင်းတိုက်လေတော့ သူမျက်မှောင်ကြုတ်
သွားရလေ၏။ နှစ်ဦးသား ပြုံးနေလိုက်တာများနော်။

ကြည့်ကြည့်နူးနူးလေး ပြုံးလိုက်သည့်အပြုံးက လျှပ်စစ်
မီးရောင်အောက်မှာ ပိုတောက်ပနေသည့်နှယ်ရယ်ပါ။ ဒီမိန်းကလေး
ကို သူ့အနီးကပ်ရှိနေပါလျက် သူမအလှကို သူမမြင်ခဲ့ရတာပါ
လိမ့်။ ဘယ်လိုဖြစ်ပြီး မျက်စိမှောက်နေခဲ့တာပါလဲနော်။

ခေါင်းညိတ်လိုက်ပြီတဲ့။ မနက်ကမဲ ဝန့်ခံသွားတဲ့အဖြစ်
ကို သူသတိရသွားမိစဉ် ရင်ထဲမှာ ပူလောင်သွားရတာလေ။ ဘယ်
လိုလုပ်ရမလဲ။ သူတော့ ရည်းစားပြတ်တာနဲ့ သူမတို့စုံတွဲကို မရ
မက လိုက်ခွဲတဲ့ဗီလိန်နေရာက သရုပ်ဆောင်ရဦးမှာပဲထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"ဘယ်လိုဖြစ်နေတာလဲ၊ ထိုင်ရင်လည်းထိုင်တာမဟုတ်ဘူး။ မျက်စိနောက်နေပြီ မြတ်သူရကို"

"ခုထိပြန်မလာသေးဘူး ဖေဖေရဲ့"

"ဘယ်သူပြန်မလာသေးတာလဲ"

"မိဒါတို့သားအဖလေ၊ အိမ်မှာ ခုထိမီးမလင်းသေးဘူး"

"မောင်ကျော်စွာခေါ်လာမှာမဟုတ်လား သားရယ်၊ ဘာပူစရာလိုလို့လဲ။ အချိန်တန်ပြန်ရောက်မှာပေါ့။ ဒီမှာ ကော်ဖီလာသောက်ချေ"

ညစာစားပြီးပြီမို့ မေမေက ကော်ဖီလင်ဗန်းနှင့်ထွက်လာရင်း ပြောတာကို အာရုံမထားနိုင်ဘဲ တိုက်ဘောပြတင်းပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာကို ဆွဲဖွင့်ကြည့်လိုက်မိပြန်၏။ အခုတစ်ခါနဲ့ပါဆို သူ ကြည့်နေတာ ဆယ်ကြိမ်မကတော့ပြီ။

"မြတ်သူရကို"

"ဗျာ"

"မီးခဲဖင်ခုထိုင်သလို ဖြစ်နေပြီလား"

ဘာတွေမေးနေပြန်လဲမသိပါဘူး။ ဆံပင်တွေကို ထိုးဖွ လျက် ခေါင်းကိုကုတ်မိပြန်ပါ၏။ စိတ်တွေရှုပ်ပါတယ်ဆိုမှ ဖေဖေ က တစ်မှောင့်လေ။

"သားရေ့ ဖေဖေခေါ်နေတာ ကြားရဲ့လား"

"လာပြီ မေမေရာ"

"မကြူ"

"ရှင်. . . မမကြီး"

"ပြတင်းပေါက်တွေပိတ်တော့၊ ညမှောင်ရင် ခြင်တွေ ဝင်လာလိမ့်မယ်"

"အဲဒီပြတင်းပေါက် မပိတ်နဲ့ဦး"

"ဟဲ့! ဩော်. . . ဒီကလေးနဲ့တော့ ခက်တာပဲ၊ မှန်တံခါး ပိတ်တာပဲသွားရယ်။ မြင်ရပါတယ်ကွယ့်"

ညစ်ခန်းဆက်တီမှာ လာထိုင်လိုက်ရ၏။ ညစာလည်း





ဟုတ်တိပတ်တိမစားဖြစ်။ ရုံးဆင်းတာနဲ့ အောက်မှာ ကားအဆင် သင့်ရပ်စောင့်နေသည့် ကျော်စွာမိုးမြင့်ရဲ့ကားပေါ်ကို မရွှေချော က အပြုံးတစ်ပိသာလောက်နဲ့ ပါသွားတာလေ။ ခုထိပြန်မရောက် မှတော့ စိတ်မပူဘဲရှိမလား။

"သောက်လေ သားရဲ့၊ မေမေ ခါးခါးလေးဖျော်ပေး ထားတာ"

"မသောက်ချင်ပါဘူး"

"ဒါဖြင့် ခေါက်ဆွဲဖြစ်ဖြစ် ပြုတ်ပေးရမလား။ ထမင်း လည်းဟုတ်တိပတ်တိ မစားထားတော့ ညကျဆာမှာ သားရဲ့"

"မစားချင်ပါဘူးမေမေရာ"

"သားဘာဖြစ်နေတာလဲ"

"ဟင့်အင်း"

"မင်းကောင်မလေးနဲ့ရော တွေ့ဖြစ်သေးလား။ ဟော့ ကောင်! ငါမေးနေတယ်ကွ"

"ဟင်! ဘာလဲဖေဖေ"

"နွေသံစဥ်နဲ့ တွေ့ဖြစ်ရဲ့လားလို့"

"ကျွန်တော်ဖြတ်လိုက်ပြီ"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့! ရည်းစားဖြစ်တာမှ သုံးလေးလရှိသေးတာ၊ ဘယ်လိုဖြစ်တာတုန်း"

"ဒီလိုပဲ စကားများပြီး ပြတ်သွားတာပဲ"

"ပေါ့ပျက်ပျက်နိုင်လိုက်တာ သားရာ၊ ဘာအကြောင်းနဲ့ ဖြစ်ကုန်တာလဲ"

"မိဒါကြောင့်"

"ဘာ"

"မိဒါကို ၂ ဝင်လွန်းတာနဲ့ ကျွန်တော်သည်းမခံနိုင်လို့ ဖြတ်လိုက်တာပါ ဖေဖေ"

ဦးမြတ်ကိုနှင့် ဒေါ်သီတာမေတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။ သားတစ်ယောက်ကတော့ ပြဿနာရှာလာရင် သမီးမိဒါကို ရမ်းချင်နေတာမျိုးလား။ အခုလည်း ထိုင်မရထမရ လမ်းလျှောက်ဗျာများနေပြီး ဟိုဘက်အိမ်က ပြန်လာကြတာကို စောင့်နေပုံလေ။

"မင်း သမီးကိုပြဿနာရှာမလို့တော့ မဟုတ်ပါဘူးနော်"

"အာ. . . မဟုတ်ပါဘူးဖေဖေရ"

"မပြောနိုင်ဘူးလေ၊ သားက မေမေတို့နဲ့စိတ်ကောက်ရင်လည်း တဆိတ်ရှိ သမီးကိုသွားသွားရန်ရှာတတ်လို့လေ"





"မရှာပါဘူးမေမေရယ်၊ အခုဖြစ်သွားတာကလည်း မိဒါကို အလုပ်ဖြုတ်၊ အဆက်အသွယ်မလုပ်ရဘူး။ ဝေးဝေးနေနိုင်းတာနဲ့ ဖြစ်ကုန်တာပါ။ ဒီလိုတောင်းဆိုတာကတော့ Foul လွန်းပါတယ်"

"နွေသံစဉ်က တောင်းဆိုတာ"

"ဟုတ်ကဲ့"

"အဲဒီကိစ္စ သမီးသိရဲ့လား"

"ဟင့်အင်း"

"ဒါနဲ့ပဲ မင်းပြောတော့မှာမဟုတ်လား သားရဲ့၊ နိုင်ရာလုမဲ့တာ မင်းအကျင့်လေ"

"ဖေဖေကလည်းဗျာ၊ ဖေဖေပြောမှပဲ ကျွန်တော်က လူဆိုးကြီးဖြစ်နေပါပြီ"

'ဖေဖေက အမှန်တွေပြောနေတာပါကွ"

အမှန်တွေတဲ့။ ဟုတ်သားပဲ။ သူမကြာခဏနိုင်စားထားခဲ့သမျှ ရှေ့ဆက်ပြီး မိဒါသည်းခံနိုင်ပါဦးမလား။ ခပ်ဆိုးဆိုးကောင်လေးကို ငဲ့ကြည့်ချင်ပါ့မလား မိဒါ။ ငါဆိုးမှန်း နင်သိနေပေမယ့် ငါ့နှလုံးသားကိုတော့ မရှုံးပါရစေနဲ့နော်။

"သား. . . သူရ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"မင်း, သမီးကိုများ စိတ်ဝင်စားနေပြီလား"

သူတောင့်တောင့်ကြီးရပ်နေမိစဉ် တစ်ဖက်ခြံရှေ့မှာ ကားရပ်သွားတာကို လှမ်းမြင်လိုက်ရပါ၏။ ပြန်လာကြပြီပဲ။ သူဘာလုပ်ရမှာပါလိမ့်။

"ဖေဖေမေးတာ ဖြေလေ"

"ကျွန်တော်. . . ကျွန်တော် ဘယ်လိုပြောမှ သူယုံမှာလဲ ဖေဖေ"

"ကောင်းကွာ၊ ဟိုက တခြားတစ်ယောက်ကိုရွေးပြီဆိုမှ ထဖောက်ရလား မြတ်သူရကိုရဲ့၊ လုပ်လိုက်ရင် အရာရာနဲ့အကြောင်းကြောင်းချည်းပဲ"

"မသိတော့ဘူးဗျာ၊ ကျွန်တော်. . . ကျွန်တော် နောက်ကျသွားပြီထင်ပါရဲ့မေမေရယ်။ လုပ်ပါဦး"

မေမေ့ပေါင်ထက်မှာ မျက်နှာအပ်ရင်း သူညည်းမိစဉ် မျက်ရည်က စီးကျလေ၏။ ဖြစ်ရပြန်ချေပြီ။ မိဒါနဲ့ပတ်သက်လာရင် ယောကျ်ားတန်မဲ့မျက်ရည်ကျဖို့တောင် မရှက်နိုင်တော့ပါလား။

"မေမေတို့က အစကတည်းက သားနဲ့သမီးကို သဘောတူထားခဲ့တာ။ သားက နွေသံစဉ်ကိုရွေးခဲ့တာဆိုတော့ ဘာမှမပြော





ဆိုတော့ မေမေတို့ဘာမှမပြောဖြစ်တော့တာလေ"

"သူလည်း. . . သူလည်း ဟိုလူ့ကိုရွေးခဲ့တာပဲမေမေရဲ့"

"အရှုံးတိုက်တာဖြစ်မှာပေါ့သားရယ့် နောက်မကျသေးပါဘူး။ ချစ်သူထားတာနဲ့ လက်ထပ်တာက တခြားစီပဲဟာ"

"မေမေ"

"ပြန်ရောက်နေပြီလား"

"ဟုတ်"

"သွားချင်နေပြီမဟုတ်လား။ သွားလေ"

သူ ဝုန်းခနဲပြေးထွက်ခဲ့ပါ၏။ တရားတာတွေ မတရားတာတွေ ငါမသိတော့ဘူး မိဒါရေ။ ငါသိတာက နှင့်ကိုပိုင်ဆိုင်ချင်တာတစ်ခုတည်းပါလေ။

"မိဒါ"

"ဟဲ့! မှောင်နေမှ ဘာလုပ်ပြန်ပြီလဲ သူရရယ်"

ခြံတံခါးကိုပိတ်ရင်း သူမလှည့်ကြည့်လိုက်ပါ၏။ သူက လမ်းကျဉ်းလေးအလယ်မှာ ပိတ်ရပ်လျက် သူမကိုငေးကြည့်နေလေသည်။

"ဘာလဲ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



“ဟိုကောင့်ကို နင်ဖြတ်”

“ဘာဘာ. . . ဘာပြောလိုက်တယ်”

“ဗမာစကားလေ၊ နားမလည်ဘူးလား”

“နင်နော်၊ နင့်ဟာလေးနဲ့ဖြတ်တာနဲ့ ငါတို့ကို ပြဿနာ လိုက်မရှာချင်နဲ့. . . ငါနဲ့ကိုကျော်စွာက ဘာကိစ္စဖြတ်ရမှာလဲ။ အဓိပ္ပာယ်မရှိတာ”

“ငါလည်း နွေနဲ့ဖြတ်ပြီးပြီလေ၊ နင်လည်းဖြတ်ရမှာပေါ့။ မဖြတ်လို့ရမလား”

“မဖြတ်နိုင်ပါဘူး။ ချစ်သူထားတာ ကလေးကစားသလို လုပ်လို့ရမလားဟဲ့။ သူနဲ့လက်ထပ်ဖို့ကတိတောင် ငါပေးပြီးနေပြီ။ မဟုတ်တာလိုက်မချစ်ချင်နဲ့။ ပြန်တော့”

“အဲဒီကောင်နဲ့ နင်ယူစရာမလိုပါဘူး”

“အံမာ! နင်က ဘာမို့လို့ အဲဒီလိုပြောနေတာလဲ”

“နင့်ကို ငါယူမှာမို့လို့လေ”

“ဘာ! သူရနော်. . . နင်”

ဘုရားရေ! ‘နင့်ကိုငါယူမှာ’ တဲ့။ ဘာစကားကြီးလဲ။ လူကိုပိုင်စိုးပိုင်နင်းပြောချလိုက်တာများ တစ်တစ်ခွခွနဲ့ နားပူစရာပါလားနော်။





“တကယ်ပြောတာ”

“နင်နော်၊ ဒါ စ,စရာကိစ္စမဟုတ်ဘူး”

“စတာမှမဟုတ်တာ၊ အတည်ပြောနေတာပါ မိဒါရ”

“မရတော့ဘူး။ ငါ သူ့ကိုကတိပေးထားတာ ဖျက်လို့ မရတော့ဘူး။ လွန်ကုန်ပြီ သူရ”

“ဒါဆိုလည်း ငါနဲ့ခိုးရာလိုက်ခဲ့ပေါ့ဟာ။ နင့်ကို ငါခိုးပြီ လာ”

“ဟဲ့! သူရနော်”

“လိုက်ခဲ့တော့ မိဒါရ၊ ဖေဖေတို့က ငါနဲ့နင့်ကို အစောကြီးကတည်းက သဘောတူထားပြီးသားတဲ့”

“ဟယ်! နင်နော်၊ ငါတော့ မျက်နှာဘယ်နားဖွက်ရမလဲ တောင် မသိတော့ဘူး။ လျှောက်မလုပ်ချင်နဲ့ဟဲ့၊ ဒုက္ခပါပဲ”

“ဒုက္ခမဟုတ်ပါဘူး မိဒါရာ၊ သုခပါဟာ။ အချစ်ရဲ့သုခ လို့ခေါ်တာ. . . လာခဲ့”

သူမလက်မောင်းကို သူဆွဲခေါ်သွားတာက ခပ်ဝေးဝေး မဟုတ်။ တစ်ဖက်ခြံတင်ပါ။ သူ့ကိုထုနှက်ရင်း ရုန်းရင်းဖြင့် ပါသွားသည့်ကို ဒီအိမ်လေးပေါ်မှ ဖေဖေလှမ်းကြည့်နေသလို (ပိုက်ဆံအိတ်ကျန်ခဲ့၍ ပြန်လာယူသည်)ကိုကျော်စွာက ခြံဝမှငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသည်ကိုဖြင့် နှစ်ယောက်သား မမြင်ကြတာအမှန်ပါပဲ။

'**မောင်**' ...

နင်စိုက်ခဲ့တဲ့ဆူးဒဏ်ရာကို ချစ်ခြင်းရဲ့ဆေးအာနိသင်ကြောင့် ငါကံကောင်းနိုင်ကောင်းပါရဲ့။

နောက်ဆို တိတ်တိတ်လေး မငိုကြေးပေါ့နော်။

**ပြီးပါပြီ။**

BURMESE CLASSIC .com

လေးစားလျက်....

မမသဒ္ဒါဆောင်

3rd Nov: 2012

pm

['ကောင်လေး' '၂၀ရာစုအလွမ်းသီအိုရီ'နှင့် 'ချစ်ခြင်းရဲ့ကမ္ဘာ' တို့ကို ပေးပို့ခဲ့သည့် ပဲခူးတက္ကသိုလ်ဝင်း Five -Two Canteen မှ သမီး'မိုးသူ'အား ကျေးဇူးအထူးတင်ရှိပါသည်။]

www.burmeseclassic.com